
စိတ်ကူး

A NOVEL BY ROBIN COOK

# COMA




တစ်ဖန်ပြန်၍မနိုးသောဝေဒနာ

# နတ်နွယ်

တတိယအကြိမ်

mgyoe.com

mgyoe.com




NN0018
4,500.00 KS

mgyoe.com

mgyoe.com

တစ်ပန်ပြန့်ရှုမနိုးသောဝေဒနာ၊ နတ်နွယ်
အပြင်အဆင်-အမ်အက်စ်အိုု၊ စာမျက်နှာ ၄၅၆+ မျက်နှာ၊ ၁၃ စင်တီ× ၂၀ •၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဇန်နဝါရီလ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၄ ပညာရွှေတောင်စာအုပ်တိုက်၏ဒုတိယအကြိမ်မူ၊

ရောင်းဈေး ၄ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# တစ်ဖန်ပြန်၍ မနိုးသောဝေဒနာ

နတ်နွယ်
မြန်မာပြန်




တတိယအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# ဝတ္ထုနှင့် ဝတ္ထုရေးသူ

(က)

သည် ဝတ္ထုက ဆေးဝတ္ထုဖြစ်သည်။ ဆေးပညာကို အခြေခံသည်။ ဆေးလောကကို အခြေခံသည်။ ဇာတ်လမ်းဖြစ်ပွားရာဒေသသည် ဆေးရုံနှင့် ဆေးရုံပတ်ဝန်းကျင်။ ဇာတ်လမ်းထဲတွင် ပါဝင်ကြသူများသည် ဆရာဝန်များနှင့် ဆေးကျောင်းသူ၊ ကျောင်းသားများ။

ဝတ္ထု၏အမည်ကပင် ကိုမာ။

ဝေဒနာတစ်ခု၏အမည်။

ကိုမာ အဓိပ္ပာယ်က မြောမေ့ခြင်း။ ကာလရှည်ကြာစွာ သတိမေ့နေခြင်း။ ကိုမာဖြစ်ပွားသူတစ်ဦးသည် အထူးကျွမ်းကျင်သော သမားတော်ကြီးများ၏ အထူးကြိုးပမ်းကုသမှုဖြင့်သာ သတိပြန်လည်ရရှိနိုင်ပါသည်။

ကိုမာ ဖြစ်ပွားရခြင်း၏အကြောင်းရင်း အမြောက်အမြားရှိပါသည်။ ဦးခေါင်းတွင် ပြင်းထန်သောဒဏ်ရာရရှိ၍သော်လည်းကောင်း၊ လေသင်တုန်းဖြတ်၍သော်လည်းကောင်း၊ အဆိပ်ဖြစ်၍သော်လည်းကောင်း၊ အရက်အလွန်အကျွံသောက်၍သော်လည်းကောင်း၊ မူးယစ်ဆေးဝါးသုံးစွဲ၍သော်လည်းကောင်း၊ ဦးနှောက်ဖုရောင်နာ ဖြစ်၍သော်လည်းကောင်း။

သည်ဝတ္ထုတွင် ...

mgyoe.com

mgyoe.com

အမေရိကန်ပြည် ဘော့စတန်မြို့ရှိ အထိမ်းအမှတ် ဆေးရုံကြီးသို့ ဆေးပညာသင်တန်းများ လက်တွေ့သင်ကြားရန်ရောက်ရှိလာသော တတိယ နှစ်ဆေးကျောင်းသူကလေး ဆူဆန်ဝှီးလားသည် ရုတ်တရက် သေဆုံးသွားသူ နှစ်ဦးနှင့်ပတ်သက်ပြီး စိတ်ထဲတွင် ဘဝင်မကျမှုများဖြစ်ပေါ်လာသဖြင့် စူးစမ်းခြင်း၊လေ့လာခြင်း၊ မေးမြန်းခြင်းနှင့် ထောက်လှမ်းခြင်းများ ပြုလုပ်သော အခါ...။

ဆေးပညာ၏ ခက်ခဲနက်နဲမှုများကိုသိရှိရသည်။ ကိုမာရောဂါ၏ အရင်းအမြစ်များကို နားလည်ရသည်။

ထိုမျှမက ကိုမာကို ဖွေရှာရင်း ထူးဆန်းသော၊ ချောက်ချားဖွယ်သော၊ အံ့သြဖွယ်သော ဆေးပညာလောက၏မယုံကြည်နိုင်ဖွယ်ရာ၊ ကြောက်မက်ဖွယ်ရာ လျှို့ဝှက်မှုကြီးတစ်ခုကို အသည်းတထိတ်ထိတ် ရင်တလှပ်လှပ် တွေ့ကြုံရသည်။

ဆူဆန်ဝှီးလားသည် ကိုမာကို ဖွေရှာရင်း ဆေးရုံအာဏာပိုင်များ၏ ခြိမ်းခြောက်မှု၊ သမားတော်ကြီးများနှင့် အထူးကုဆရာဝန်ကြီးများ၏ ဟန့်တားဆန့်ကျင်မှု၊ အမည်မသိသော လူသတ်သမား၏လုပ်ကြံတိုက်ခိုက်မှု၊ နိုင်ငံတကာ လျှို့ဝှက်ဂိုဏ်းကြီးတစ်ခု၏ ရှင်းလင်းသုတ်သင်မှုတို့ကို တွေ့ကြုံရသည်။ ခုခံတွန်းလှန်ရသည်။ မိမိအသက်ဘေးမှ လွတ်မြောက်အောင် ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစားဆောင်ရွက်ရသည်။

ဆေးပညာနှင့်ဆေးလောက၏ အရှုပ်အထွေးများ၊ လျှို့ဝှက်ဆန်းကြယ်မှုများ၊ အံ့မခန်းဖွယ်ရာများ။

(ခ)

ကိုမာသည် အရောင်းရတွင်ကျယ်သော စာအုပ်များစာရင်းဝင်ဖြစ်သည်။ စောင်ရေများစွာ ရိုက်နှိပ်ရသည်။ အကြိမ်များစွာ ရိုက်နှိပ်ရသည်။ နိုင်ငံတကာ စာနယ်ဇင်းကြီးများက ချီးကျူးဝေဖန်ခဲ့ကြသည်။ အစမှ အဆုံးတိုင် ဆွဲဆောင်နိုင်စွမ်းရှိသော ဆေးဝတ္ထုတစ်ပုဒ်ဟု အသိအမှတ်ပြုကြသည်။ အဆင့်အတန်းမြင့်သော ဆေးပညာဝတ္ထုတစ်ပုဒ်ဖြစ်သလို အများကြိုက်သော ဆေးပညာလျှို့ဝှက်သည်းဖို ဝတ္ထုတစ်ပုဒ်လည်းဖြစ်ချေသည်။

mgyoe.com

mgyoe.com

ဤဝတ္ထုကို အင်မ်ဂျီအင်မ်မှ ရုပ်ရှင်ရိုက်ကူးသည်။ နာမည်ကျော် သရုပ်ဆောင်များပါဝင်သည်။ အထူးပင် အောင်မြင်ကျော်ကြားသည်။

ဝတ္ထုရေးသူရော်ဘင်ကွတ်သည် ဆရာဝန်တစ်ဦးဖြစ်သည်။ ဆေးပညာပါရဂူတစ်ဦးဖြစ်သည်။ ဟားဗတ်ဆေးတက္ကသိုလ်တွင် သင်တန်းဆရာတစ်ဦးဖြစ်သည်။

သူသည် သိပ္ပံဆောင်းပါးမြောက်မြားစွာကို ရေးသားပြုစုခဲ့သည်။ သူ၏ အခြားထင်ရှားသောဝတ္ထုများမှာ **အလုပ်သင်ဆရာဝန်ဘဝ၊ စဖင့်** *(မောင်ကိုဝင်း ဘာသာပြန်သော လရိပ်ကိုဖမ်း နေကိုလှမ်း၍)* **ဦးနှောက်နှင့် အဖျားတို့ဖြစ်သည်။**

အဖျားသည် သူ၏နောက်ဆုံးထုတ်စာအုပ်ဖြစ်ပြီး တိုင်းမဂ္ဂဇင်း အရောင်းရ အတွင်ကျယ်ဆုံး စာအုပ်စာရင်းတွင် ထိပ်ဆုံးမှ ပြေးလျက်ရှိသည်။

(ဂ)

ကိုမာသည် ဆေးဝတ္ထုတစ်ပုဒ်ဖြစ်သည့်အလျောက် နက်နဲခက်နဲသော ဆေးပညာရပ်များနှင့် ဆေးဝေါဟာရများ အမြောက်အမြားပါဝင်သည်။ သို့သော် မြန်မာစာဖတ်ပရိသတ်များ နားလည်ခံစားနိုင်စေရန်အတွက် ဘာသာပြန်သူက တတ်နိုင်သမျှ ရှင်းလင်းလွယ်ကူအောင် အားထုတ်ကြိုးပမ်းထားပါသည်။ တစ်စုံတစ်ရာ အဖုအထစ် အတိမ်းအစောင်းရှိပါက ဘာသာပြန်သူ၏ တာဝန်သာဖြစ်ပါသည်။

***တစ်ဖန်ပြန်၍ မနိုးသောဝေဒနာ*** ဟူသော ခေါင်းစဉ်သည် *ကိုမာဟူသော စကားလုံး၏ဝေါဟာရအနက်ကို ပြန်ဆိုခြင်းမဟုတ်ဘဲ ကိုမာဟူ သော ဝတ္ထု၏အဓိပ္ပာယ်ကို ခြုံငုံ၍ပြန်ဆိုထားခြင်းသာဖြစ်ပါသည်။*

ထပ်ဖြည့်ပြီးပြောရလျှင် ကိုမာသည် ကုသ၍မရနိုင်သော ဝေဒနာမဟုတ်ပါ။ မပျောက်ကင်းနိုင်သော ဝေဒနာမဟုတ်ပါ။ ကုသ၍ ရနိုင်ပါသည်။ ပျောက်ကင်းနိုင်ပါသည်။

ကျွန်ုပ်တို့၏ ဆေးပညာသည် အစဉ်တစိုက် တိုးတက်အောင်မြင်လျက် ရှိပါသည်။

mgyoe.com

mgyoe.com



တစ်ဖန်ပြန်၍ မနိုးသောဝေဒနာကို စန္ဒာမဂ္ဂဇင်းတွင် ၁၉၈၁ နှစ် ဇွန်လမှ အစပြု၍ ၁၉၈၂ ခု မေလအထိ အခန်းဆက် မြန်မာပြန်ဝတ္ထုရှည်အဖြစ် တစ်နှစ်တိတိဖော်ပြခဲ့ပါသည်။

သည်ဝတ္ထုကို ဘာသာပြန်ရန် တိုက်တွန်းအားပေးခဲ့သော ဝင်းဦး၊ အခန်းဆက်ဝတ္ထုရှည်အဖြစ် ဖော်ပြခဲ့သော စန္ဒာမဂ္ဂဇင်း၊ စန္ဒာမဂ္ဂဇင်းအဖွဲ့သားများ လုံးချင်းစာအုပ် ပြန်လည်ထုတ်ဝေသော ဘဝတက္ကသိုလ်စာပေနှင့် စိတ်ဝင်စားစွာ ဖတ်ရှုအားပေးကြသော မိတ်ဆွေများအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

စာဖတ်သူများကို အစဉ်လေးစားလျက်
နတ်နွယ်
*၄၈၃၊ နွယ်နီ ၃ လမ်း၊ (ဃ)ရပ်ကွက်၊*
*မြောက်ဥက္ကလာပ ရန်ကုန်မြို့။*

mgyoe.com

mgyoe.com

ပထမ၊ ၁၄၊ ဖေဖော်ဝါရီလ – ၁၉၇၆

နန်စီဂရင်းလေးသည် ခွဲစိတ်ခန်း အမှတ် ၈ ရှိ ခွဲစိတ်စားပွဲပေါ်တွင် ကျောခင်းလျက်ရှိသည်။ မျက်နှာကြက် မီးစလောင်းကြီးကို ငေးစိုက်ကြည့်ရင်း စိတ်တည်ငြိမ်ရန် ကြိုးစားနေသည်။ သူမကို ခွဲစိတ်ကုသခြင်းမပြုမီ လိုအပ်သော ထိုးဆေးများအားလုံးကို ထိုးပေးထားသည်။ အိပ်ပျော်စေရန်နှင့် စိတ်ပျော်ရွှင်စေရန်ဟုဆိုသည်။ သို့သော် တစ်ခုမျှ ဖြစ်မလာပါ။ နန်စီသည် ဆေးမထိုးမီကထက်ပင် ပိုပြီးချောက်ချားခြင်း၊ စိုးရိမ်ခြင်းဖြစ်နေသည်။ သူမ၏နှစ်ဆယ့်သုံးနှစ်သော သက်တမ်းအတွင်းတွင် တစ်ခါဖူးမျှ ဤမျှလောက် စိတ်အနှောင့်အယှက်ဖြစ်ခြင်း၊ စိတ်လှုပ်ရှားခြင်း မဖြစ်ခဲ့ပါ။

သူမကို ပိတ်ဖြူခင်းတစ်ထည် လွှမ်းထားသည်။ အနားတွေ ဖွာနေသည်။ ထောင့်စွန်းတစ်နေရာတွင် အပြဲကလေးတစ်ခုရှိသည်။ ယင်းကို သူမ သဘောမကျပါ။ ဘာကြောင့်မှန်း မသိပါ။ ပိတ်ဖြူခင်း၏ အောက်တွင်ကား ဆေးရုံအင်္ကျီရှည်ကြီးတစ်ထပ်တည်းသာရှိသည်။ လည်ကုပ်တွင် ကြိုးချည်ထားပြီး အောက်နားစသည် ပေါင်လယ်လောက်အထိသာရောက်သည်။ နောက်ကျောတစ်ခုလုံး ပွင့်နေသည်။ သည်အချိန်တွင် ဆေးရုံကို သူမ မုန်းလာသည်။ ကြောက်လာသည်။ တစ်အားကုန် ဟစ်အော်လိုက်ချင်သည်။ အခန်းထဲမှထွက်ပြေးချင်သည်။ သို့သော် မပြေးပါ။ ဆေးရုံကိုကြောက်

mgyoe.com

mgyoe.com


သည်ထက် မိမိကိုယ်မှ သွေးတွေဆင်းနေသည်ကို ပို၍ကြောက်ပါသည်။ ဤဖိစီးမှုနှစ်ခုစလုံးကြောင့် မိမိသေနိုင်သည်။ သို့သော် မိမိရင်ဆိုင်လိုသည်။

၁၉၇၆ ခု ဖေဖော်ဝါရီလ ၁၄ ရက်နေ့ နံနက် ၇ နာရီ ၁၁ မိနစ်အချိန်တွင် ဘော်စတန်မြို့၏အရှေ့ဘက် ကောင်းကင်ပြင်သည် မြေဖြူရောင်ဖွေးလျက်ရှိသည်။ မြို့အတွင်း၌ တစ်စီးနှင့်တစ်စီး ဆက်နေသောကားများ ရှေ့မီးများဖွင့်ပြီး မောင်းနှင်နေကြသည်။ ပြဒါးချိန်က သုံးဆယ့်ရှစ်ဒီဂရီဖြစ်သည်။ လမ်းသွားလမ်းလာများ ကိုယ့်လမ်းကိုယ် ခပ်သုတ်သုတ်လျှောက်သွားနေကြသည်။ စကားပြောသံများ မကြားရပါ။ စက်သံနှင့် လေသံတို့သာ ထွက်ပေါ်လျက်ရှိသည်။

ဘော်စတန်အထိမ်းအမှတ် ဆေးရုံတွင်ကား အခြေအနေတွေက တစ်မျိုးတခြားဖြစ်ပါသည်။ ခွဲစိတ်ဒေသတစ်ခုလုံး မီးများလင်းထိန်လျက်ရှိသည်။ ပျားပန်းခပ်လှုပ်ရှားမှုများနှင့် စိတ်အားတက်ကြွသော ပြောဆိုမှုများသည် ၇ နာရီခွဲတိတိတွင် ခွဲစိတ်ရမည်ဟူသော သတ်မှတ်ချက်ကို ယုံကြည်စိတ်ချစေပါသည်။ ၇ နာရီခွဲတိတိတွင် ခွဲစိတ်ရမည်ဟူသည့်အချက်မှာ ၇ နာရီခွဲတိတိတွင် အသားပေါ်တွင် ဓားတင်ရမည်ဟုဖြစ်ပါသည်။ လူနာကို ခေါ်ဆောင်လာခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ သန့်ရှင်းခြင်းနှင့် ထုံဆေး၊ မေ့ဆေးပေးခြင်းလုပ်ငန်းများအားလုံး ၇ နာရီမခွဲမီ ပြီးစီးကြရမည်ဖြစ်သည်။

ယင်းကြောင့်ပင် ၇ နာရီ ၁၁ မိနစ်အချိန်တွင် ခွဲစိတ်ဒေသတစ်ခုလုံး အရှိန်အဟုန်ကြီးမားစွာ လှုပ်ရှားလျက်ရှိသည်။ အခန်းအမှတ် ၈ အပါအဝင်ဖြစ်သည်။ အခန်းအမှတ် ၈ သည် ဘာမှထူးခြားခြင်းမရှိပါ။ ဤဆေးရုံရှိ ပုံမှန်ခွဲစိတ်ခန်းတစ်ခုပင်ဖြစ်သည်။ ၇ နာရီခွဲအချိန်တွင် အခန်းအမှတ် ၈ တွင် သားအိမ်ခြစ်ရန် ကိစ္စရှိသည်။ မီးယပ်ရောဂါဆိုင်ရာ လုပ်ရိုးလုပ်စဉ်တစ်ခုပင်ဖြစ်သည်။ လူနာက နန်စီဂရင်းလေး၊ မေ့ဆေးဆရာဝန်က ဒေါက်တာ ရောဘတ်ဘီးလင်း၊ အကူအညီဆရာမ နှစ်ယောက်က ရှသ်ဂျန်ကင်နှင့် ဂလိုရီယာဒီမေတို့၊ သားဖွားနှင့် မီးယပ်ဆရာဝန်က ဂျော့မေဂျာ။

နန်စီဂရင်းလေး သွေးလွန်နေသည်မှာ ဆယ့်တစ်ရက်ရှိသွားပြီဖြစ်သည်။ ပထမတွင်မူ ရက်အနည်းငယ်စောနေသော်လည်း လာရိုးလာစဉ်ပင်ဟု သူမ

mgyoe.com

mgyoe.com


မှတ်ထင်ခဲ့သည်။ ဓမ္မတာမလာမီ မအီမသာဖြစ်ခြင်း လုံးဝမရှိ။ သွေးစဆင်းသည့် မနက်က အနည်းငယ်တင်းကျပ်သလိုရှိသည်။ သည့်နောက်တွင်ကား နာကျင်ခြင်းမရှိသော အမှုကိစ္စတစ်ခုသာဖြစ်တော့သည်။ ညတိုင်းလိုပင် ဒီညတော့ ပြီးပြီဟု မှတ်ထင်ခဲ့သည်။ သို့သော် မပြီးပါ။ ထိုအခါ ဒေါက်တာမေဂျာ၏ဆရာမထံ ဖုန်းဆက်ရသည်။ ထို့နောက် ဒေါက်တာနှင့် စကားပြောရသည်။ သည်အခါ ထိတ်လန့်မှုများ တစ်စတစ်စကြီးထွားလာရတော့သည်။

သည်ကိစ္စက တကယ့်အချိန်ကြီးတွင်မှ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ တကယ့်အနှောင့်အယှက် အဟန့်အတားကြီးပင်ဖြစ်တော့သည်။ ကင်းဒီဗာရှူးကို မျှော်နေသည့်အချိန်ဖြစ်သည်။ သူမ၏ချစ်သူ ကင်းက ဥပဒေကျောင်းသားတစ်ဦးဖြစ်သည်။ ကျောင်းပိတ်ချိန်တွင် သူမထံသို့ လာရောက်မည်ဖြစ်သည်။ သည်အချိန်တွင် သူမနှင့်အတူနေ အခန်းဖော် ကီလင်တန်မှာ ရေခဲလျှောသွားစီးနေမည်ဖြစ်သည်။ ကဲ ... အခြေအနေက ဘယ်လောက်ကောင်းသလဲ။ အစစအရာရာ ဘယ်လောက်အဆင်ပြေထားသလဲ။ သွေးတွေဆင်းနေတာ တစ်ခုကလွဲလို့ပေါ့။ သည်ကိစ္စကို နန်စီ အမှတ်မထင် မနေနိုင်ပါ။ သူမက လှပကြော့ရှင်းသော မိန်းကလေးတစ်ယောက်ဖြစ်သည်။ အနေအထိုင် သပ်ရပ်သန့်ရှင်းသည်။ ဇီဇာကြောင်သည်ဟုပင် ပြောနိုင်သည်။ ခေါင်းမှာ ဖုန်နည်းနည်းတင်ပြီဆိုလျှင်ပင် မနေတတ်။ ယင်းကြောင့်ပင် အဆက်မပြတ်လာသလို ဓမ္မတာလာနေခြင်းကို သူမ သည်းမခံနိုင်ဘဲဖြစ်နေသည်။ နောက်ဆုံးတွင်တော့ စိုးရွံ့ကြောက်လန့်ခြင်း ဖြစ်လာတော့သည်။

ထိုနေ့က အဖြစ်ကို နန်စီ မှတ်မိသည်။ ခုတင်ပေါ်တွင် လဲလျောင်းပြီး ဂလုတ်နေ့စဉ်သတင်းစာ ခေါင်းကြီးပိုင်းကို ဖတ်နေသည်။ ကင်းက မီးဖိုထဲတွင် သောက်စရာဖန်တီးနေသည်။ သည်အချိန်မှာပင် သူမ၏ မိန်းမကိုယ်တွင် ထူးခြားသော ခံစားမှုတစ်ခုဖြစ်ပေါ်သည်။ ယခင်က သည်လိုမျိုး မခံစားခဲ့ဖူးဘူး။ နာကျင်ခြင်းလည်းမဟုတ်။ မအီမသာဖြစ်ခြင်းလည်းမဟုတ်။ နအိနွေးရှိန်းခြင်းမျိုးသာဖြစ်သည်။ သူမ၏စိတ်ထဲတွင် ဇဝေဇဝါ ဖြစ်သွားသည်။ ပြီးမှ အရည်တစ်ခု စီးကျသွားသည်ကို သတိပြုမိသည်။ သွေးဆင်းခြင်းပင်ဖြစ်သည်။ သွေးများစွာ သွန်ကျလာခြင်းဖြစ်သည်။ သို့သော် သူမက ကိုယ်ကို မလှုပ်ရှားဘဲ မီးဖိုဘက်သို့စောင်းငဲ့ကာ ...

mgyoe.com

mgyoe.com


“ကင်းရေ ကိုယ့်ကို တစ်ခုလုပ်ပေးစမ်းပါကွယ်။ ဆေးရုံကား ခေါ်ပေးစမ်းပါ”

“ဘာဖြစ်လို့လဲ”

ကင်းက ကမန်းကတန်းရောက်လာပြီးမေးသည်။

“သွေးတွေဆင်းနေတယ်။ ဒါပေမဲ့ ဘာမှစိုးရိမ်စရာမရှိပါဘူး၊ တစ်ခါတလေ သွေးအဆင်းများတတ်တာမျိုးပဲ ဖြစ်မှာပါ။ ဆေးရုံတော့ ချက်ချင်းသွားမှဖြစ်မယ်။ ဆေးရုံကားခေါ်ပါ”

နန့်စီ တည်ငြိမ်စွာ ပြောသည်။

ဆေးရုံကား ရောက်လာပုံက ချောက်ချောက်ချားချားကြီးမဟုတ်။ အချက်ပေးဥသြဆွဲမြည်ခြင်းမရှိ။ ဆေးရုံအရေးပေါ်အခန်းတွင် စောင့်နေရသည်ကတော့ နည်းနည်းကြာသည်ဟုထင်သည်။ ဒေါက်တာမေဂျာကို တွေ့ရသောအခါ နန့်စီ ဝမ်းသာသွားသည်။ မျက်ရည်များပင်လည်လာသည်။

အရေးပေါ်အခန်းတွင် ဓမ္မတာနှင့်ပတ်သက်ပြီး အစမ်းသပ်ခံရသည်ကတော့ အဆိုးဆုံးဟု နန့်စီထင်မိသည်။ ကန့်လန့်ကာက ပါးပါးကလေးဖြစ်သည်။ ခဏခဏ ပိတ်လိုက်ဖွင့်လိုက်ဖြစ်သည်။ သွေးတိုးနှုန်း မကြာခဏတိုင်းသည်။ သွေးထုတ်ယူသည်။ ဆေးရုံအဝတ်ကြီး လဲဝတ်ရသည်။ တစ်ခုခုလုပ်တိုင်း ကန့်လန့်ကာပွင့်သွားသည်။ မျက်နှာတွေ အများကြီးကို နန့်စီ မြင်တွေ့ရသည်။ ဆီးအိုးကလည်း လူမြင်ကွင်းတွင် အထင်းသားရှိနေသည်။ အိုးထဲမှာက နီညိုသောသွေးခဲများ။ ထိုအချိန်မှာပင် ဒေါက်တာမေဂျာက သူမကို စမ်းသပ်စစ်ဆေးသည်။ နန့်စီက မျက်လုံးများကို တင်းကျပ်စွာ ပိတ်ထားလိုက်ပါသည်။

သို့သော် ကိစ္စများအားလုံး ခဏကလေးအတွင်း ပြီးစီးသွားမည်ဖြစ်သည်။ “ခဏကလေးပါ”ဟု ဒေါက်တာမေဂျာက ပြောသည်။ သားအိမ်အတွင်းသားများအကြောင်းလည်း သူက အသေးစိတ်ပြောပြသည်။ ပုံမှန်ဓမ္မတာအချိန်တွင် အတွင်းသားများမည်သို့ပြောင်းလဲပုံ၊ အကယ်၍ မပြောင်းလဲပါကမည်သို့ဖြစ်နိုင်ပုံ၊ ထို့နောက် သွေးပြွန်ကြောများအကြောင်းနှင့် သားဥအိမ်အတွင်းမှ သားဥကြွေရန် အရေးကြီးပုံအကြောင်းတို့ကို ရှင်းပြသည်။ ယင်းတို့အတွက် လိုအပ်သောကုသမှုမှာ သားအိမ်ခြစ်ခြင်းပင်ဖြစ်

mgyoe.com

mgyee.com

သည်။ ထိုအခါ နန်စီက ဘာတစ်ခုမှ မေးမြန်းမနေတော့ဘဲ သားအိမ်ခြစ်ရန် သဘောတူလိုက်သည်။ တစ်ခုပဲ တောင်းပန်သည်။ သူမ၏မိဘများထံ အကြောင်းမကြားရန်ဖြစ်သည်။ ယင်းသို့မဟုတ်လျှင် မိခင်ဖြစ်သူက မိမိကလေးပျက်ကျသည်ဟု ယူဆပေလိမ့်မည်။

ယခုအခါတွင် မိမိမျက်နှာပေါ်မှ ခွဲစိတ်ခန်းမီးကြီးကို ငေးကြည့်ရင်း နန်စီ တွေးတော ဝမ်းသာနေသည်မှာ နာရီပိုင်းအတွင်း အိပ်မက်ဆိုးကြီး ပျက်ပြယ်သွားတော့မည့်အကြောင်းပင် ဖြစ်သည်။ မိမိ၏ဘဝသည် ပုံမှန်အနေအထားအတိုင်း ပြန်လည်ရောက်ရှိပေတော့မည်။ ခွဲစိတ်ခန်းအတွင်းရှိ လှုပ်ရှားမှုများအားလုံးသည် မိမိအဖို့စိမ်းနေသဖြင့် နန်စီသည် မီးစလောင်းကြီးမှတစ်ပါး အခြားဘယ်သူ့ကိုမှ၊ ဘာကိုမှ မကြည့်ပါချေ။

"ဘယ့်နှယ်လဲ နေသာရဲ့လား"

နန်စီသည်လက်ယာဘက်သို့ ကြည့်သည်။ ခွဲစိတ်ခန်းခေါင်းစွပ်အကြားမှ မျက်လုံးညိုညိုများက မိမိကိုကြည့်နေသည်။ ဆရာမ ဂလိုရီယာက မိမိ၏ လက်ယာဘက် လက်မောင်းပေါ်မှ ပိတ်စကိုလိပ်နေသည်။ ထို့နောက် လက်မောင်းကိုသူ့ဘက်သို့ ဆွဲထားသည်။

"ဟုတ်ကဲ့"

နန်စီဖြေလိုက်သည်။ သို့သော် အနည်းငယ်မျှပင် နေသာထိုင်သာခြင်းမရှိပါ။ ခွဲစိတ်ခန်းစားပွဲသည် မိမိ၏အခန်းမှ ထမင်းစား စားပွဲကဲ့သို့ပင် မာကျောလှသည်။ သို့သော် မေ့ဆေး၊ထုံဆေးများ အစွမ်းပြစပြုချေပြီ။ နန်စီနိုးသိနေဆဲဖြစ်သည်။ သို့သော် ပတ်ဝန်းကျင်နှင့်တစ်စတစ်စ ကင်းကွာခြင်းလည်းရှိနေပြီ။ ပါးစပ်နှင့်လည်ချောင်းတို့ ခြောက်လာသည်။ လျှာလေးလာသည်။

ဒေါက်တာရောဘတ်ဘီးလင်းသည် သူ၏မေ့ဆေးပေးစက်တွင် အလုပ်ရှုပ်နေသည်။ သူ၏စက်သည် သံမဏိရောင် တောက်ပြောင်သည်။ ဒိုင်ခွက်များတွင် အိမ်မြှောင်များ လှုပ်ရှားပြေးလွှားနေသည်။ ဓာတ်ငွေ့ပေါင်းချောင်းများပါရှိသည်။ အရောင်အမျိုးမျိုးဖြစ်သည်။ ထိပ်ဆုံးတွင်ကား အညိုရောင်ဟယ်လိုသိန်းပုလင်းရှိသည်။ ပုလင်းတံဆိပ်ပေါ်တွင် ကား ၂ – ဘရိုမို၊ ၂– ခလိုရို (၁,၁,၁)–ထရိုင်– ဖလိုရိုသိန်းဟု ရေးထားသည်။ ပြည့်စုံလှနိုး

mgyee.com

mgyoe.com

ပါးသော မေ့ဆေးပင်ဖြစ်သည်။ "ပြည့်စုံလုနီးပါးသော"ဟု ဆိုရခြင်းမှာ ရံခါတွင် လူနာ၏အဆုတ်ကိုပင် ဖျက်ဆီးပစ်နိုင်သောကြောင့် ဖြစ်သည်။ သို့သော် ဤကဲ့သို့ဖြစ်ခဲပါသည်။ ဟယ်လိုသိန်း၏ အခြားသတ္တိများက အဆုတ်ထိခိုက်စေနိုင်မှုကို ပြန်လည်ထိန်းချုပ်ထားသောကြောင့် ဖြစ်သည်။ ဒေါက်တာဘီးလင်းသည် ဟယ်လိုသိန်းအပေါ်တွင် အထူးအားထားလျက် ရှိသည်။ ဟယ်လိုသိန်းကို မွမ်းမံပြုလုပ်ခြင်းဖြင့် တစ်နေ့တွင် သူသည် နိုဘယ်လ်ဆု ရရှိလိမ့်မည်ဟု မျှော်လင့်နေသည်။

ဒေါက်တာဘီးလင်းသည် အထူးကျွမ်းကျင်သော မေ့ဆေးဆရာဝန်ကြီး တစ်ဦးဖြစ်သည်။ ဒါကို သူ့ဘာသာသူလည်း သိသည်။ လူတိုင်းကလည်း သိသည်ဟု သူ ယူဆထားသည်။ သူသည် မေ့ဆေးပညာနှင့်ပတ်သက်ပြီး အခြားသူများ နားလည်သည်ထက် ပိုမိုနားလည်သည်။ နောက်ပြီးတော့ သူက စေ့စပ်သေချာသည်။ အထူးပင် စေ့စပ်သေချာသည်။

သူလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်ကို အဆင့်ဆင့်ပိုင်းခြားသတ်မှတ်ထားသည်။ တစ်ဆင့်ပြီးတစ်ဆင့် အသေအချာစစ်ဆေးပြီးမှလုပ်သည်။ သုံးနာရီ ဆယ့်ငါးမိနစ်တွင် အဆင့်အမှတ် ၁၂ ကို လုပ်ဆောင်သည်။ ယင်းမှာ ရာဘာပိုက်ခေါင်းကို စက်တွင်ထိုးတပ်လိုက်ခြင်းဖြစ်သည်။ ပိုက်၏ တစ်ဖက်သည် လေသွင်းအိတ်သို့ရောက်ရှိသည်။ လေသွင်းအိတ်က အောက်ဆီဂျင် လေးငါးလီတာခန့် ဆံ့ဝင်ပြီး ခွဲစိတ်ကုသနေစဉ် လူနာ၏အဆုတ်ကို လုံလောက်အောင် အလုပ်လုပ်နိုင်စေသည်။ ပိုက်၏အခြားတစ်ဖက်က လူနာမှ ထုတ်လွှတ်လိုက်သော ကာဗွန်ဒိုင်အောက်ဆိုဒ်များကို စုပ်ယူသည့် ဆိုဒါလိုင်းသေတ္တာကလေးသို့ ဆက်သွယ်သည်။ အဆင့်အမှတ် ၁၃ က အသက်ရှုလိုင်းများ မှန်၊ မမှန်ကို စစ်ဆေးရန်ဖြစ်သည်။ အဆင့်အမှတ် ၁၄ က မေ့ဆေးပေးစက်ကို ခွဲစိတ်နံရံရှိ အောက်ဆီဂျင်ပေးသည့်ပိုက်နှင့် ဆက်သွယ်ရန်ဖြစ်သည်။ မေ့ဆေးစက်တွင် အရေးပေါ်အသုံးပြုရန် တပ်ဆင်ထားသော အောက်ဆီဂျင်ဘူး နှစ်ဘူးရှိသည်။ ယင်းဘူးနှစ်ဘူးကို ဒေါက်တာဘီးလင်းစစ်ဆေးသည်။ အောက်ဆီဂျင်အပြည့်ရှိသည်။ ဒေါက်တာဘီးလင်း ကျေနပ်မှုရှိသွားသည်။

"ရှင့်ရင်ဘတ်ပေါ်မှာ အီလက်ထရုတ် သုံးလေးခု တပ်ထားမယ်။ ရှင့်

mgyoe.com

mgyoe.com


ရင်ခုန်သံကြားရအောင်ပဲ"

ဆရာမ ဂလိုရီယာက ပိတ်ဖြူစကို အောက်သို့ဆွဲချရင်းပြောသည်။ ထို့နောက် သူမ၏ဆေးရုံအင်္ကျီရှည်ကြီးကို အပေါ်သို့ဆွဲလှန်သည်။ သူမ၏ ရင်ကို လေသလပ်သည်။ ဆရာမက သူ၏ ရင်ဘတ် သုံးနေရာပေါ်တွင် ကော်ရည်များ ညှစ်ချရင်းပြောသည်။

"ခဏတော့ အေးလိမ့်မယ်"

နန်စီ တစ်ခုခု ပြန်ပြောချင်သည်။ သို့သော် ဘာပြောရမှန်းမသိပါ။ သူမကို ကူညီဖေးမနေကြသည့်အတွက် ကျေးဇူးတင်သည်။

ဒေါက်တာဘီးလင်းက နန်စီ၏ လက်ဝဲဘက်လက်မှ အကြောများ ထကြွလာစေရန် လက်ဖြင့် ခပ်ဆတ်ဆတ် ရိုက်လိုက်သည်။ သူမ၏လက်ကောက်ဝတ်ကို ရော်ဘာပိုက်တစ်ခုဖြင့် ခပ်တင်းတင်းပတ်လိုက်သည်။ သူမ၏သွေးတိုးသံကို လက်ထိပ်ကလေးများမှ ကြားရသည်။

ဒေါက်တာမေဂျာ အခန်းတွင်းသို့ဝင်လာသည်။

"မင်္ဂလာနံနက်ခင်းပါ မစ္စဂရင်းလေး။ ညက အိပ်လို့ကောင်းတယ် မဟုတ်လား။ ကျုပ်တို့အလုပ်က ခဏကလေးဆို ပြီးသွားမှာပဲ။ ပြီးတယ်ဆိုရင် ကိုယ့်ခုတင် ကိုယ်ပြန်ပြီး အားရပါးရအိပ်ပြီးနားလိုက်ရုံပဲ"

ဒေါက်တာဘီးလင်းက "ဂလိုရီယာရေ အမှတ် ၈ ပိုက်၊ ဟုတ်ပြီ ဒေါက်တာ အဆင်သင့်လုပ်ပေတော့။ ခုနစ်နာရီခွဲတိတိမှာ ကျုပ်တို့အားလုံး အဆင်သင့် ဖြစ်မယ်"

"ကောင်းပြီ"

ဒေါက်တာမေဂျာ တံခါးဆီသို့ လျှောက်သွားသည်။ ရပ်လိုက်သည်။ ဆရာမ ရှသ်ဂျန်ကင်ဘက်သို့လှည့်ပြီး ...

"ဆရာမရေ၊ ခွဲစိတ်ကိရိယာတွေကတော့ ကျုပ်ပစ္စည်းတွေပဲ ဖြစ်ပါစေ။ အရင်တစ်ခါကလို ဆေးရုံက ပစ္စည်းအဟောင်းအမြင်းတွေ မပေးပါနဲ့"

ဆရာမက တစ်စုံတစ်ရာ ပြန်မပြောရမီမှာပင် သူ ထွက်သွားသည်။ မိမိ၏ နောက်ဘက်ရှိ နှလုံးခုန်စက်မှ အသံတစ်ခုကို နန်စီကြားနေရသည်။ မိမိ၏ နှလုံးခုန်သံပင်ဖြစ်တော့သည်။

"ကဲ ... နန်စီရေ နည်းနည်းကလေး ခေါင်းစိုက်ပြီး ခြေထောက်နှစ်ဖက်

mgyoe.com

mgyoe.com


ကို ခဲကွင်းတွေထဲမှာ ထည့်ထားရအောင်"

ဂလိုရီယာက နန်းစီ၏ခြေထောက်များကို ဒူးအောက်မှနေ၍ မယူကာ သံမဏိကွင်းများအတွင်းသို့ သွင်းသည်။ ပိတ်ဖြူစ ပေါင်ကြားထဲသို့ လျှောကျသွားသည်။ သူမ၏ကိုယ်သည် ပေါင်လယ်လောက်ထိ အဝတ်ကင်းမဲ့သွားသည်။ ခြေထောက်များနှင့် စားပွဲလွတ်သွားသောအခါ ပိတ်ဖြူစသည် ကြမ်းပြင်ပေါ်အထိ လျှောကျသွားသည်။ နန်းစီမျက်လုံးများကို မှိတ်ထားလိုက်သည်။ သူမ၏ ပုံသဏ္ဍာန်ကို မစဉ်းစားရဲရှိသည်။ ဂလိုရီယာက ပိတ်စကိုကောက်ယူပြီး သူမ၏ ဝမ်းဗိုက်ပေါ်တွင် တင်လိုက်သည်။

နန်းစီတည်ငြိမ်ရန် ကြိုးစားသည်။ သို့သော် ပို၍ပို၍ စိတ်လှုပ်ရှားနေသည်။

"ကျွန်မ မလုပ်ချင်တော့ဘူး"

နန်းစီက ဒေါက်တာဘီးလင်းကိုကြည့်ပြီး ပြောလိုက်သည်။

"ဘာမှ စိုးရိမ်စရာမရှိဘူး။ အခြေအနေအားလုံး ကောင်းတယ်။ အိပ်ပျော်သွားအောင် ဆေးတစ်လုံးထိုးပေးမယ်။ မင်းအခု မအိပ်ချင်ဘူးလား"

"မအိပ်ချင်ဘူး"

"အခု ကောင်းသွားမှာပါ"

ဒေါက်တာဘီးလင်းက မေ့ဆေးစက်ကို နန်းစီ၏ခေါင်းအနီးသို့ ဆွဲယူလိုက်သည်။ မေ့ဆေးပြွန်ကို သွေးကြောပိုက်ပြွန်တွင် ဆက်လိုက်သည်။

"ကဲ ... နန်းစီ တစ်ကနေ ငါးဆယ်အထိ ရေကြည့်စမ်း"

နန်းစီအနေနှင့်ဆယ့်ငါးထက်ပိုပြီး ရေတွက်နိုင်မည်မဟုတ်ဟု ယူဆသည်။ လူနာ အိပ်ပျော်သွားသည်ကို စောင့်ကြည့်ရသည်ကို ဒေါက်တာ ဘီးလင်း နှစ်သက်သဘောကျသည်။ သူ၏ နည်းစနစ်များ မှန်ကန်ကြောင်း အထပ်ထပ်သက်သေပြခြင်းဖြစ်သည်။ မိမိတွင် စွမ်းပကားရှိကြောင်း ပြသရာလည်း ရောက်သည်။ လူနာ၏ဦးနှောက်ကို မိမိက အမိန့်ပေးနိုင်ခြင်းပင် ဖြစ်သည်။ သို့သော် နန်းစီသည် စိတ်အင်အား ကောင်းမွန်သူတစ်ဦးဖြစ်သည်။ သူမသည် အိပ်ချင်နေပြီဖြစ်သော်လည်း ဆေးကိုခုခံတိုက်ခိုက်လျက်ရှိသည်။ သူမက အသံထွက်ပြီး ရေတွက်လျက်ပင် ရှိနေသေးသဖြင့် ဒေါက်တာဘီးလင်းက ဆေးပိုပြီး လွှတ်ပေးလိုက်သည်။ ပင်တိုတယ် နှစ်ဂရမ် မျှ ဝင်ရောက်သွားပြီး

mgyoe.com

အိပ်ပျော်မသွားမီကလေးတွင် သူမက "နှစ်ဆယ့်ခုနစ်" ဟုရေတွက်သည်။

ယင်းသို့ဖြင့် ၁၉၇၆ ခု ဖေဖော်ဝါရီလ ၁၄ ရက်နေ့ နံနက် ၇ နာရီ ၂၄ မိနစ်အချိန်တွင် နန်စီဂရင်းလေး နောက်ဆုံးအိပ်ပျော်ခြင်းအဖြစ် အိပ်ပျော်သွားတော့သည်။

ကျန်းမာသန်စွမ်းသော ဤမိန်းမငယ်ကလေးသည် မိမိအဖို့ ပထမဆုံးသော ရောဂါဆင့်ပွားခြင်းတစ်ခု ဖြစ်လာလိမ့်မည်ဟု ဒေါက်တာဘီးလင်းမတွေးမိပါ။ အစစအရာရာကို အောင်မြင်နိုင်နင်းစွာ ဆောင်ရွက်နေသည်ဟု ယုံကြည်ယူဆလျက်ရှိသည်။ သူ၏လုပ်ဆောင်မှု အဆင့်များအားလုံး ပြီးဆုံးသွားပြီဖြစ်သည်။ သူက နန်စီကို မျက်နှာဖုံးမှတစ်ဆင့် ဟယ်လိုသိန်းနိုက်ထရိတ်အောက်ဆိုဒ်နှင့် အောက်ဆီဂျင်တို့ကို ရောစပ်ကာ ရှူရှိုက်စေလျက်ရှိပါသည်။ ထို့နောက် ဆူစီနိုကိုလိုင်း နှစ်စီစီ ထိုးပေးလိုက်သည်။ သူ၏ကြွက်သားများ မလှုပ်ရှားနိုင်ရန်ဖြစ်သည်။ ယင်းသို့ဖြင့် ဒေါက်တာမေဂျာအနေဖြင့် လက်နှစ်ဖက်စလုံး အသုံးပြုကာ စမ်းသပ်စစ်ဆေးနိုင်မည်ဖြစ်သည်။

ဒေါက်တာဘီးလင်းက လူနာအား စမ်းသပ်စစ်ဆေးရမည့်နေရာ တစ်ဝိုက်တွင် ပြင်ဆင်မှုများပြုလုပ်ရန် ဆရာမ ဂလိုရီယာကို ခေါင်းညိတ်ပြီး အချက်ပေးလိုက်သည်။ ဒေါက်တာဘီးလင်း၏တာဝန်မှာ လူနာ၏အရေးကြီးသော အရိပ်လက္ခဏာများကို မျက်ခြည်မပြတ် စောင့်ကြည့်နေရန်သာ ဖြစ်လေသည်။ လူနာ၏နှလုံးခုန်နှုန်း၊ သွေးတိုးနှုန်းနှင့် ကိုယ်ပူချိန်တို့ဖြစ်သည်။ လူနာ၏သွေးတိုးနှုန်းသည် အပေါ် ၁၀၅၊ အောက် ၇၀ ဖြစ်သည်။ သွေးခုန်နှုန်းသည် စိုးရိမ်ဖွယ်ရာအဆင့်မှနေ၍ ယခုအခါ စိတ်ချရသည့် အဆင့်သို့ ပြန်လည်ရောက်ရှိလာသည်။ တစ်မိနစ်လျှင် ခုနစ်ဆယ့်နှစ်ချက်ဖြစ်သည်။ ဒေါက်တာဘီးလင်း စိတ်အေးလျက်ရှိသည်။ နောက်မိနစ်လေးဆယ်လောက်ဆိုလျှင် အေးအေးဆေးဆေးပင် ကော်ဖီသောက်ဖို့ပဲ ဖြစ်တော့သည်။

အားလုံးပင်ချောမောလျက်ရှိသည်။ ဒေါက်တာမေဂျာ စမ်းသပ်စစ်ဆေးသည်။ ကြွက်သားများကို ထပ်လျှော့ပေးရန် ပြောသည်။ ဆူစီနိုကို လိုင်းသတ္တိပြယ်စပြုလာသောကြောင့်ဖြစ်သည်။ ဒေါက်တာဘီးလင်းက နောက်

mgyoe.com

ထပ် နှစ်စီစီထပ်ထိုးပေးလိုက်သည်။ ယင်းကို သူ၏ဆေးမှတ်တမ်းတွင် ရေးမှတ်ထားသည်။ ဆေးတန်ခိုး ချက်ချင်းပြသည်။ ဒေါက်တာမေဂျာက ကျေးဇူးတင်ကြောင်းပြောသည်။

သားဥအိမ်များ နည်ကက်ကောင်းမွန်ကြောင်းပြောသည်။ သားအိမ်ဝချဲ့သည့်လုပ်ငန်း လုံးဝအထစ်အငေါ့မရှိချေ။ သူမ၏ သားအိမ်အနေအထားမှာ ပုံမှန်ပင်ဖြစ်သည်။ သားအိမ်ချဲ့သည့် ကိရိယာနှင့်အံကျပင်ဖြစ်သည်။ မိန်းမကိုယ်အတွင်းမှ သွေးခဲအချို့ကို စုပ်စက်ဖြင့် စုပ်ထုတ်ပစ်သည်။ ထို့နောက် ဒေါက်တာမေဂျာသည် သားအိမ်အတွင်းပိုင်းကို ဇွန်းဖြင့် ဂရုတစိုက်ခြစ်သည်။ ဒေါက်တာမေဂျာ ဒုတိယအကြိမ် ခြစ်ယူစဉ်တွင် လူနာ၏နှလုံးခုန်သံ အနည်းငယ် ပြောင်းလဲမှုရှိကြောင်း ဒေါက်တာဘီးလင်း သတိပြုမိသည်။ သွေးခုန်နှုန်းလည်း ခြောက်ဆယ်သို့ကျသွားသည်။ သွေးတိုးနှုန်းက အပေါ် ၉၀၊ အောက် ၆၀။ ထိတ်လန့်ဖွယ်ရာ နိမ့်ကျခြင်းတော့ မဟုတ်။ သို့သော် သူ့ခေါင်းထဲတွင် ဇဝေဇဝါဖြစ်ရသည်။ နားမှ နားကြပ်ကိုဖြုတ်လိုက်ပြီး...

"ဒေါက်တာ မေဂျာ ခဏကလေး။ သွေးတိုးနှုန်း နည်းနည်းကလေးကျသွားတယ်။ သွေးထွက်တာ ဘယ်လောက်များမယ်ထင်သလဲ"

ဒေါက်တာ မေဂျာ ခေါင်းမော့ကာကြည့်ပြီး

"၅၀၀ စီစီထက် မပိုပါဘူး"

"အံ့သြစရာပဲ"

ဒေါက်တာဘီးလင်း နားကြပ်ကို နားတွင်ပြန်တပ်သည်။ သွေးတိုးနှုန်း အပေါ် ၉၀၊အောက် ၅၈။မော်နီတာကို လှည့်ကြည့်သည်။ သွေးခုန်နှုန်း ၆၀။

"သွေးတိုးနှုန်း ဘယ်လောက်လဲ"

ဒေါက်တာ မေဂျာက မေးသည်။

"အပေါ် ၉၀၊ အောက် ၆၀၊ သွေးခုန်နှုန်း ၆၀"

ဒေါက်တာဘီးလင်း နားကြပ်ကိုဖြုတ်လိုက်ပြန်ပြီး မေ့ဆေးပွှန်ကို စစ်ဆေးသည်။

"အဲဒါ ဘာများမှားလို့လဲ"

"မမှားပါဘူး သူ့အခြေအနေကတော့ မှန်မှန်ပါပဲ"

"သူ့အရောင်ကို ဒီမှာ ကြည့်ပါလား။ ချယ်ရီရောင် ရဲရဲကလေး"

mgyoe.com

mgyoe.com


ဒေါက်တာမေဂျာ ပြက်လုံးထုတ် ရယ်သည်။ အခြားသူများ မရယ်ပါ။

ဒေါက်တာဘီးလင်း နာရီကိုကြည့်သည်။ ၇ နာရီ ၄၈ မိနစ်။

"ကောင်းပြီလေ ဆက်လုပ်ပါ။ နောက်ထပ် ဆက်ပြီးအပြောင်းအလဲ ရှိလာမယ်ဆိုရင် ကျုပ်ပြောမယ်"

ဒေါက်တာဘီးလင်းက အသက်ရှူအိတ်ကို တစ်အားညှစ်ပြီး နန်စီ၏ အဆုတ်ကို အလုပ်လုပ်စေသည်။ သို့သော် ဒေါက်တာဘီးလင်း၏စိတ်ထဲ တွင် စနိုးစနောင့်ဖြစ်နေသည်။ စိတ်ထဲတွင် ထင့်နေသည်။ ရင်အခုန်မြန် လာသည်။ အသက်ရှူအိတ်ကို သူကြည့်နေသည်။ ငြိမ်နေသည်။ အိတ်ကို ဆုပ်ညှစ်သည်။ ထိုအခါ နန်စီအသက်ရှူသည်။ သို့သော် လက်လွှတ်လိုက် သောအခါ အသက်ရှူအိတ် ငြိမ်မြဲငြိမ်နေသည်။ နန်စီ အသက်မရှူပါ။ ဒုတိယအကြိမ်ပေးသွင်းခဲ့သော ဆူစီနီကိုလိုင်း၏သတ္တိ ပြယ်လောက်ပေပြီ။

သွေးတိုးနှုန်းအနည်းငယ်တက်လာသည်။ ထို့နောက် ပြန်ကျသွားသည်။ အပေါ် ၈၀၊ အောက် ၅၈၊ နှလုံးခုန်သံပေါ်လာသည်။ ပိတ်ကားပြင်သို့ ဒေါက်တာဘီးလင်း လှမ်းကြည့်သည်။ အတက်အကျတွေ့ရပြန်သည်။

"နောက် ငါးမိနစ်ဆိုရင် ပြီးပါပြီ"

ဒေါက်တာမေဂျာက ပြောသည်။

ဒေါက်တာဘီးလင်း စိတ်သက်သာရာ ရသွားဟန်ဖြင့် နိုက်ထရက် အောက်ဆိုဒ်နှင့် ဟယ်လိုသိန်းပြွန်များကို ပိတ်လိုက်သည်။ အောက်ဆီဂျင် ပြွန်ကိုဖွင့်ပေးသည်။ နန်စီ၏မေ့မြောနှုန်းကို လျှော့လိုက်ခြင်းဖြစ်သည်။ သွေးတိုးနှုန်းအပေါ် ၉၀၊အောက် ၆၀သို့တက်လာသည်။ ဒေါက်တာဘီးလင်း အနည်းငယ်နေသာထိုင်သာရှိသွားသည်။ စောစောက စိုးရိမ်စိတ်ကြောင့် နဖူးတွင် စို့လာသောချွေးစက်များကို လက်ခုံတစ်ဖက်ဖြင့် သုတ်လိုက်သည်။

အချိန်က ၇ နာရီ ၅၆ မိနစ်။

သူက ညာလက်ဖြင့် နန်စီ၏မျက်ခွံများကို ဖွင့်လှန်ကြည့်လိုက်သည်။ ခုခံတွန်းလှန်ခြင်းမရှိဘဲ လန်ပွင့်သွားကြသည်။ မျက်ဆန်များ အစွမ်းကုန် ပြူးလျက် ရှိသည်။ ဒေါက်တာဘီးလင်း တစ်မဟုတ်ချင်းပင် စိုးရိမ်ထိတ် လန့်သွားသည်။ တစ်ခုခုတော့ မှားချေပြီ။ တစ်ခုခုတော့ အကြီးအကျယ် မှားချေပြီ။

mgyoe.com

mgyoe.com

တနင်္လာ၊ ဖေဖော်ဝါရီ ၂၃၊ နံနက် ၇ နာရီ ၁၅ မိနစ်

လောင်းဝုရိပ်သာလမ်းပေါ်သို့ သေးငယ်သော နှင်းပွင့်နှင်းဖတ်ကလေးများ လွင့်ကြွေလျက်ရှိသည်။ ၁၉၇၆ ခု ဖေဖော်ဝါရီလ ၂၃ ရက်နေ့ နံနက်မှုန်ရီဝိုးတဝါးတွင်ဖြစ်သည်။ အပူဒီဂရီ ၂၀ မျှသာဖြစ်သည်။ နူးညံ့သော ဖန်ကြည်ပွင့်ကလေးများသည် လမ်းပေါ်သို့ကျရောက်ပြီးသည့်တိုင် ပြကတေ့အတိုင်းရှိနေကြသည်။ လွန်နှိုးစမြို့ကို လွှမ်းခြုံထားသော တိမ်နိမ့်နိမ့်ထူထူများက ဖုံးကွယ်နေသဖြင့် နေရောင်ကလည်း ဖျော့မှိန်မှိန်ကလေးသာရှိသည်။ လွင့်စဉ်လာသော နှင်းပွင့်အချို့သည် ဆေးတက္ကသိုလ်ကျောင်းဆောင်၏ တတိယထပ် ပြတင်းပေါက်တစ်ခုကို ရိုက်ပက်နေကြသည်။ နှင်းပွင့်များသည် ပြတင်းမှန်ပေါ်တွင် တင်နေရန် မဟုတ်ဘဲ လိမ့်လျှောသွားကြရန်သာဖြစ်သည်။ သို့သော် နှင်းပွင့်ကလေးများသည် ပြတင်းမှန်၏အပူငွေ့ကြောင့် အရည်ပျော်ပြီး ဖုန်မှုန့်များနှင့် ရောစပ်သွားကြသည်။

သို့သော် အခန်းတွင်း၌ရှိနေသော ဆူဆန်ဗိုးလားသည် ပြတင်းမှန် ပေါ်မှ ဇာတ်လမ်းကလေးကို သတိမပြုမိပါ။ သူမ၏စိတ်က ညကမက်ခဲ့သော ကယောင်ချောက်ချား အိပ်မက်များတွင် ရောက်ရှိနေသည်။ ဖေဖော်ဝါရီလ ၂၃ ရက်သည် မလွယ်သောနေ့တစ်နေ့ပင် ဖြစ်ပေတော့မည်။ ပြဿနာတစ်ခုခုလည်းဖြစ်နိုင်သည်။ ဆေးတက္ကသိုလ်သည် ပြဿနာကလေးပေါင်း

mgyoe.com

mgyoe.com


များစွာနှင့် ဖွဲ့စည်းထားပြီး ရံခါတွင် ပြဿနာကြီးများဖြစ် ပေါ်တတ်သည်။ ဆူဆန်ပိုးလားအဖို့ ဖေဖော်ဝါရီ ၂၃ သည် ဒုတိယအမျိုးအစားတွင်ပါဝင်သည်။ သူမသည် လွန်ခဲ့သည့်ငါးရက်ကမှ ဆေးတက္ကသိုလ်၏ ပထမနှစ်ပြီးစီးခဲ့သည်။ စာသင်ခန်းများနှင့် ဓာတ်ခွဲခန်းများတွင် အခြေခံသိပ္ပံပညာရပ်များ သင်ကြားခဲ့ရသည်။ စာသင်ခန်း၊ ဓာတ်ခွဲခန်းနှင့် စာရွက်စာတမ်းများကို ဆူဆန်ပိုးလား ကောင်းစွာနိုင်နင်းသည်။ သူမ၏ သင်တန်းမှတ်စုများ နာမည်ကြီးလှသည်။ လူတိုင်းကပင် ငှားလိုကြသည်။ ပထမတော့ သူမက ငှားရမ်းသည်။ နောက်တော့ အပြိုင်များဖြစ်ကြသည်ကို သဘောပေါက်ပြီးမငှားတော့။ သူမက နည်းဗျူဟာပြောင်းသည်။ ရင်းနှီးသည့် သူငယ်ချင်းတစ်စုလောက်ကိုသာ ငှားသည်။ မိမိအတန်း မတက်ဖြစ်သည့်နေ့များ သူတို့ထံမှ မှတ်စုပြန်ရနိုင်သည့် သူများကိုသာငှားသည်။ သို့သော် သူမအနေနှင့်အတန်း မတက်ဖြစ်သည့်နေ့ဟူ၍ မရှိခဲ့ပါ။

အချို့သူများက ဆူဆန်ပိုးလား ကျောင်းတက်မှန်လွန်းသည့်ကိစ္စကို နောက်သလို၊ စသလို ပြောကြသည်။ သူမကတော့ ရသမျှအခွင့်အရေးကို အကုန်ယူရမည်ဟုဆိုသည်။ သို့သော်လည်း ယင်းအကြောင်းပြချက်က အဓိကမဟုတ်ပါ။ ယောကျ်ားတွေချည်းလိုလို ကြီးစိုးထားသောနေရာတစ်ခုသို့ရောက်ရှိနေသည့် မိန်းကလေးတစ်ယောက်သည် အတန်းတစ်တန်းကို လူမသိဘဲ ပျက်ကွက်နိုင်ဖို့ ခဲယဉ်းလှပါသည်။ ပါမောက္ခများနှင့် နည်းပြဆရာများအားလုံးလောက်သည် ယောကျ်ားများသာဖြစ်သည်။ ဆူဆန်ပိုးလားက ဆရာတွေကို ယောကျ်ားတွေအဖြစ် မကြည့်ပါ။ သို့သော် သူတို့က သူမလို မဟုတ်ပါ။ အကြောင်းမှာ ဆူဆန်ပိုးလားသည် အလွန့်အလွန်ပင် ချောမောလှပသော နှစ်ဆယ့်သုံးနှစ်အရွယ် မိန်းကလေးတစ်ယောက်ဖြစ်သောကြောင့်ပင်တည်း။

သူမ၏ဆံပင်က ဆောင်းဂျုံရောင်ကလေးဖြစ်သည်။ ရှည်လျားလွင့်ဝဲသည်။ သူမ၏မျက်နှာက ဝိုင်းစက်ပြီး ပါးစုန့်ကလေးများ တင်းမို့သည်။ သူမ၏မျက်လုံးစုံက စိမ်းလဲ့လဲ့ပြာတာတာလေးဖြစ်ပြီး အညိုရောင်ယှက်ဖောက်သည်။ သူမ၏သွားများက ညီညာစီတန်းပြီး တဖိတ်ဖိတ်ဖွေးလျက်ရှိသည်။

mgyoe.com

mgyoe.com


အားလုံးကို ခြုံလိုက်သောအခါ ဆူဆန်ဝိုးလားသည် ယောက်ျားတကာတို့ တမ်းတမက်မောဖွယ်သော မိန်းကလေးမျိုးဖြစ်သည်။ ငယ်ရွယ်ပျိုမျစ်သည်။ ကျန်းမာရေးပြည့်ဖြိုးသည်။ လိင်ဆွဲဆောင်မှုရှိသည်။ သို့သော်ယင်းတို့အားလုံး အားလုံးထက်အရေးကြီးသော အချက်ကတော့ ထက်မြက်ခြင်းပင်ဖြစ်သည်။ အထက်တန်းကျောင်းတွင် သူမ အစဉ်တစိုက်ရရှိခဲ့သောအမှတ်များက ဂုဏ်ထူးတစ်ဝိုက်တွင်သာဖြစ်သည်။ သူမ၏ မိဘများဂုဏ်ယူဝင့်ကြွား၍ မဆုံးနိုင် ရှိသည်။ သူမ၏ကျောင်းမှတ်တမ်းသည် အဆင့်တစ်အောက်သို့ မဆင်းပေ။ ဆူဆန်က ကျောင်းတက်ရသည်ကို သဘောကျသည်။ စာသင်ရသည်ကို သဘောကျသည်။ မိမိ၏ဦးနှောက်ကို အသုံးချရသည်ကို သဘောကျသည်။ စာအလွန်ဖတ်သည်။ သူမက ဓာတုဗေဒအဓိကဖြစ်သော်လည်း စာပေကိုလိုက်စားနိုင်သမျှ လိုက်စားသည်။ သူမအဖို့ ဆေးတက္ကသိုလ်သို့ ဝင်ရောက်ရန် မည်သို့မျှ အခက်အခဲမရှိပါ။

သို့သော် သူမတွင်ရှိသော အခက်အခဲမှာ သူမ၏လှပဆွဲဆောင်မှုပင်ဖြစ်သည်။ ယင်းအတွက်ပင် သူမအနေနှင့်ကျောင်းဖျက်၍မရခြင်းဖြစ်သည်။ မေးခွန်းမေးပြီဆိုလျှင် သူမက တစ်ယောက်အပါအဝင် ဖြစ်သည်။ နောက်တစ်ချက်ကတော့ သူမအကြောင်းကို လူတွေက မှန်မှန်ကန်ကန် မသိကြခြင်းပင်ဖြစ်သည်။ သူမကို အတွေးအမြင်မရှိသော မိန်းကလေးတစ်ယောက်ဟုပင် သူတို့ကမှတ်ထင်နေကြသည်။

လှပပြီးထက်မြက်သည့်အတွက် ကောင်းသည့်အချက်တွေလည်း ရှိပါသည်။ တဖြည်းဖြည်းနှင့် သည်အချက်များကို ဆူဆန်က အသုံးချတတ်လာသည်။ သူမနားမလည်သဖြင့် တစ်စုံတစ်ခုမေးလျှင် ဆရာများကစိတ်ပါလက်ပါ ဖြေကြားကူညီကြသည်။

သို့သော် ပေါင်းသင်းဆက်ဆံရေးတွင်ကား ဆူဆန်သည် သူများတွေထင်ထားသလောက် အချိန်းအတွဲမရှိပါ။ သည်အတွက်လည်း အကြောင်းပြစရာတွေ အများကြီးရှိသည်။ ပထမအချက်က ဆူဆန်သည် ယောက်ျားတစ်ယောက်နှင့်ချိန်းပြီး အပြင်ထွက်ဖို့ထက် ကိုယ့်အခန်းထဲမှာ စာဖတ်နေဖို့ကိုပိုပြီးလိုလားသည်။ ဆူဆန်၏သိမြင်လက်ခံမှုအရပြောလျှင် ယောက်ျားအချို့နှင့် ဆက်ဆံရခြင်းသည် ပျင်းရိဖွယ်ရာဖြစ်သည်။ ဒုတိယအချက်

mgyoe.com

mgyoe.com


ကတော့ ဆူဆန်ကို ယောက်ျားအနည်းငယ်မျှကသာ အပြင်ထွက်ရန် ဖိတ်ခေါ်ကြသည်။ ဆူဆန်၏အလှနှင့် ထက်မြက်မှုတို့က အဟန့်အတားပြုထား၍ပင်ဖြစ်သည်။ ယင်းသို့ဖြင့် ဆူဆန်သည် စနေညများတွင် ဝတ္ထုသော်လည်းကောင်း၊အခြားစာပေတစ်ခုခုသော်လည်းကောင်း ဖတ်နေတတ်သည်။

ဖေဖော်ဝါရီ ၂၃ ရက်နေ့ကို ပြန်စရလျှင် ဆူဆန်သည် သူမ၏အဆင်ပြေနေသော ကမ္ဘာကလေး ပေါက်ကွဲပျက်စီးသွားမည်ကို စိုးရိမ်နေသည်။ စာတွေ့သင်ကြားမှုများ ပြီးဆုံးသွားပြီဖြစ်သည်။

ဆူဆန်ပိုးလားနှင့် သူမ၏အတန်းဖော် တစ်ရာ့နှစ်ဆယ်တို့သည် ဆေးပညာဆိုင်ရာ လက်တွေ့နယ်ပယ်ထဲသို့ရောက်ရှိသွားကြပြီဖြစ်သည်။ အခြေခံသိပ္ပံပညာရပ်များ သင်ကြားစဉ်က ရရှိခဲ့သော ယုံကြည်စိတ်ချမှုတို့သည် လူနာနှင့် နဖူးတွေ့၊ ဒူးတွေ့ ဆက်ဆံကြရမည်ဆိုသောအခါ မရေမရာ ဇဝေဇဝါမှုများ ဖြစ်လာကြရတော့သည်။

ဖေဖော်ဝါရီ ၂၃ ရက်နေ့တွင် သူမသည် လူနာများနှင့်တစ်နည်းမဟုတ်တစ်နည်း ဆက်ဆံရပေတော့မည်။ တစ်မျိုးမဟုတ် တစ်မျိုးဆက်ဆံရပေတော့မည်။ ယင်းကြောင့်ပင် သူမသည် ညကတစ်ညလုံး အိပ်မပျော်နိုင်ခဲ့ခြင်းဖြစ်သည်။ အိပ်မက်တွေက ကယောက်ကယက် မက်ခဲ့ရခြင်းဖြစ်သည်။ သို့သော် ယင်းအိပ်မက်ဆိုးများသည် လာမည့်ရက်များအတွင်းတွင် မိမိကိုယ်တိုင် တကယ်တွေ့ကြုံရမည့် အဖြစ်အပျက်များပင် ဖြစ်ကြောင်းကိုကား ဆူဆန်ပိုးလား မရိပ်စားမိခဲ့ပါ။

နံနက် ၇ နာရီ ၁၅ မိနစ်တွင် ရေဒီယိုနာရီ အလိုအလျောက် ပွင့်မြည်လာသောအခါ ဆူဆန်ပိုးလား အိပ်မက်ဆိုးမှ နိုးပြယ်ရတော့သည်။ အခန်းတွင်းသို့ ရိုးရာတေးသံများ ပျံ့လွင့်မလာမီမှာပင် သူမက ရေဒီယိုကိုပိတ်လိုက်သည်။ ပုံမှန်အတိုင်းဆိုလျှင် သူမသည် သီချင်းသံကို နားထောင်ရင်းအိပ်ရာမှ နိုးလာတတ်သည်။ သို့သော် သည်မနက်မှာတော့ သူမကို ဂီတက နှိုးနေဖို့မလိုပါ။ သူမက အလိုလိုနိုးနေပြီးဖြစ်သည်။

ဆူဆန်က ခြေထောက်များကို ကြမ်းပြင်ပေါ်သို့ ချလိုက်ပြီး ခုတင်စွန်းတွင် ထိုင်လိုက်သည်။ ကြမ်းပြင်က အေးစက်လှသည်။ နင်းထိချင်စရာမရှိပါ။ ခေါင်းမှ ဆံပင်များပြေလျှော့ကာ ကျနေသည်။ သူမ၏အခန်းက

mgyoe.com

mgyoe.com

အကျယ်ကြီးမဟုတ်ပါ။ ဆယ့်နှစ်ပေ၊ ဆယ့်လေးပေခန့်သာ ဖြစ်သည်။ မှန်ပြတင်းနှစ်ပေါက်ရှိသည်။ ပြတင်းပေါက်များမှ ကြည့်လျှင် တိုက်တစ်လုံးနှင့် ကားရပ်သည့် ကွက်လပ်တစ်ခုကိုသာ တွေ့မြင်ရသည်။ ယင်းကြောင့် ပြတင်းပေါက်များမှ ဆူဆန်ကြည့်ခဲသည်။ အခန်းတွင်း၌သုတ်ထားသော ဆေးများကတော့ သစ်လွင်နေဆဲဖြစ်သည်။ အကြောင်းမှာ လွန်ခဲ့သည့် နှစ်နှစ်က ဆူဆန်ကိုယ်တိုင် သုတ်ထားခဲ့သောကြောင့်ဖြစ်သည်။ ဆေးအရောင်က ပန်းချီဆန်သော အဝါ၊ ကန့်လန့်ကာများကလည်း လိုက်ဖက်သောအဝါ၊ နံရံများပေါ်တွင် ရောင်စုံပိုစတာများ ချိတ်ဆွဲထားသည်။

ပရိဘောဂများကတော့ ဆေးတက္ကသိုလ်မှပေးသော ပစ္စည်းများသာ ဖြစ်သည်။ ရှေးဆန်သော တစ်ယောက်အိပ်ခုတင်၊ ဟောင်းမြင်းသော ပက်လက်ကုလားထိုင်။ ယင်းကုလားထိုင်တွင် ဆူဆန် ဘယ်တော့မှမထိုင်ပါ။ သူမက စာဖတ်လျှင်ခုတင်ပေါ်မှာ ဖတ်သည်။ စာကြည့်လျှင် စားပွဲမှာကြည့်သည်။ စားပွဲက ဝက်သစ်ချသားစားပွဲဖြစ်သည်။ မျက်နှာပြင်ပေါ်တွင် ရေးခြစ်ထားသော စာများမှတစ်ပါး စားပွဲသည် ရိုးရိုးစားပွဲတစ်လုံးသာဖြစ်သည်။ စားပွဲ၏လက်ယာဘက်ထောင့်စွန်းတွင် ညစ်ညမ်းသော စကားလုံးများကို တွေ့ရသည်။ စားပွဲပေါ်တွင် *ရုပ်စစ်နည်းဖြင့် အတပ်သိခြင်းဟူသော* ဆေးကျမ်းစာအုပ်ကို ဖွင့်ထားသည်။ ပြီးခဲ့သည့် သုံးရက်အတွင်းတွင် ဤစာအုပ်ကို အကုန်လောက်ပင်ပြန်ဖတ်ခဲ့သည်။ သို့သော် သူမ၏ လျော့ပါးနေသော ယုံကြည်မှုကိုမြှင့်တင်ပေးနိုင်စွမ်းမရှိပါ။

သူမ၏ကိုယ်ပေါ်မှ နွေးထွေးသောစောင်များကို ဖယ်ရှားပစ်လိုက်သည်။ မိမိတွင် အချိန်ပို ဆယ့်ငါးမိနစ်ရှိကြောင်း ဆူဆန်သိရှိသည်။ သည် ဆယ့်ငါးမိနစ်သည် ရေချိုးခန်းသို့ မဝင်မီ သီချင်းနားထောင်လေ့ရှိသည့်အချိန်ဖြစ်သည်။ သို့သော် ကနေ့အဖို့မူ ဆူဆန်သည် ခုတင်ပေါ်တွင် ထိုင်ငေးရင်း အချိန်များကို အလဟဿ ဖြုန်းတီးနေသည်။ မိမိသွားရမည့်ကျောင်းသည် ဥပဒေကျောင်းသော်လည်းကောင်း၊ စာပေဆိုင်ရာကျောင်းသော်လည်းကောင်း ဖြစ်စေလိုသည်။ ဆေးကျောင်းမှတစ်ပါး မည်သည့် ကျောင်းပင်ဖြစ်စေတော့။

သူမ၏ခြေထောက်အောက်မှ ဖယောင်းတိုက်ထားသော ကြမ်းပြင်သည် အေးစက်လှသည်။ သူမ၏ကိုယ်မှ အပူငွေ့များ အပြင်သို့လွင့်ထွက်နေ

mgyoe.com

mgyoe.com


သဖြင့် သူမ၏အဝန်းအဝိုင်းများ ပိုမိုဝန်းမို့လာကြသည်။ သူမက ပါးလျားသော ဖလန်နယ်ညဝတ်အင်္ကျီဟောင်းတစ်ထည်တည်းသာ ဝတ်ထားသည်။ သူမ ငါးတန်းတုန်းက ခရစ်စမတ်လက်ဆောင်အဖြစ် ရရှိထားသော ညဝတ်အင်္ကျီဖြစ်သည်။ သူမက သည်အင်္ကျီကို ကနေ့အထိ ညစဉ်ညတိုင်းပင်ဝတ်လျက်ရှိသည်။ သည်အင်္ကျီကို သူမနှစ်သက်သည်။ သူမ၏ဘဝတွင် အခြားအရာများ ပြောင်းလဲခြင်းရှိခဲ့သော်လည်း သည်ကိစ္စကား မပြောင်းလဲချေ။ သူမ၏နိစ္စဓူဝ ဖြစ်တော့သည်။ တကယ်တော့ သူမ၏ဖခင်နှစ်သက်သော အရာတစ်ခုလည်းဖြစ်သည်။

ဆူဆန်သည် ငယ်စဉ်ကတည်းကပင် ဖခင်၏အကြိုက်ကိုလိုက်ခဲ့သည်။ ဖခင်ဖြစ်သူကို ပထမဆုံး သိရှိမှတ်မိနေသည်ကတော့ ဖခင်၏အနံ့ပင်ဖြစ်သည်။ နောင်အခါတွင် သည်ရနံ့သည် ယောကျ်ားတို့၏အနံ့ဖြစ်ကြောင်း သူမသိရှိရသည်။ ဖခင်သည် မိမိအပေါ်တွင် အမြဲတမ်းကောင်းမွန်ခဲ့သည်။ မိမိက ဖခင်၏အချစ်တော်ပင်ဖြစ်သည်။ သည်အချက်ကို သူမက မည်သူနှင့်မျှ ခွဲဝေခံစားစရာမလိုပါ။ အထူးသဖြင့် သူမ၏မောင် အငယ်နှစ်ယောက်နှင့် ခွဲဝေစရာမလိုပါ။

ဆူဆန်၏ဖခင်သည် စိတ်ဓာတ်ကြံ့ခိုင်သူတစ်ဦးဖြစ်သည်။ သူ့အိမ်ထောင်နှင့် သူ့လုပ်ငန်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းနိုင်သူဖြစ်သည်။ ဆူဆန်၏မိခင်မှာလည်း စိတ်ဓာတ်အားနည်းသူတစ်ဦး မဟုတ်ပါချေ။ သူမ၏ခင်ပွန်းက စိတ်ဓာတ်အား ပိုမိုကြီးမားနေခြင်းသာဖြစ်သည်။ ဆူဆန်က အဖေနှင့်တူသူဖြစ်သည်။ ဖခင်ကလည်း သည်အတိုင်းဖြစ်လာရန် ပြုစုပျိုးထောင်သည်။ သူမ၏ကိုယ်ရည်ကိုယ်သွေးတို့သည် ဖခင်နှင့် တစ်နေ့တခြား ပိုပြီးတူလာသည်။ အထက်တန်းကျောင်းတွင် သူမက မလွဲမရှောင်သာပင် ခေါင်းဆောင်ပိုင်းသို့ရောက်ရှိခဲ့သည်။ သူမကို အတန်းဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

သူမ၏ဖခင်က သူမ ဘာလုပ်ရမည်ဟု မပြောခဲ့ပါ၊ မတိုက်တွန်းခဲ့ပါ။ သို့သော် သူမလုပ်ချင်သမျှကို ယုံယုံကြည်ကြည်နှင့် ထောက်ခံအားပေးသည်။ သူမ ဆေးကျောင်းသို့ရောက်ရှိပြီး တွေ့ရှိရသော မိန်းကလေးသူငယ်ချင်းများမှာလည်း မိမိကဲ့သို့ပင် ဖခင်ဘက်သို့ တူသူများဖြစ်ကြသည်။ သူတို့တစ်တွေ

mgyoe.com

mgyoe.com


၏ မိဘများကို ဆူဆန်တွေ့ရသောအခါများတွင် သူတို့၏ဖခင်များကို ယခင်ကတည်းကပင် သိရှိခဲ့သည်ဟု ထင်မိသည်။

ပြတင်းပေါက်အောက်ရှိ အပူပေးစက်မှ အပူငွေ့များ မှုတ်လွှတ်နေသံကြားရသည်။ တစ်နေရာတွင် ရေနွေးငွေ့များမြည်ထွက်နေသည်။ အပူပေးစက်သံကိုကြားရသောအခါတွင်မှ အခန်းတွင်း၌အေးစက်လျက်ရှိကြောင်း ဆူဆန်သတိပြုမိသည်။

သူမ မတ်တတ်ထလိုက်သည်။ လက်များကို ဆန့်တန်းပြီး ပြတင်းပေါက်ကိုပိတ်လိုက်သည်။ ပြတင်းပေါက်က လက်တစ်လုံးလောက်က ပွင့်နေခြင်းဖြစ်သည်။ ထို့နောက် ဆူဆန်သည် ညဝတ်အင်္ကျီကို ခေါင်းပေါ်မှ မ,ချွတ်လိုက်ပြီး မိမိ၏အဝတ်မဲ့သောကိုယ်ကို ရေချိုးခန်းတံခါးအနီးရှိ မှန်ထဲတွင် ကြည့်နေမိတော့သည်။

■

mgyoe.com

mgyoe.com

တနင်္လာ၊ ဖေဖော်ဝါရီ ၂၃၊ နံနက် ၇ နာရီ ၃၀ မိနစ်

ဘော်စတန်ဒေသတွင် လူဦးရေနှင့်မမျှအောင် ဗိသုကာတွေ ပေါများလှသော်လည်း ဘော်စတန်အထိမ်းအမှတ်ဆေးရုံ အဆောက်အအုံကား မော်ကွန်းတင်လောက်သော ဗိသုကာလက်ရာ မဟုတ်ပါချေ။ ဗဟိုပင်မ အဆောက်အအုံကြီးသည် စိတ်ဝင်စားဖွယ်ရာ ကောင်းပါသည်။ ဆွဲဆောင်နိုင်စွမ်းရှိပါသည်။ ဇော်ဂျီရောင် ကျောက်တုံးများဖြင့် ပြောင်မြောက်စွာ ဆောက်လုပ်ထားသည်။ သို့သော် အဆောက်အအုံက သေးငယ်နေပြီး အထပ်နှစ်ထပ်တည်းသာရှိပါသည်။ ထို့ပြင် ဖွဲ့စည်းထားသော အခန်းတွေက အခန်းကျယ်ကြီးတွေဖြစ်ပြီး ခေတ်မမီတော့ပါ။

သို့သော် လူတွေက အဆောက်အအုံ၏ ပုံပန်းသဏ္ဌာန်ကိုကြည့်ကြသည်မဟုတ်ပါ။ ဤအဆောက်အအုံတွင်ရှိနေသော စွမ်းရည်ကိုသာ ကြည့်ကြပါသည်။ ဘော်စတန်အထိမ်းအမှတ်ဆေးရုံကြီး ကျော်ကြားထင်ရှားခြင်းမှာ ဤဆေးရုံကြီးတွင် ကိန်းအောင်းနေသော ခေတ်မီဆေးပညာရပ်များ၏ စွမ်းပကားအဖြာဖြာနှင့် လျှို့ဝှက်ဆန်းကြယ်မှု အဖုံဖုံတို့ကြောင့်သာ ဖြစ်ပါသည်။ သာမန်လူများသည် ဤဆေးရုံကြီးသို့ အသည်းတထိတ်ထိတ် ရင်တလှပ်လှပ်ဖြင့် ရောက်ရှိလာကြရသည်။ ဆေးပညာလောကသားများအဖို့ကား ဤဆေးရုံကြီးသည် အောင်မြေဘုံသာပင်ဖြစ်ပေတော့သည်။ ဆေးပညာနယ်

mgyoe.com

mgyoe.com


ပယ်၏ အထွတ်အခေါင်ပင်ဖြစ်တော့သည်။

ဆေးရုံဝန်းကျင် အခင်းအကျင်းသည်လည်း လှပဆန်းကြယ်မှုများ မရှိပါ။ ဆေးရုံ၏တစ်ဖက်တွင် မြောက်ပိုင်းဘူတာရုံသို့သွားသော ရထားလမ်းများ ရှိသည်။ အခြားတစ်ဖက်တွင်ကား ဝင်ငွေနည်း အိမ်ထောင်များအတွက် ဆောက်လုပ်နေသောအိမ်ရာစီမံကိန်းရှိသည်။ ယင်းစီမံကိန်းသည် ဘော်စတန် အာဏာပိုင်အဖွဲ့၏ မဟုတ်မဟတ်မှုတစ်ရပ်ပင်ဖြစ်ပါသည်။ အကြောင်းမှာ အဆောက်အအုံများသည် ဝင်ငွေနည်းသူများအတွက် ရည်စူးသဖြင့် ပြင်ပမွမ်းမံမှုများမရှိ ချေ။ သို့သော် အခန်းခများက မိုးသို့ထိုးတက်နေသဖြင့် ဝင်ငွေများသူများနှင့် ချမ်းသာသူများသာနေထိုင်နိုင်ကြသည်။ ဆေးရုံ၏ ရှေ့ဘက်တွင် ဘော်စတန်ဆိပ်ကမ်းရှိသည်။ ရေအရောင်က ကော်ဖီရောင် တောက်နေသည်။ ဆေးရုံနှင့်ဆိပ်ကမ်းကို သတင်းစာစက္ကူအစုတ်အဟောင်းများနှင့် ပြည့်နေသော သမံတလင်းခင်း အားကစားကွင်းတစ်ခုက ခြားထားသည်။

သည်မနက် ၇ နာရီခွဲအချိန်တွင် အထိမ်းအမှတ်ဆေးရုံကြီး၏ ခွဲစိတ်ခန်းများအားလုံး ပျားပန်းခပ်မျှလှုပ်ရှားနေကြပြီ ဖြစ်သည်။ ၅ မိနစ်ကာလအတွင်းမှာပင် ခွဲစိတ်ဓားနှစ်ဆယ့်တစ်လက်သည် မေ့ဆေးပေးထားသော အသားများကို ခွဲစိတ်ကြပေတော့မည်။ သည်တွင် အောင်မြင်ခြင်း၊ မအောင်မြင်ခြင်း၊ တွေ့ရှိခြင်း မတွေ့ရှိခြင်းဟူသော လူတစ်စု၏ကံကြမ္မာတို့ကို ဖြစ်ပေါ်လာစေမည်။ ခွဲစိတ်မှုအရှိန်သည် နေ့လယ် နှစ်နာရီ၊ သုံးနာရီ အချိန်အထိ လျော့ဆင်းမည်မဟုတ်ချေ။ ည ရှစ်နာရီ၊ ကိုးနာရီဆိုလျှင်တော့ အခန်းနှစ်ခန်းသာလျှင် ဆက်လက်လှုပ်ရှားနေပေတော့သည်။ ယင်းအခန်းနှစ်ခန်းသည် ရုံဖန်ရုံခါတွင် နောက်တစ်နေ့မနက် ခုနစ်နာရီခွဲအထိ ဆက်သွားတတ်သည်။

သို့သော် ခွဲစိတ်မှု နားနေစဉ်တွင်ကား ခွဲစိတ်ကုသမှုအခန်းများနှင့် ဆန့်ကျင်ဘက်ပင်ဖြစ်သည်။ ပကတိ ငြိမ်သက်တိတ်ဆိတ်လျက်ရှိသည်။ အခန်းထဲတွင် လူနှစ်ယောက်သာရှိသည်။ အကြောင်းမှာ ကော်ဖီသောက်ချိန်သည် ကိုးနာရီကျော်မှဖြစ်သည်။ ရေအင်တုံအနီးတွင် အသက်ခြောက်ဆယ့်နှစ်နှစ်အရွယ် လူကြီးတစ်ယောက်ရှိသည်။ သူ၏ပုံပန်းက နာမကျန်း

mgyoe.com

mgyoe.com


သောပုံပန်းဖြစ်သဖြင့် သူ့အသက်ထက် ပိုမိုအိုမင်းသည်ဟု ထင်ရသည်။ သူက ရေအင်တုံထဲတွင် သူများတွေ ပစ်ထားခဲ့သော ကော်ဖီပန်းကန်နှစ်ဆယ်ကိုမဖယ်ဘဲ ရေအင်တုံကို ဆေးကြောသန့်စင်လျက်ရှိသည်။ သူ့အမည်က ဝေါ်လ်တာဖြစ်သည်။ သို့သော် ဝေါ်လ်တာဆိုသည်မှာ သူ၏ပထမအမည်လော၊ နောက်ဆုံးအမည်လောဟူ၍ ကွဲပြားသိရှိသူ နည်းပါးသည်။ သူ့နာမည်အပြည့်အစုံက ချက်စတာပီဝေါ်လ်တာဖြစ်သည်။ ပီ၏အဓိပ္ပာယ်မှာ ဘာဆိုသည်ကို မည်သူမျှမသိချေ။ ဝေါ်လ်တာ ကိုယ်တိုင်လည်း မသိရှိချေ။ ဤဆေးရုံခွဲစိတ်ဌာနတွင် သူအမှုထမ်းခဲ့သည်မှာ ဆယ့်ခြောက်နှစ်သားအရွယ်မှစပြီးဖြစ်သည်။ သူ မကျန်းမာပါ။ သူ ကိုယ်တိုင်ကလည်းပြောသည်။ ကြည့်လျှင်လည်း သိသာသည်။ သူ့အသားက မှန့်ညက်လိုဖြူနေသည်။ အဆက်မပြတ်လိုပင် ချောင်းတဟွတ်ဟွတ်ဆိုးသည်။ ချောင်းဆိုးသည့်အခါတိုင်းတွင် ချွဲသံပါသည်။ သို့သော် သူကတစ်ခါမျှ ချွဲပါအောင် ကြိုးစားပြီးမဆိုးပါ။ သူ၏ ညာဘက်ပါးစောင်တွင် အမြဲတမ်းလိုပင် ခဲထားသော စီးကရက်ကို အနှောင့်အယှက်မဖြစ်ရုံ ကလေးသာဆိုးနေခြင်းဖြစ်သည်။ ဆေးလိပ်မီးခိုးများ မမွန်စေရန် ခေါင်းကိုဘယ်ဘက်သို့စောင်းထားတတ်သည်။

နားနေခန်းအတွင်းရှိ အခြားတစ်ယောက်မှာကား လက်ထောက်ဆရာဝန် မတ်အိပ်ချ်ကိုးဖြစ်သည်။ အိပ်ချ်၏အဓိပ္ပာယ်မှာ ဟာပင်ဖြစ်သည်။ သူ့မိခင်၏အပျိုနာမည်ဖြစ်သည်။ မတ်ဘဲလိုးသည် ဇယားစာရွက်ဝါတစ်ခုတွင် အလုပ်ရှုပ်နေသည်။ ဝေါ်လ်တာ၏ ချောင်းဆိုးသံနှင့် ဝေါ်လ်တာ၏ စီးကရက်နှစ်ခုစလုံးကပင် မတ်ဘဲလိုးကို အနှောင့်အယှက်ပေးသည်။ ချောင်းဆိုးသံကြားတိုင်း သူခေါင်းထောင်ကြည့်သည်။ လူတစ်ယောက်အနေနှင့် အဘယ်ကြောင့် ဤမျှကျန်းမာရေးချွတ်ယွင်းနိုင်ပြီး အဘယ်ကြောင့် ဤမျှခံနေသည်ကို ဘဲလိုးစဉ်းစား၍မရနိုင်ပါ။ ထို့ပြင် ဝေါ်လ်တာအနေနှင့် ဤခွဲစိတ်ဌာနသည် အထွတ်အထိပ်ပင်ဖြစ်သည်။ ခေတ်သစ် စိတ်ပညာရပ်၏ သရုပ်ပင်ဖြစ်သည်။ အနယ်နယ်အရပ်ရပ်က သည်မှာလာပြီး စုဝေးကြသည်။ ဘဲလိုးသည် ဤနည်းဖြင့်ရောက်ရှိခဲ့သည်။ သူ့ အနေနှင့် သည်ဌာနမှာ လက်ထောက်ဆရာဝန်တစ်ဦးအဖြစ်ရရှိရန် အပြင်းအထန် ကြိုးစားခဲ့ရ

mgyoe.com

သည်။ ရက်ရှည်လများ စောင့်စားခဲ့ရသည်။

သူသည် ပုံမှန်အားဖြင့် ခွဲစိတ်ခန်း နှစ်ဆယ့်တစ်ခန်းအနက် တစ်ခန်းတွင် ပါဝင်ထမ်းဆောင်ရသည်။ သို့သော် ဖေဖော်ဝါရီလ ၂၃ ရက်တွင်ကား ဆေးကျောင်းသားငါးယောက်ကို ကြပ်မတ်ရန် တာဝန်တစ်ခု တိုးခဲ့သည်။ လောလောဆယ်တွင် ဘဲလိုးကို ဘီးယတ် ၅ တွင် တာဝန်ချထားသည်။ ဘီးယတ်(၅)ဆိုသည်မှာ ဘီးယတ်အဆောက်အအုံ၏ အထပ်နံပါတ် (၅) ဖြစ်သည်။ ဘဲလိုးသည် ဘီးယတ်(၅)တွင်လက်ထောက် ဆရာဝန်အဖြစ် ထမ်းဆောင်ရင်း ခွဲစိတ်ဌာနနှင့် စပ်ဆက်လျက်ရှိသော အထူးကုသမှုဌာနကို လည်း တာဝန်ယူသည်။

ဘဲလိုးသည် အလုပ်လုပ်နေရာမှ ခေါင်းမမော့ဘဲ အနီးရှိစားပွဲပေါ်မှ ကော်ဖီခွက်ကို လှမ်းယူလိုက်သည်။ သူက ကော်ဖီပူပူကို အသံထွက်အောင် ကျိုက်ယူလိုက်ပြီးနောက် ကော်ဖီခွက်ကို စားပွဲပေါ်တွင် အသံထွက်အောင် ပြန်ချထားလိုက်သည်။ သူက ကျောင်းသားတွေကို သင်ကြားပို့ချမှု ကောင်းသည့် လူတစ်ယောက်ကို စဉ်းစားမိသည်။ ချက်ချင်းပင် ထိုသူ၏နာမည်ကို ဇယားပေါ်တွင် ရေးချလိုက်သည်။ သူ့ရှေ့ရှိ စားပွဲနိမ့်နိမ့်ကလေးပေါ်တွင် ခွဲစိတ်ဌာန၏ စာရွက်တစ်ရွက်ရှိသည်။ သူက စာရွက်ကို ကောက်ယူလိုက်ပြီး ကျောင်းသားငါးယောက်၏အမည်များကို ကြည့်ရှုသည်။ ဂျော့နိုင်း၊ ဟာဗေးဂိုးလ်ဘတ်၊ ဆူဆန်ဝှီးလား၊ ဂျော်ဖရီဖဲယားဝဲသား (၃) နှင့် ပေါ်ကာ ပင်တို့ဖြစ်ကြသည်။ ယင်းတို့အနက်မှ နာမည်နှစ်ခုကိုစိတ်ဝင်စားမိသည်။ ဖဲယားဝဲသားဟူသောအမည်ကို တွေ့ရသောအခါ သူပြုံးမိသည်။ မျက်မှန်နှင့် ပိန်ပိန်သေးသေး လူရုပ်ကလေးပေါ်လာသည်။ ဆူဆန်ဝှီးလားအမည်ကို စိတ်ဝင်စားသည်ကတော့ သူက အမျိုးသမီးတွေကို စိတ်ဝင်စားသော ကြောင့်ပင် ဖြစ်သည်။ အမျိုးသမီးတွေကလည်း သူ့ကို အပြန်အလှန်စိတ်ဝင်စားကြသည်ဟု သူတွေးဆသည်။ ဆူဆန်ဝှီးလား ဟူသောအမည်ကို တွေ့ရသောအခါ နောက်တစ်လတော့ ဘယ်နည်းနှင့်မှ ငြီးငွေ့စရာမဖြစ်နိုင်ဟု သူယူဆသည်။ ဆူဆန်ဝှီးလား၏ပုံသဏ္ဍာန်ကိုတော့ စိတ်ကူးထဲတွင် ဖော်ကြည့်ခြင်းမရှိ၊ မလိုအပ်ပါ။

သည်ဆေးရုံသို့ မတ်ဘဲလိုးရောက်ရှိသည်မှာ နှစ်နှစ်ခွဲရှိပေပြီ။ ယခု

mgype.com

mgyoe.com


အထိတော့ အခြေအနေအားလုံး ကောင်းသည်။ လက်ထောက်ဆရာဝန် တစ်ဦးဘဝတွင် ဆေးကျောင်းသားများကို ကြီးကြပ်ရန် ရွေးချယ်ခံရခြင်း သည် အခွင့်အရေးကြီးတစ်ခုဖြစ်သလို အနှောင့်အယှက်တစ်ခုလည်း ဖြစ် ပေသည်။ အမှန်အားဖြင့်တော့ ဟူးကာဆေး ရုတ်တရက် အသည်းရောင် သဖြင့် သူ့ကို အစားထိုးရွေးချယ်ခြင်းဖြစ်သည်။ ဟူးကာဆေးသည် အထက်တန်းဆရာဝန်တစ်ဦးဖြစ်ပြီး ကျောင်းသားနှစ်စုကိုတာဝန်ခံ သင်ကြား ရသူဖြစ်သည်။ လွန်ခဲ့သည့် သုံးပတ်လောက်ကမှ အသည်းရောင် ရောဂါစွဲ ကပ်ခြင်းဖြစ်သည်။ သည်မှာပင် ဒေါက်တာဟိုးဝပ်စတတ်ကို ဘဲလိုးသွား ရောက်တွေ့ဆုံရသည်။

ဘဲလိုးသည် ဌာနတာဝန်ခံ ဆရာဝန်ကြီးနှင့် သွားရောက်တွေ့ဆုံရန် ကိစ္စကို ကာဆေး၏နေမကောင်းမှုနှင့်တွဲပြီး မစဉ်းစားမိခဲ့ပါ။ မိမိတွင် အများ အယွင်းတစ်ခုရှိသဖြင့် ဆင့်ခေါ်ခြင်းဟု အောက်မေ့သည်။ ပြစ်တင်ကြိမ်း မောင်းခြင်းခံရန် ပြင်ဆင်ထားသည်။ သို့သော် သူမျှော်လင့်ထားသည်နှင့် တခြားစီဖြစ်နေသည်။ စတတ်သည် အထူးပင် ချိုသာပျော့ပျောင်းလျက်ရှိ သည်။ ကာဆေး၏ကိုယ်စား ဆေးကျောင်းသားများကို တာဝန်ယူရန် စိတ်ဝင်စားခြင်း ရှိ မရှိမေးမြန်းသည်။ အမှန်အတိုင်းဆို လျှင် ဘဲလိုး ငြင်းဆန် လိုသည်။ သို့သော် စတတ်၏မေတ္တာရပ်ခံမှုကို မည်သူမျှ မငြင်းဆန်နိုင်ပါ။ သို့ဖြင့် ဘဲလိုး လက်ခံလိုက်ရသည်။

ဘဲလိုးသည် ဇယားဝါစာအုပ်၏ ပထမမျက်နှာအစွန်တွင် တစ်လက် မပတ်လည်ခန့်ရှိသော လေးထောင့်ကွက်ကလေးများ ညီညာစွာ ရေးသွင်း သည်။ ထို့နောက် ဆေးကျောင်းသားများကို သူတာဝန်ယူရမည့်ရက်ပေါင်း ၃၀ အတွင်း နေ့စွဲများဆက်လက်ရေးဖြည့်သည်။ လေးထောင့်ကွက် တစ်ခုစီ တွင် မနက်နှင့် ညနေဟူ၍ ပိုင်းခြားသည်။ မနက်ပိုင်းတွင် သူ သင်ကြားပို့ချ မည်။ ညနေပိုင်းတွင် အခြားသင်ကြားပို့ချမည့်သူ၏ နာမည်ကို ရေးသွင်း သည်။ သင်ကြားပို့ချမည့်အကြောင်းရပ်များ မလပ်ရအောင် တစ်ခါတည်း ရေးမှတ်ထားရန် ဘဲလိုး ဆုံးဖြတ်သည်။

ဘဲလိုးသည် အသက်နှစ်ဆယ့်ကိုးနှစ်ရှိပြီဖြစ်သည်။ သူ၏မွေးနေ့ပွဲကို ပြီးခဲ့သည့်တစ်ပတ်ကမှ ကျင်းပခဲ့သည်။ သူ၏အသားအရေသည် ယောက်ျား

mgyoe.com

mgyoe.com


တစ်ယောက်အနေနှင့်နူးညံ့လွန်းသည်။ သူ၏ကိုယ်ခန္ဓာအချိုးအစား ကောင်းမွန်ကျနသည်။ နေ့စဉ်မှန်မှန်လမ်းလျှောက်သည်။ နှစ်မိုင်၊ သုံးမိုင်လျှောက်သည်။ သူ့မျက်လုံးများ ပြာလဲ့သည်။ မျက်နှာထား ဖော်ရွေချိုသာသည်။ မတ်ဘဲလိုးကို လူတိုင်းလောက်ကပင် နှစ်သက်ကြသည်။

ဘီးယတ်(၅)တွင် အလုပ်သင်ဆရာဝန်နှစ်ဦးရှိသည်။ ဂျွန်ဟော့စကင်းတက္ကသိုလ်မှလာသော ဒင်နီယယ်ကတ်ရိုက်နှင့်ယေးတက္ကသိုလ်မှလာသော ရောဘတ်ရိတ်တို့ဖြစ်ကြသည်။ သူတို့သည် ဇူလိုင်လမှစပြီး အလုပ်ဝင်ခဲ့ကြသည်။ လောလောဆယ်တွင် ကတ်ရိုက်ကို အထူးကုသမှု ဌာနတွင် တာဝန်ချထားသည်။ ရိတ်က ဘီးယတ်(၅)တွင် ဖြစ်သည်။ ဆေးကျောင်းသားများကို သင်ကြားပို့ချရာတွင် သူတို့နှစ်ယောက်ကိုလည်း အသုံးပြုမည်ဟု ဘဲလိုးဆုံးဖြတ်သည်။ ဘတ်ရိတ်က ပို၍ အကူအညီရမည်ဟု ယူဆရသည်။

"တော်တော်ဆိုးတဲ့ ရာသီဥတုပဲ"

ဝေါ်လ်တာက ပြောလိုက်သည်။

"အင်း..."

ဘဲလိုး အမှတ်မထင် ရွတ်ဆိုလိုက်သည်။ ဝေါ်လ်တာ၏ မှတ်ချက်ကို လူအတော်များများက လက်ခံမည်ဖြစ်သည်။ ကောင်းကင်ကြီးတစ်ခုလုံး တိမ်တိုက်များဖြင့် မှုန်မှိုင်းနေသည်။ သို့သော် ဘဲလိုးက ရာသီဥတုကို မတွေးပါ။ ကျောင်းသားငါးယောက်အကြောင်းကို တွေးနေသည်။ သည်ငါးယောက်သည် မိမိတက်လမ်းကိုအထောက်အကူဖြစ်စေမည်ဟု ဘဲလိုး ဆုံးဖြတ်လိုက်သည်။

"အမှန်ပြောရရင်တော့ ကျုပ်အဖို့တော့ တကယ်ကောင်းတဲ့ ရာသီဥတုပဲ ဝေါ်လ်တာ"

ဝေါ်လ်တာ မပြောနိုင်မီမှာပင် ဘဲလိုးသည် ကျောင်းသားငါးယောက်နှင့်တွေ့ဆုံရန် ထွက်သွားချေပြီတည်း။

မိမိတာဝန်သည် မိမိ၏ကောင်းကျိုးသာ ဖြစ်ရပေမည်။

■

mgyoe.com

mgyoe.com

တနင်္လာ၊ ဖေဖော်ဝါရီ ၂၃၊ နံနက် ၉နာရီ။

ဆူဆန်ဗိုးလားသည် အဆောင်မှ ဆေးရုံသို့ ဂျော်ဖရီ၏ကားဖြင့် ပါရှိသွားသည်။ ဂျော်ဖရီဖဲယားဝဲသား၏ကားမှာ ငယ်ငယ်လေးဖြစ်သဖြင့် သုံးယောက်သာဆံ့သည်။ ပေါကာပင်သည် ဖဲယားဝဲသား၏သူငယ်ချင်းဖြစ်သဖြင့် အခြားကံကောင်းသူတစ်ဦးဖြစ်သည်။ ဂျော့နှင့် ဟာဗေးတို့မှာမူ နံနက် ၉ နာရီအချိန်တွင် မတ်ဘဲလိုးနှင့်တွေ့ဆုံရန် ဘော့စတန်မြို့၏ယာဉ်ဒုက္ခကိုခံစားကြရဖို့ပဲ ရှိတော့သည်။

ဂျော်ဖရီ၏ကားကလေးသည် လေးမိုင်ခရီးကို အချိန်ကိုက်ပင်ရောက်ရှိသည်။ သူတို့သုံးယောက် ဆေးရုံကြီး၏ဗဟိုပေါက်ဆီသို့ လျှောက်သွားကြသောအခါ ၈ နာရီ ၄၅ ဖြစ်သည်။ အခြားနှစ်ယောက်မှာမူ ခေတ်သစ်ပို့ဆောင်ရေးစနစ်ကြောင့် လေးမိုင်ခရီးကို နာရီဝက်လာကြရသည်။ ဆေးရုံသို့ ၈ နာရီ ၅၅ မိနစ်တွင်ရောက်ရှိသည်။ ဘဲလိုးနှင့် တွေ့ဆုံရမည့်နေရာမှာ ဘီးယတ် ၅ နားနေခန်းဖြစ်သည်။ ဘီးယတ် (၅)သို့ ဘယ်လိုသွားရမည်ကို မည်သူမျှ မသိပါ။ သူတို့အားလုံး ကံကြမ္မာကို အားကိုးပြီး ဆေးရုံအတွင်းသို့ လျှောက်ဝင်သွားကြသည်။ စာသင်ခန်းအတွင်း နံနက် ကိုးနာရီမှ ညနေငါးနာရီအထိ နှစ်နှစ်လုံးလုံး ထိုင်လာခဲ့ကြရသော ဆေးကျောင်းသားများအဖို့ သိပ်ပြီး မပူပန်တတ်ကြတော့။ သုံးယောက်တစ်စုနှင့် နှစ်ယောက်တစ်စု

mgyoe.com

mgyoe.com

တို့ ဓာတ်လှေကားအနီးတွင် ဆုံမိကြသည်။

"ကိုယ်တော့ ဒီနေရာကို သဘောမကျချင်လှဘူး"

ရျော့နိုင်းက လူတွေ ပြည့်ကျပ်နေသော ဓာတ်လှေကားအတွင်းသို့ တိုးဝင်ရင်းဆူဆန်ဗိုးလားကို ပြောသည်။ နိုင်း၏စကားအဓိပ္ပာယ်ကို ဆူဆန်သဘောပေါက်သည်။ လူတစ်ယောက်အဖို့ "မသွားချင်ဘူး" ဆိုသော နေရာကိုသွားရပြီဆိုလျှင် နောက်ထပ်ပြဿနာက တက်လာတတ်သည်။ ကျောင်းသားငါးယောက်တို့၏ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုသည် တဲတဲကလေးသာရှိနေကြသည်။ သည်ဆေးရုံသည် ဆေးပညာရပ်များကို သင်ကြားရာတွင် အထူးပင်ကျော်ကြားမှန်းသိသဖြင့် သူတို့ သွားရောက်လိုကြသည်။ အခြားတစ်ဖက်တွင် သူတို့သည် ဆရာဝန်ဖြစ်ရမည်ကို ဆန့်ကျင်နေမိကြသည်။ သူတို့ကိုယ်တွင် ဝတ်ဆင်ထားသော ကုတ်အင်္ကျီအဖြူများသည် ဆေးရုံလောကနှင့် ဆက်စပ်လျက်ရှိသော်လည်း လူနာများနှင့်ဆက်ဆံမှုကား သူတို့တွင် မရှိသလောက်ဖြစ်သည်။ သူတို့၏ကုတ်အင်္ကျီအဖြူ လက်ဝဲဘက်အိတ်များမှ တွဲလောင်းကျနေသော နားကြပ်များသည် သူတို့အချင်းချင်းတစ်ယောက်ကို တစ်ယောက် စမ်းသပ်သည့်အရာများသာဖြစ်သည်။ လူနာဟူ၍ လက်တစ်ဆုပ်စာမျှလောက်သာ ကြုံဖူးသည်။ သူတို့ သင်ကြားခဲ့ရသည်များသည် လက်တွေ့များမဟုတ်ကြပေ။

သို့သော်လည်း သူတို့သည် တိုင်းပြည်တွင် အကောင်းဆုံးဖြစ်သောဆေးတက္ကသိုလ်မှ ကျောင်းသားများဖြစ်ကြသည်။ ဤအချက်ကို ထည့်တွက်ကြရပေမည်။ ဓာတ်လှေကားပေါ်တွင် လိုက်ပါသွားရင်း ဤအချက်များကို သူတို့စဉ်းစားသွားကြသည်။ ဘီးယတ် ၂ တွင် ဓာတ်လှေကားပွင့်သွားပြီး ခွဲစိတ်ဝတ်စုံနှင့်ဆရာဝန်တစ်ဦး ထွက်လာသည်။ ခွဲစိတ်ခန်းများလှုပ်ရှားနေသည်ကို ဆေးကျောင်းသားငါးယောက် ချက်တစ်ဖြုတ် တွေ့မြင်ကြရသည်။

ပဉ္စမထပ်သို့ရောက်ရှိသောအခါ ဆေးကျောင်းသားများသည် မည်သည့်ဘက်သို့သွားကြရမည်မသိသဖြင့် တုံ့ဆိုင်းနေကြသည်။ ဆူဆန်က ခေါင်းဆောင်ပြီး ဆရာများအခန်းဆီသို့ စင်္ကြံလမ်းအတိုင်း လျှောက်သွားသည်။ အလယ်ထပ်ရှိ ခွဲစိတ်ဒေသမှာလိုပင် ဘီးယတ် ၅ ရှိ ဆရာမများ အခန်းသည်လည်း

mgyoe.com

mgyoe.com
ပျားပန်းခပ်လျက်ရှိသည်။ အခန်းစာရေးသည် နားရွက်တွင် တယ်လီဖုန်းကပ်ထားပြီး သွေးမှတ်တမ်း ပေးပို့ချက်များကို ရယူလျက်ရှိသည်။ တာဝန်ခံဆရာမ တယ်ရီလင်ကွီဗစ်သည် ယနေ့ခွဲစိတ်ရသည့် လူနာများကိုလိုအပ်သော ဆေးများတိုက်ပြီး မပြီးစစ်ဆေးလျက်ရှိသည်။ အခြားဆရာမခြောက်ယောက်တို့သည်လည်း အလားတူပင် အလုပ်လုပ်လျက်ရှိကြသည်။

ဆူဆန်ဝီးလားသည် စိတ်လှုပ်ရှားမှုကို ဖုံးကွယ်ကာ ရှုပ်ထွေးလျက်ရှိသော ဒေသတွင်းသို့ တည်ငြိမ်စွာ ချဉ်းကပ်သွားသည်။ အခန်းစာရေး သည် ချဉ်းကပ်ရန် အသင့်လျော်ဆုံးဟု ယူဆရသည်။

"ဒီမယ်ရှင် ... ကျေးဇူးပြုလို့ ကျွန်မကို ..."

ဆူဆန် စကားစလိုက်သည်။

အခန်းစာရေးက သူ၏ဘယ်ဘက်လက်ကို ဆူဆန်ထံ မြှောက်ကာပြသည်။

"အဲဒီ သွေးအကြောင်းထပ်ပြောစမ်းပါဦး၊ ဒီမှာ အားလုံးရှုပ်ထွေးနေတာပဲ"

ခေါင်းနှင့်ပခုံးအကြားတွင် ညှပ်ထားသော စကားပြောခွက်အတွင်းသို့ အော်ပြောသည်။ သူ့ရှေ့ရှိ စာရေးစက္ကူပေါ်တွင်လည်း လက်တစ်ဖက်ဖြင့် ရေးမှတ်လျက်ရှိသည်။

"လူနာကို ဗန်းလုပ်ပေးဖို့လည်း ညွှန်ကြားထားတယ်"

သူက ဆူဆန်ကိုမော့ကြည့်သည်။ ထို့နောက် ခေါင်းကိုယမ်းခါနေသည်။ ဆူဆန် ဘာမှမပြောရမီမှာပင် စာရေး၏မျက်လုံးများသည် သူ့ရှေ့ရှိ လူနာမှတ်တမ်းပေါ်သို့ ရောက်ရှိသွားသည်။

"ဟုတ်တယ် ဗန်းလုပ်ရမယ်လို့ ပြောထားတယ်။ ခွဲစိတ်ခွဲခန်း တောင်းခံချက်ကို ကျုပ်ကိုယ်တိုင် ရေးထည့်ထားတာပဲ။ ဒီမှာ ဗန်းမလုပ်ဘူးဆိုရင် ဒေါက်တာနီဒင်တော့ ပြဿနာပဲ။ ဘာပြောတယ် ခင်ဗျားမှာ သွေးကြည်ရည်မရှိဘူးဆိုရင် ဒီမှာလာယူလှည့်။ လူနာက ၁၁ နာရီမှာ ခွဲရမယ်။ တားပင်းကိစ္စကော ခွဲစိတ်ခွဲခန်းအစီရင်ခံစာ ရပြီလား။ ဟုတ်တယ် ကျုပ်လိုချင်တယ်"

စာရေးက ဆူဆန်ကို မော့ကြည့်သည်။ တယ်လီဖုန်းကို နားရွက်နှင့် ပခုံးကြားတွင် ညှပ်ထားသည်။

mgyoe.com

"ဘာကိစ္စရှိလို့လဲ"

သူက ကတိုက်ကရိုက်မေးသည်။

"ကျွန်မတို့ ဆေးကျောင်းသားတွေပါ။ ကျွန်မတို့..."

"မစ္စလင်ကွိဗစ်နဲ့ ပြောပါ"

စာရေးက ရုတ်တရက် ခေါင်းငုံ့ကာ စာရွက်ပေါ်တွင် စာလုံးများရေးသော့ရင်း ပြောသည်။ ထို့နောက် ခဲတံကိုင်ထားသော လက်ဖြင့် တယ်ရီလင်ကွိဗစ်ထံသို့ ညွှန်ကြားသည်။

ဆူဆန်က တယ်ရီလင်ကွိဗစ်ကို လှမ်းကြည့်လိုက်သည်။ ဆရာမသည် မိမိထက် လေးငါးနှစ်မျှကြီးမည်ဟု ခန့်မှန်းရသည်။ ခြုံ၍ကြည့်လျှင် လှပသည်ဟုပြောရမည်။ သို့သော် ဆူဆန်၏သဘောအရဆိုလျှင် အလေးချိန် စီးလွန်းသည်။ သူမကို ကြည့်ရသည်မှာလည်း အခန်းစာရေးလိုပင် အလုပ်ရှုပ်လျက်ရှိသည်။ သို့သော် ဆူဆန်က စာရေးနှင့်အငြင်းပွားမနေနိုင်တော့ပါ။ အဖော်တွေကို တစ်ချက်လှမ်းကြည့်လိုက်သည်။ သူတို့က သူမကိုပင် ဦးဆောင်စေလိုသည့်သဘောရှိနေကြသည်။ သို့ဖြင့် ဆူဆန်သည် မစ္စလင်ကွိဗစ်ထံသို့ လျှောက်သွားသည်။

"ဒီမယ်ရှင့် တစ်ဆိတ် ကျွန်မတို့ ဆေးကျောင်းသားတွေပါ"

ဆူဆန် ယဉ်ကျေးစွာပြောသည်။

"အို ... ဒုက္ခပါပဲ။ တကယ် အလုပ်များတဲ့နေ့မှာမှ ဆေးကျောင်းသားတွေရောက်လာတယ်။ ကျေးဇူးပြုပြီး ကျွန်မကို လောလောဆယ်မှာ ဒုက္ခမပေးကြပါနဲ့ဦး"

တယ်ရီလင်ကွိဗစ်က ဆူဆန်၏စကားကို ကြားဖြတ်ပြောလိုက်သည်။

"ဆရာမကို ကျွန်မ ဒုက္ခပေးတာမဟုတ်ပါဘူး။ ဘီးယတ် ၅ နားနေခန်း ဘယ်နားမှာ ရှိသလဲလို့မေးရုံပါပဲ"

"အလယ်စားပွဲနဲ့ မျက်နှာချင်းဆိုင် တံခါးပေါက်ပဲ"

လင်ကွိဗစ်က အနည်းငယ်ပျော့ပျောင်းစွာ ပြန်ပြောသည်။

ဆူဆန်တစ်ဖက်လှည့်ပြီး သူမ၏အဖော်များထံသို့ လျှောက်သွားစဉ်တွင် တယ်ရီလင်ကွိဗစ်က ဆရာမတစ်ယောက်ကို လှမ်းပြောသံထွက်ပေါ်လာသည်။

mgyoe.com

"နန်စီရေ မင်းတော့ ယုံမှာမဟုတ်ဘူး။ ကနေ့ တို့ဘာရမယ်ထင်သလဲ။ ဆေးကျောင်းသားအသစ်စက်စက် ပူပူနွေးနွေးကလေးတွေရမယ်"

သက်ပြင်းချသံ၊ ညည်းညူသံများ ဆူဆန်ကြားရသည်။

ဆူဆန်သည် စာရေးစားပွဲကိုကွေ့ပြီးသွားသည်။ စာရေးသည် တယ်လီဖုန်းပြောနေဆဲ၊ ရေးခြစ်နေဆဲဖြစ်သည်။ စားပွဲနှင့်မျက်နှာချင်းဆိုင်ရှိ တံခါးပေါက်အဖြူကြီးနှစ်ခုဆီသို့ သူမလျှောက်သွားသည်။ အဖော်များ သူမဘေးတွင် လိုက်ပါလာကြသည်။

"အင်း ... ကြိုဆိုရေးကော်မတီဝင်တွေပဲ"

ကာပင်က ပြောလိုက်သည်။

"ဟုတ်တယ်၊ သဲဖြူခင်း ရာဇမတ်ကာပြီး ကြိုတာပဲ"

ဖဲယားဝဲသားက ဖြည့်စွက်သည်။

ဆူဆန်တံခါးကို တွန်းဖွင့်သည်။ အခန်းထဲတွင် စာအုပ်အဟောင်းများ ရေးခြစ်ထားသော စာရွက်များ၊ ညစ်ပတ်နေသောကော်ဖီပန်းကန်များ၊ ဆေးထိုးအပ်များ၊ သွေးကြောသွင်းပစ္စည်းများဖြင့် ရှုပ်ပွလျက်ရှိသည်။ လက်ဝဲဘက်နံရံတွင် စားပွဲရှည်ကြီးတစ်ခုရှိသည်။ အလယ်တွင် ကော်ဖီဖျော်စက်ရှိသည်။ အခန်း၏တစ်ဖက်ဖျားတွင် ခန်းဆီးမရှိသော ပြတင်းပေါက်များရှိသည်။ နေရောင်သည် ပြတင်းပေါက်မှန်ကိုဖောက်ပြီး ကြမ်းပြင်ပေါ်သို့ ကျရောက်နေသည်။ လက်ယာဘက်နံရံတွင် ကြော်ငြာသင်ပုန်းရှိသည်။ သတင်းများ၊သတိပေးချက်များ၊ကြော်ငြာချက်များကပ်ထားသည်။ ထို့နောက် မြေဖြူမှုန့်များတင်နေသော ကျောက်သင်ပုန်းကြီးတစ် ချပ်ရှိနေသည်။ အခန်း၏အလယ်တွင် စာရေးရန် လက်တင်ပါသော ကုလားထိုင်များရှိသည်။ ကျောက်သင်ပုန်းကြီးရှေ့တွင် ကုလားထိုင်တစ်လုံး ချထားပြီး ဘဲလိုး ထိုင်နေသည်။ ဆေးကျောင်းသားများအခန်းတွင်းသို့ ဝင်လာသောအခါ ဘဲလိုးသည် ဘယ်ဘက်လက်ကိုမြှောက်ပြီး နာရီကိုကြည့်သည်။ အတန်ကြာသည်အထိ မည်သူမျှ ဘာမှမပြောကြပါ။ ဘဲလိုးက တမင်တကာ နှုတ်ဆိတ်နေခြင်းဖြစ်သည်။ သူ့တွင် ဆေးကျောင်းသားများနှင့်ပတ်သက်သော အတွေ့အကြုံမရှိပါ။သို့သော် သူ၏ပုံစံအရ ဩဇာအာဏာရှိသည့်သဘောကို ဆောင်သည်။ ဆေးကျောင်းသားများ တိတ်ဆိတ်နေခြင်းမှာ ခိုးလိုးခုလု

mgyoe.com

mgyoe.com


ဖြစ်နေသောကြောင့်ပင်ဖြစ်သည်။

"ကိုးနာရီ နှစ်ဆယ်ရှိနေပြီ"

ဘဲလိုးက ကျောင်းသားတွေကို တစ်ယောက်ချင်းကြည့်ရင်း ပြောသည်။

"အဲဒီအစည်းအဝေးက ကိုးနာရီမှာ စရမှာဖြစ်တယ်။ ကိုးနာရီနှစ်ဆယ် မဟုတ်ဘူး။ ကျုပ်တို့ဟာ အစကောင်းဖို့လိုတယ်"

သူက ဩဇာအာဏာပြည့်ဝစွာနှင့် ပြောသည်။ ထိုင်ရာမှ ထလိုက်သည်။ မြေဖြူခဲကို ကောက်ယူသည်။

"ဒီဆေးရုံမှာ အထူးသဖြင့် ခွဲစိတ်ဌာနမှာ အရေးကြီးတဲ့ အချက်တစ်ချက်ရှိတယ်။ အဲဒါက အားလုံးဟာ သူ့အချိန်နဲ့သူ လုပ်ကြရတယ်။ အဲဒါကို မင်းတို့နားလည်ထားဖို့ အရေးကြီးတယ်။ ဒီလိုမဟုတ်ဘူးဆိုရင် မင်းတို့ရဲ့ အတွေ့အကြုံဟာ..."

ဘဲလိုးသည် မြေဖြူခဲဖြင့် ကျောက်သင်ပုန်းကို ခေါက်ရင်းဆက်ပြောရမည့်စကားလုံးကိုစဉ်းစားသည်။ ဆူဆန်ဗိုးလားကို သူကြည့်သည်။ သူမ၏ပုံပန်းသဏ္ဌာန်က သူ့အတွေးကို ရှုပ်ထွေးသွားစေသည်။ သူက ပြတင်းပေါက်မှအပြင်သို့ လှမ်းကြည့်လိုက်ပြီး

"အေးမြတဲ့ ဆောင်းရက်ရှည်ကြီးတစ်ခု ဖြစ်လိမ့်မယ်"

ဘဲလိုးသည် ကျောင်းသားများကို ကြည့်ရင်း ပြင်ဆင်ထားသော ပဏာမစကားကိုပြောသည်။စကားပြောရင်း ကျောင်းသားတွေ၏ မျက်နှာကိုကြည့်သည်။ ဖဲယားဝဲသားကို သူမှတ်မိသည်။ သူ့မျက်နှာမှ မျက်မှန်ကြီးသည် မိမိထင်ထားသည့်အတိုင်းပင်ဖြစ်သည်။ ထို့နောက် ဂိုးလ်ဘတ်၊ သူ့ကို သုံးလို့ရမည်ဟု ဘဲလိုး ယုံကြည်သည်။ အခြားကျောင်းသားနှစ်ယောက်မှာမူ ဘဲလိုး၏စိတ်အာရုံတွင် မထူးခြားလှ။ ဆူဆန်ကို သူဖျတ်ခနဲ ကြည့်လိုက်သည်။ ပထမအကြိမ်ကအတိုင်းပင် စိတ်ရှုပ်ထွေးသွားသည်။ သည်မိန်းကလေး : ၁ည်မျှ လှလိမ့်မည်ဟု သူမျှော်လင့်မထားပါ။

သူမက ဘောင်းဘီအပြာရင့်၊ အင်္ကျီအပြာနု၊ လည်စည်းနီပြာရင့်နှင့် ဖြစ်သည်။ ဆေးကျောင်းကုတ်အဖြူကို ဖွင့်ထားသည်။ သူမ၏ပြည့်ဖြိုးသော ရင်သားများကိုဖော်ပြလျက်ရှိသည်။ ကျောင်းသားတွေနှင့် ဘယ်လိုဆက်ဆံရမည်ဟု သူတွက်ဆထားသည့်အထဲတွင် သည်အဖြစ်၊ သည်အနေ

mgyoe.com

mgyee.com


မျိုး မပါရှိပါ။ ယင်းကြောင့် သူသည် ဆူဆန်ကိုမကြည့်မိအောင် ကြိုးစားနေရသည်။

"မင်းတို့ ဒီဆေးရုံမှာ အားလုံးပေါင်း သုံးလနေရမယ်။ အဲဒီသုံးလထဲမှာက တစ်လက ဘီးယတ် ၅ မှာကျတယ်။ တစ်နည်းပြောရရင်တော့ ဒါဟာ ကောင်းတဲ့အချက်ပဲ။ နောက်တစ်နည်းပြောရရင်တော့ မကောင်းတဲ့အချက်ပဲ။ လူ့ဘဝမှာ အားလုံးဒီလိုပဲဖြစ်ကြတာပဲ"

ကာပင် ရယ်လိုက်သည်။ သို့သော် သူတစ်ယောက်တည်းဖြစ်နေသဖြင့် ချက်ချင်းရပ်လိုက်သည်။ ဘဲလိုးက ကာပင်သို့ စိုက်ကြည့်ပြီး ဆက်ပြောသည်။

"ဘီးယတ် ၅ ရဲ့ လုပ်ငန်းတွေထဲမှာ အထူးကုသမှုဌာနတစ်ခုပါဝင်တယ်။ ဒါကြောင့် မင်းတို့ဟာ အထူးကုသမှု အတွေ့အကြုံရမယ်။ အဲဒါက ကောင်းတဲ့အချက်ပဲ။ မကောင်းတဲ့ အချက်ကတော့ မင်းတို့ ဆေးရုံအတွေ့အကြုံမှာ စောလွန်းနေတာပဲ။ ဒါဟာ မင်းတို့ရဲ့ ပထမဆုံးဆေးရုံအတွေ့အကြုံပဲ မဟုတ်လား"

ကာပင်က သူ့ကိုမေးမှန်း သေချာအောင် ဘေးနှစ်ဖက်သို့ ကြည့်သည်။ ပြီးမှ ဖြေသည်။

"ဟုတ်ပါတယ်"

ဘဲလိုးဆက်ပြောသည်။

"အထူးကုသမှုဌာနဟာ မင်းတို့အဖို့ အများကြီးလေ့လာရမယ့် ဌာနပဲ။ ဒါပေမဲ့ လူနာကုသမှုမှာ ဒီဌာနဟာ အင်မတန်အရေးကြီးတဲ့ဌာနဖြစ်တယ်။ လူနာတစ်ယောက်နဲ့ပတ်သက်လို့ မင်းတို့ရဲ့ညွှန်ကြားချက်တွေ အားလုံးကို ကျုပ်ကိုယ်တိုင်ဖြစ်စေ၊ ဒါမှမဟုတ် ဒီဌာနမှာရှိတဲ့ အလုပ်သင်ဆရာဝန်တစ်ယောက်ကဖြစ်စေ ထပ်ဆင့်ပြီးလက်မှတ်ထိုးရမယ်။ အထူးကုသမှုဌာနမှာ မင်းတို့ရေးတဲ့ညွှန်ကြားချက်တွေကို ထပ်ဆင့်လက်မှတ်ချက်ချင်းထိုးရမယ်။ ရိုးရိုးခန်းမှာ မင်းတို့ရေးတဲ့ညွှန်ကြားချက်တွေ ကိုတော့ နောက်မှ တစ်ခါတည်းစုပြီး ထပ်ဆင့်လက်မှတ်ထိုးမယ်။ အဲဒါ ရှင်းရဲ့လား"

ကျောင်းသားများကို တစ်ယောက်ချင်း ဘဲလိုး ကြည့်သည်။ ဆူဆန်ကိုလည်းကြည့်သည်။ သူမက တည်ငြိမ်အေးဆေးစွာပင် ပြန်ကြည့်သည်။

mgyee.com

mgyoe.com


ဘဲလိုးနှင့်ပတ်သက်ပြီး ဆူဆန်၏လတ်တလော ထင်မြင်ချက်မှာ မကောင်းမွန်လှပါ။ သူ၏အမူအရာများမှာ တမင်လုပ်နေမှန်း သိသာသည်။ နောက်ပြီး အချိန်တိကျမှုနှင့်ပတ်သက်ပြီး ပြောဆိုခြင်းသည်လည်း စောလွန်းသေးသည်ဟုယူဆသည်။ ထို့အပြင် မတ်ဘဲလိုးကို ယောက်ျားတစ်ယောက်အဖြစ် ဆူဆန် သတိမပြုမိပါ။ သူမ၏ခေါင်းထဲတွင် ဒီအတွေးမျိုး ပေါ်မလာပါ။

"ဒီမှာ မင်းတို့အတွက် အချိန်ဇယားတွေ လုပ်ထားတယ်။ ဘီးယတ် ၅ မှာ မင်းတို့ရှိနေတုန်း လိုက်နာရမယ့် အချိန်ဇယားပဲ။ ရိုးရိုးခန်းမှာရှိတဲ့ လူနာတွေနဲ့၊ အထူးခန်းမှာရှိတဲ့ လူနာတွေကို မင်းတို့အတွက် ညီညီမျှမျှ ခွဲပေးမယ်။ အလုပ်သင်ဆရာဝန်နဲ့တွဲပြီး လုပ်ကြရမယ်။ လူနာအသစ်လက်ခံတဲ့နေရာမှာလည်း မင်းတို့ချင်းတာဝန်ခွဲထားရမယ်။ လူနာအသစ်တစ်ယောက် လက်ခံတဲ့နေရာမှာလည်း မင်းတို့အထဲက တစ်ယောက်က အားလုံးအပြီးအစီး လုပ်ပေးရမယ်။ ညတာဝန်အတွက်တော့ တစ်ညမှာ အနည်းဆုံး တစ်ယောက် နေရမယ်။ အဲဒီသဘောကတော့ ငါးညမှာမှ တစ်ည တာဝန်ကျတဲ့သဘောပဲ ဒါဆိုရင် မင်းတို့အတွက် တာဝန်မကြီး ကောင်းပါဘူး။ တခြားလူတွေလည်း ညပိုင်းမှာနေချင်တယ်ဆိုရင် နေနိုင်တယ်။ ဒါပေမဲ့ အနည်းဆုံးတစ်ယောက်တော့ ဒီမှာ တစ်ညလုံးနေရမယ်။ ကနေ့ပဲ မင်းတို့ချင်းညှိလိုက်ပြီး ဘယ်သူ ဘယ်နေ့မှာ တာဝန်ယူမယ်ဆိုတာ စာရင်းပေးပါ။

လူနာတွေကို လိုက်ကြည့်ဖို့ကတော့ အထူးခန်းမှာ မနက်တိုင်းခြောက်နာရီသုံးဆယ်မှာ လိုက်ကြည့်မယ်။ အဲဒါ အချိန်မတိုင်မီမှာ ကိုယ့်လူနာကို ကိုယ်ကြိုပြီး ကြည့်ထားကြပါ။ 'ရောင်း'လှည့်တဲ့အချိန်မှာ ပြောနိုင်အောင် လိုအပ်တဲ့ အချက်အလက်တွေ အားလုံးကို ပြင်ဆင်စုဆောင်းထားပါ။ အားလုံးရှင်းရဲ့လား"

ဖဲယားဝဲသားက ကာပင်ကို စိတ်ပျက်စွာလှမ်းကြည့်လိုက်သည်။ ထို့နောက် ကာပင်၏နားအနီးသို့ တိုးကပ်ပြီး ပြောလိုက်သည်။

"ဘုရားသခင် .. ဒီအတိုင်းဆိုရင် မအိပ်ရခင်မှာအိပ်ရာက ထရလိမ့်မယ်"

"ဘာမေးစရာရှိလို့လဲ မစ္စတာဖဲယားဝဲသား"ဘဲလိုးက တောင်းဆိုလိုက်သည်။

"မရှိပါဘူး"

mgyoe.com

mgyoe.com


ဖဲယားဝဲသားက ကမန်းကတန်း ပြန်ဖြေသည်။ သူ့အမည်ကို ဘဲလိုးက သိနေသည့်အတွက် သူလန့်သွားသည်။ ဘဲလိုးက သူ့နာရီကိုကြည့်လိုက်ပြီး–

သည်မနက်အဖို့တော့ မင်းတို့ကို ရိုးရိုးဆောင်ထဲကို ခေါ်သွားပြီး ဆရာမတွေနဲ့ တွေ့ပေးမယ်။ မင်းတို့ကိုတွေ့ဖို့ သူတို့အထူးပဲ စိတ်အားထက်သန်ကြပါလိမ့်မယ်"

"သူတို့ရဲ့ ဝမ်းသာမှုကို ကျွန်မ တွေ့ခဲ့ရပါပြီ။ ကျွန်မတို့ကို အိုးစည်ဗုံမောင်းနဲ့ ကြိုလိမ့်မယ်လို့ ကျွန်မတို့ မမျှော်လင့်ခဲ့ပါဘူး။ ဒါပေမဲ့ အေးတိအေးစက်ကြီး ဖြစ်ကြလိမ့်မယ်လို့လည်း ကျွန်မတို့ မထင်ခဲ့ဘူး"

ဆူဆန်က ပထမဆုံးအကြိမ်အဖြစ် ပြောလိုက်သည်။

သူမ၏အသံကြောင့် ဘဲလိုး၏သွေးခုန်နှုန်းအနည်းငယ် မြန်သွားသည်။ သူက သူမကို တုံ့ပြန်ရန် စကားလုံးများ ရှာဖွေသည်။

"ဒီမှာရှိတဲ့ ဆရာမတွေဟာ စိတ်ဝင်စားတာတစ်ခုပဲရှိတယ် မစ္စဝိုးလား။ အဲဒါကတော့ လူနာကို ကြည့်ရှုစောင့်ရှောက်ဖို့ အလုပ်ပဲဖြစ်တယ်။ ဆေးကျောင်းသားအသစ်တွေ ဒါမှမဟုတ် အလုပ်သင်ဆရာဝန် အသစ်တွေရောက်လာရင် သူတို့ရဲ့တာဝန်ကို ထမ်းဆောင်တဲ့နေရာမှာ အခက်အခဲတွေ့ရတတ်တယ်။ လက်တွေ့ရရှိခဲ့တဲ့ အတွေ့အကြုံတွေအရ ပြောရရင် သူတို့ဟာ အသစ်ရောက်လာတဲ့ လူတွေကို ဘက်တီးရီးယား ရောဂါပိုးတွေထက် ပိုပြီး ကြောက်ကြတယ်။ ဒါကြောင့်မို့ ဆရာမတွေက မင်းတို့ကို ကယ်တင်ရှင်တွေအဖြစ်နဲ့ ကြိုဆိုကြလိမ့်မယ်လို့ မမျှော်လင့်ကြပါနဲ့"

ဘဲလိုးက စကားကို ဆက်မပြောဘဲ ရပ်ထားလိုက်သည်။ ဆူဆန်က ဘာမှပြန်မပြောပါ။ သူမက သူ့အကြောင်းစဉ်းစားနေသည်။ သူ့ကို လက်တွေ့သမားတစ်ဦးအဖြစ် မှတ်ယူလျက်ရှိသည်။ စောစောပိုင်းက သူမ တွေးဆချက်များတွင် အကောင်းမြင်ဝါဒသစ်ဝင်လာခြင်းဖြစ်သည်။

"ဘာပဲဖြစ်ဖြစ် လူနာဆောင်ကိုကြည့်ပြီးရင် ခွဲစိတ်ဆောင်ကို သွားကြည့်ကြမယ်။ ဆယ်နာရီခွဲမှာ ခွဲစိတ်မှုတစ်ခုရှိတယ်။ မင်းတို့အနေနဲ့ ခွဲစိတ်ဆောင်ဝတ်စုံတွေကိုဝတ်ပြီး ခွဲစိတ်ခန်းတစ်ခုထဲကို ပထမဆုံး ဝင်ခွင့်ရမယ့် အခွင့်အရေးပဲ"

* * *

mgyoe.com

mgyoe.com


အောက်ထပ်ရှိ ခွဲစိတ်ခန်းဒေသတွင်ကား ဒေါက်တာဒေးဗစ်ကောင်းလေးတစ်ယောက် ဒေါသူပုန်ထလျက်ရှိသည်။ မုန်တိုင်းဆင်လျက်ရှိသည်။ မည်သူ့ကိုမျှ ချမ်းသာမပေးပါချေ။ ခွဲစိတ်ကု တန်ဆာပလာများ ပေးရသော ဆရာမကလေးသည် ခွဲစိတ်ခြင်းအမှု မပြီးမီမှာပင် ချုံးပွဲချငိုကြွေးရပြီး လူစားလဲလိုက်ရသည်။ မေ့ဆေးဆရာဝန်မှာလည်း အစောင်းအထေ့၊ အတိုင်းအထွာစကားလုံးများအောက်တွင် နစ်မြုပ်နေရတော့သည်။ ခွဲစိတ်ကု လက်ထောက်ဆရာဝန်ကလေးမှာလည်း လက်ယာဘက်လက်ညှိုးတွင် ဒေါက်တာကောင်းလေး၏ ဓားချက်မိသွားသည်။

ဒေါက်တာကောင်းလေးသည် ဒသမထပ်တွင် သီးသန့်ရုံးခန်းကျယ်ကြီးဖြင့် နေထိုင်ရသော နာမည်ကျော်ဆရာဝန်ကြီးတစ်ယောက် ဖြစ်သည်။ သူ့ကို ဒီဆေးရုံကြီးမှ ပေါက်ဖွားပေးခဲ့သည်။ လေ့ကျင့်သင်ကြားခဲ့သည်။ ယခုအခါ သူ့ကိုကောင်းစွာ မွေးထားသည်။ အစစအရာရာအဆင်ပြေသည့် အခါများတွင်မူ သူသည် လူကောင်းတစ်ယောက်ဖြစ်သည်။ ရယ်စရာမောစရာနှင့်ပုံတိုပတ်စတွေ ပြောတတ်သည်။ ဟေးလားဝါးလား ပျော်ပျော်ပါးပါးနေတတ်သည်။ သို့သော် တစ်ခုခုအလိုမကျသောအခါတွင်ကား သူသည် ကြောက်မက်ဖွယ်ကောင်းသော ယမ်းပုံကြီးပင်ဖြစ်တော့သည်။ တိုတိုပြောရလျှင်တော့ သူသည် ကလေးဆန်သော လူတစ်ယောက်ပင်ဖြစ်ပါတော့သည်။

ဒီကနေ့ တစ်ခုပဲခွဲစိတ်သည်။ တစ်ခုပဲအဆင်မပြေပါ။ စကတည်းက အဆင်မပြေပါ။ ခွဲစိတ်ကု တန်ဆာပလာများ လက်ကမ်းပေးရသည့် ဆရာမလေးသည် ခွဲစိတ်ကု တန်ဆာပလာအမှားတွေကို စင်ပေါ်တွင် တင်ထားသည်။ ဒေါက်တာကောင်းလေးက စင်ပေါ်တွင်တင်ထားသော ဗန်းတစ်ခုလုံးကို ယူပြီး ကြမ်းပြင်ပေါ်သို့ လွှင့်ပစ်လိုက်သည်။ ထို့နောက် ခွဲစိတ်ရန်နေရာကို ဓားတင်လိုက်သောအခါ လူနာတွန့်သွားသည်။ ဒေါက်တာကောင်းလေးသည် မေ့ဆေးဆရာဝန်ကို သူ့လက်ထဲမှ ဓားနှင့်မပေါက်မိစေရန် အတော်ကြီးပင် ထိန်းချုပ်ထားလိုက်ရဟန်ရှိသည်။ နောက်တစ်ခါ ဓာတ်မှန်သမားရောက်မလာ။ ရောက်လာပြန်တော့လည်း ပထမ ဓာတ်မှန်နှစ်ချပ်သည် အမည်းကြီးတွေဖြစ်နေသည်။

mgyoe.com

mgyoe.com


နောက်ဆုံးတွင်မူ ကနေ့ ခွဲစိတ်မှုအဆင်မပြေဖြစ်ရသည်မှာ ဘာကြောင့်ဟူသည်ကိုပင် ကောင်းလေး မမှတ်မိနိုင်တော့။ သူကိုယ်တိုင်ကလည်း သည်းခြေအိတ်သို့သွားသော သွေးလွှတ်ကြောများကို ထုံးထားသည့်အထုံးကို အမှတ်မထင် ဆွဲဖြုတ်လိုက်မိသည်။ စက္ကန့်ပိုင်းအတွင်းမှာပင် သွေးတွေဖြစ်လာသည်။ သွေးတွေ ပြည့်လာသည်။ အသည်းသို့ သွေးလွှတ်ကြောများကို ပြန်ခွဲပြီး ပြန်စည်းရသည့်အလုပ်မှာ အတော်ကြီးလက်ဝင်သွားသည်။ သွေးများတိတ်သွားသည့်တိုင် ဒေါက်တာကောင်းလေး စိတ်ထဲတွင် ဇဝေဇဝါဖြစ်နေရတော့သည်။ လူသူလေးပါးရှင်းနေသော ဆရာဝန်များ၏အခန်းတွင်းသို့ ဝင်ရောက်သွားသည့်အခါတွင်လည်း ဒေါက်တာ ကောင်းလေး ဒေါပွနေဆဲပင်ဖြစ်သည်။ အခန်းတွင်းရှိ ဗီရိုတန်းကြီးကို ဖြတ်လျှောက်သွားရင်း ပါးစပ်မှ အဆက်မပြတ်ရေရွတ်မြည်တမ်းသွားသည်။ သူ့ခေါင်းမှ ဦးထုပ်နှင့် မျက်နှာမှ မျက်နှာဖုံးတို့ကို ချွတ်ပြီး ကြမ်းပြင်ပေါ်သို့ ပစ်ပေါက်သည်။ ထို့နောက် သူ၏ဗီရိုတံခါးကို ခြေထောက်ဖြင့် တအားပစ်ကန်လိုက်သည်။

"ဘာမှ အသုံးမကျတဲ့ဟာတွေ"

တံခါးကို တအားကန်လိုက်သည့်အတွက် ပြဿနာတွေ အများကြီးဖြစ်ရသည်။ ပထမဆုံးဖုန်တွေ ထောင်းထောင်းထသွားသည်။ ဗီရိုပေါ်တွင် ငါးနှစ်လုံးလုံး အနှောင့်အယှက်ကင်းစွာ ရှိနေခဲ့ရသော ဖုန်များ လွင့်ပျံကုန်တော့သည်။ ဒုတိယအချက်ကတော့ ဖိနပ်တစ်ဖက်ပြုတ်ကျလာခြင်းပင်ဖြစ်သည်။ ကောင်းလေး၏ခေါင်းနှင့်သီသီကလေး လွဲသွားသည်။ တတိယ ပြဿနာကတော့ ကောင်းလေး၏ဗီရိုနှင့်ကပ်လျက်ရှိသော ဗီရိုတံခါးတစ်ခု ပွင့်ဟသွားခြင်းပင်ဖြစ်သည်။ ပွင့်ဟသွားသော ဗီရိုအတွင်းမှ ပစ္စည်းအချို့ ကြမ်းပြင်ပေါ်သို့ ထွက်ကျလာသည်။

ဒေါက်တာကောင်းလေးသည် ပထမဆုံးဖိနပ်နှင့် စာရင်းရှင်းသည်။ ဖိနပ်ကိုကောက်ယူပြီး တစ်ဖက်နံရံဆီသို့တအားပစ်ပေါက်လိုက်သည်။ ထို့နောက် သူသည် ကြမ်းပြင်ပေါ်တွင် ကျလာသောပစ္စည်းများကို ပြန်ထည့်ရန်အတွက် ပွင့်ဟနေသော တံခါးကို ခြေထောက်ဖြင့် ကန်ဖွင့်လိုက်သည်။ သည့်နောက်တွင်ကား သူသည် ဗီရိုအတွင်းမှပစ္စည်းများကို ကြည့်ရင်း ကျောက်ရုပ်ကြီးဖြစ်သွားသည်။

mgyoe.com

mgyoe.com


ပွင့်ထွက်သွားသော ဗီရိုအတွင်း၌ ဆေးပုလင်းများ၊ဆေးဘူးများ အမြောက်အမြားရှိနေသည်ကိုတွေ့ရသောအခါ ဒေါက်တာကောင်းလေး အံ့သြရသည်။ အချို့သောပုလင်းများ၊ ဘူးများသည် ဖွင့်ပြီးသားများဖြစ်ကြသည်။ သို့သော် မဖွင့်ရသေးသော ပုလင်းများလည်း အများကြီးပင်ဖြစ်သည်။ ထိုးဆေးပုလင်းတွေရော၊ စားဆေးပုလင်းတွေရော ဖြစ်သည်။ အပြင်သို့ ထွက်ကျလာသော ဆေးပုလင်းများတွင် ဒင်မရယ်၊ ဆူစီနီကိုလိုင်း၊ အင်နိုဗာ၊ ဗာရို့ကာစ်နှင့် ကူးရားရီအဆိပ်ပုလင်းများပါဝင်ကြောင်း ဒေါက်တာကောင်းလေး တွေ့ရှိရသည်။ ဗီရိုထဲတွင်လည်း ဆေးအမျိုးမျိုးဖြစ်သည်။ လုံးဝမသုံးရသေးသည့် မော်ဖိန်းပုလင်း တစ်ကာတွန်း၊ ဆေးထိုးပိုက်များ၊ ထို့နောက်တိပ်များ။

ဒေါက်တာကောင်းလေးသည် ကြမ်းပြင်ပေါ်သို့ ကျနေသော ဆေးများကို ဗီရိုတွင်းသို့ လျင်မြန်စွာ ပြန်ထည့်လိုက်သည်။ ထို့နောက် ဗီရိုတံခါးကို ပြန်ပိတ်လိုက်သည်။ သူ၏မှတ်စုစာအုပ်တွင် ၃၃၈ ဟူသော နံပါတ်ကို ရေးလိုက်သည်။ သည်ဗီရိုသည် မည်သူ၏ဗီရိုဖြစ်ကြောင်း စစ်ဆေးရပါမည်။ ဒေါက်တာကောင်းလေးသည် ဒေါသထွက်နေဆဲဖြစ်သော်လည်း ဤမျှ များပြားသောဆေးများကို သိုလှောင်ထားခြင်းသည် ဆေးရုံကြီးတစ်ခုလုံးအတွက် အရေးကြီးသော ပြဿနာတစ်ခုဖြစ်ကြောင်း သတိပြုမိသည်။

သူ့တွင် ပြဿနာတွေ ဘယ်လောက်ပင်ရှိစေကာမူ သူ့တွင် ပညာရှိသတိရှိသည်ကား အမှန်ပင်။

■

mgyoe.com

mgyoe.com

တနင်္လာ၊ ဖေဖော်ဝါရီ ၂၃၊ နံနက် ၁၀ နာရီ ၁၅ မိနစ်။

ဆူဆန်ပိုးလားသည် ခွဲစိတ်ခန်းဝတ်စုံလဲလှယ်ရန် ဆရာဝန်များအခန်းသို့သွား၍မဖြစ်နိုင်ပါ။ အကြောင်းမှာ ဆရာဝန်များ၏အခန်းသည် ယောက်ျားများ၏အခန်းဖြစ်ချေသည်။ ဆူဆန်အနေနှင့် ဆရာမများ၏ အခန်းသို့သာသွားရပါမည်။ ဆရာမများ၏အခန်းက မိန်းကလေးများ၏ အခန်းပင်ဖြစ်ချေသည်။

ဆရာမများ၏အဝတ်လဲခန်းမှာ လူရှင်းလျက်ရှိ၏။ ဆူဆန်သည် ဗီရိုအလွတ်တစ်ခုကို အလွယ်တကူပင်ရှာဖွေတွေ့ရှိသည်။ သူမ၏ ကုတ်အင်္ကျီအဖြူကို ချိတ်မှာ ချိတ်ထားလိုက်ပြီးနောက် အဝတ်လဲလှယ်သောအမှုကို စတင်လုပ်ဆောင်သည်။ ရေချိုးခန်းတံခါးဝအနီး၌ ခွဲစိတ်ခန်းဝတ်စုံများကို ဆူဆန်တွေ့ရှိရသည်။ ယင်းဝတ်စုံများက အပြာနုရောင်ချည်စများဖြင့် ချုပ်ထားသော အထက်အောက်တစ်ဆက်တည်း ဝတ်စုံရှည်ကြီးများဖြစ်ကြသည်။ အမှန်တော့ ခွဲစိတ်ခန်းသူနာပြုဆရာမများဝတ်ဆင်သောဝတ်စုံများဖြစ်သည်။ ဆူဆန်က ဝတ်စုံတစ်ခုကို မြှောက်ကြည့်ပြီး ကိုယ်တွင်ကပ်ကြည့်လိုက်သည်။ ထို့နောက် မှန်ထဲတွင် ကြည့်လိုက်သည်။ ရုတ်ခြည်းပင်သူမ ဒေါသဖြစ်ရသည်။

"အလကားဟာပဲ"

mgyoe.com

ဆူဆန် ရေရွတ်မြည်တမ်းလိုက်သည်။ ဆူဆန်အခန်းတွင်းမှ ထွက်သွားသောအခါ ခွဲစိတ်ခန်းဝတ်စုံပြာကလေးသည် အဝတ်အိတ်ကြီးအပေါ် ကိုးရိုးကားရားကြီးကျန်ခဲ့တော့သည်။ ဆရာဝန်များ အခန်းရှေ့တွင် သူမရပ်လိုက်သည်။ စိတ်ချောက်ချားလျက်ရှိသည်။ နောက်ဆုံးတွင် စိတ်ကိုတင်းလိုက်ပြီး တံခါးကို တွန်းဖွင့်လိုက်သည်။

ထိုအချိန်တွင် ဒေါက်တာဘဲလိုးသည် ဆူဆန်ဖွင့်လိုက်သောတံခါးအနီးတွင်ရှိနေသည်။ သူက ဗီရိုအံဆွဲတစ်ခုအတွင်းမှ ခွဲစိတ်ခန်းဝတ်စုံကို ထုတ်ယူလျက်ရှိသည်။ သူ့ကိုယ်တွင် ဘာအဝတ်မှ မရှိ။ ဂျိန်း(စ်)ဘွန်း လန်ကွတ်တီကလေးနှင့် ခြေအိတ်အနက်ကလေးသာရှိသည်။ ညစ်ညမ်းသော ရုပ်ရှင်ကားတစ်ကားထဲက ဇာတ်လိုက်မင်းသားနှင့်တူနေသည်။ ဆူဆန်ကိုတွေ့မြင်လိုက်ရသောအခါ သူ့မျက်နှာတစ်ခုလုံးတွင် ထိတ်လန့် ချောက်ချားခြင်းဖုံးလွှမ်းသွားသည်။ လျှပ်တစ်ပြက်အတွင်းမှာပင် အခန်း၏အတွင်းဘက်သို့ ပြေးဝင်သွားသည်။ ဆရာမများ၏ အခန်းမှာကဲ့သို့ပင် ဤအခန်းမှာလည်း တံခါးဝမှနေ၍ အတွင်းပိုင်းသို့မမြင်ရပါ။ မမျှော်လင့်သော အခြင်းအရာတစ်ခုကို ကြုံတွေ့လိုက်ရငြားလည်း ဆူဆန်သည် ဆတ်ဆတ်ကြဲမလေးတစ်ဦးဖြစ်သည်နှင့်အညီ အဝတ်ဗီရိုဆီသို့ လျှောက်သွားပြီး ခွဲစိတ်ကုတ်အင်္ကျီနှင့် ဘောင်းဘီသေးသေးငယ်ငယ်တို့ကို ရွေးချယ်ပြီး ယူလိုက်သည်။ ထို့နောက် အဝင်တုန်းကအတိုင်းပင် အခန်းတွင်းမှ လျင်မြန်စွာ ပြန်ထွက်သွားသည်။ ဆရာဝန်များ၏ အခန်းအတွင်းဘက်ဆီမှ တစ်ယောက်တစ်ပေါက် ပြောသံများကို ဆူဆန်ကြားရသည်။

ဆရာမများ၏အခန်းသို့ ပြန်လည်ရောက်ရှိသောအခါ ဆူဆန်သည် ခွဲစိတ်ကုတ်အင်္ကျီနှင့် ဘောင်းဘီတို့ကို လျင်မြန်စွာလဲလှယ်ဝတ်ဆင်သည်။ စိမ်းဖျော့ဖျော့ရုပ်အင်္ကျီက သူမနှင့်ကြီးနေသလို ဘောင်းဘီကလည်း ပွတတကြီးဖြစ်နေသည်။ သူမ၏ခါးက သေးသေးကျဉ်ကျဉ်ကလေးဖြစ်သည်။ ဘောင်းဘီကို အကျဉ်းဆုံးဖြစ်အောင် လုပ်ပြီးမှ ကြိုးကိုချည်ရသည်။

ဆူဆန်သည် ခွဲစိတ်ခန်းဝတ်စုံကို လဲလှယ်ဝတ်ဆင်ရင်း စိတ်ထဲတွင်လည်း လက်ထောက်ဆရာဝန်ကြီးဘဲလိုးအကြောင်း စဉ်းစားနေမိသည်။ ဘဲလိုးထံမှ တင်းမာသောစကားများကြားရန် မျှော်လင့်ထားသည်။ မည်သို့

mgyoe.com

mgyoe.com


ရင်ဆိုင်ရမည်ကို စဉ်းစားမိသည်။ စောစောက ခဏကလေး မိတ်ဆက်တွေ့ဆုံကြရစဉ်ကတည်းကပင် ဘဲလိုးသည် သူနာပြုဆရာမများဘက်က ရပ်တည်ကြောင်း ဆူဆန်သိရှိခဲ့ရသည်။ သူနာပြုဆရာမများက အသစ်ရောက်ရှိလာသော ဆေးကျောင်းသားများအပေါ် စိတ်ဝင်စားမှု မရှိသည်ကို သူကကာကွယ်ပြောကြားခဲ့သည်။ ဒေါက်တာဘဲလိုးဆိုသူသည် တရားလွန်သမားကြီးပင်ဖြစ်သည်ဟု ဆူဆန် ယူဆလိုက်သည်။ ယင်းကို ဆန့်ကျင် တိုက်ခိုက်ရန်လည်း သူမက ဆုံးဖြတ်လိုက်သည်။ နောက်ပြီးတော့ သူ့ကို အဝတ်လဲခန်းထဲတွင် အောက်ခံဘောင်းဘီတိုကလေးနှင့် တွေ့ရလိမ့်မည်ဟုလည်း ဆူဆန်လုံးဝ မျှော်လင့်မထားခဲ့ပါ။

သူမက တစ်ယောက်တည်းအသံထွက်အောင်ရယ်မောလိုက်ပြီးနောက် အခန်းထဲမှ ထွက်ခဲ့သည်။

"မစ္စဝှီး"

ဆူဆန်ဝှီးလား အခန်းပြင်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် ဒေါက်တာဘဲလိုးက ခေါ်လိုက်သည်။ သူက တံခါးပေါက်၏ လက်ဝဲဘက်နံရံကို မှီပြီးရပ်နေသည်။ ဆူဆန်အခန်းထဲမှ ထွက်လာသည်ကို စောင့်ဆိုင်းနေခြင်းဖြစ်သည်။ သူ၏လက်ယာဘက်တံတောင်ဆစ်က နံရံကို ထောက်ထားသည်။ လက်ဖဝါးက ခေါင်းကိုထိန်းထားသည်။

ဘဲလိုး၏အသံကို ကြားလိုက်ရသောအခါ ဆူဆန့်လန့်သွားသည်။ မိမိကို ယခုလိုစောင့်ဆိုင်းနေလိမ့်မည်ဟု လုံးဝ မျှော်လင့်မထားသောကြောင့်ပင်ဖြစ်သည်။

"ကိုယ်အဝတ်လဲနေတာကို မင်းမိသွားတာပဲ"

ဘဲလိုးက ဆက်ပြောသည်။ သူ့မျက်နှာတွင် အပြုံးတစ်ခုပေါ်လွင်လျက်ရှိသည်။ သည်တော့လည်း ဆူဆန်၏အမြင်တွင် သူသည် လူတစ်ယောက်နှင့် တူလာသည်။

"အင်း ... ကိုယ့်ဘဝမှာတော့ တော်တော်ရယ်စရာကောင်းတဲ့ အဖြစ်တစ်ခုပဲပေါ့"

ဆူဆန်က တုံ့ပြန်ပြီး ပြုံးလိုက်သည်။ သို့သော် ပြုံးလဲ့ရုံကလေးမျှသာဖြစ်သည်။ များမကြာမီကာလအတွင်းတွင် သူ့ထံမှ တင်းတင်းမာမာ စကား

mgyoe.com

mgyoe.com


များကြားရလိမ့်မည်ဟု မျှော်လင့်ထားသည်။

"အခန်းထဲမှာ မင်းဘာလာရှာတယ်ဆိုတာကို သိရတော့မှ ကိုယ်စဉ်းစားမိတယ်။ အမှန်အားဖြင့်တော့ ကိုယ်ထွက်ပြေးတာဟာ မှားတာပဲ။ ဘာပဲဖြစ်ဖြစ် ကိုယ်ဟာ မင်းကိုရင်ဆိုင်ရမယ်။ ကိုယ့်မှာ ဘာအဝတ်အစားနဲ့ပဲဖြစ်ဖြစ်ပေါ့။ ဒါမှမဟုတ် ကိုယ်ဟာ ကနေ့မနက်မှာ ဟန်ကို သိပ်ပြီး ဂရုပြုလွန်းတယ်။ အမှန်ကို ဝန်ခံရရင်တော့ ကိုယ်ဟာ လက်ထောက်ဆရာဝန်ဖြစ်တာမကြာမသေးဘူး။ ပေါက်စပဲရှိသေးတယ်။ မင်းတို့လူသိုက်ဟာ ကိုယ့်ရဲ့ပထမဆုံး ကျောင်းသားတွေပဲ။ ကိုယ်တကယ်ဖြစ်ချင်တာက မင်းတို့လည်းအကျိုးရှိ၊ ကိုယ်လည်းအကျိုးရှိဖို့ပဲ။ ကိုယ်တို့အားလုံး စိတ်ချမ်းသာကြဖို့ပဲ"

ဘဲလိုး ပြုံးသည်။ ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်သည်။ ထို့နောက်ကြောင်အမ်းလျက်ရှိသော ဆူဆန်၏အနီးမှ ထွက်ခွာသွားလေတော့သည်။ ဆူဆန် သူ့ကိုငေးမောကြည့်ရှုရင်း စိတ်ရှုပ်ထွေးကာ ကျန်ရစ်သည်။ သူမ၏ရင်ဝယ်ငြိမ်ကပ်လျက်ရှိသော မကျေနပ်မှုဖြင့် ဒေါသစိတ်များမှာလည်း ဒေါက်တာဘဲလိုးက သူ၏အတွင်းစိတ်အမှန်ကို ဖွင့်ပြသွားသဖြင့် ပြေလျော့ရတော့သည်။ သူနှင့် မကျေနပ်မှုများဖြစ်ရခြင်းမှာလည်း တကယ်တော့ကလေးဆန်ခြင်းပင်ဖြစ်တော့သည်။ ဒေါက်တာဘဲလိုးအပေါ်တွင် ထားရှိခဲ့သော သူမ၏ထင်မြင်ချက်၊ ယူဆချက်များကို ပြုပြင်ပြောင်းလဲရမည်ဖြစ်သည်။ ခွဲစိတ်ဆောင် ရုံးခန်းဆီသို့ လျှောက်သွားနေသော ဘဲလိုးကို ဆူဆန်ငေးကြည့်နေသည်။ သူက အရုပ်ဆိုးအကျည်းတန်သူတစ်ဦးလည်း မဟုတ်ပါ။

တခြားကျောင်းသားလေးယောက်လည်း ခွဲစိတ်ခန်းသို့သွားရောက်ရန်ပြင်ဆင်လျက်ရှိသည်။ ဂျော့က ဆူဆန်ကို သူမ၏ဖိနပ်ပေါ်တွင် စက္ကူဖိနပ် ထပ်စီးနည်းသင်ပေးသည်။ ဖိနပ်စီးပြီးသောအခါ ခေါင်းတွင် ခေါင်းစွပ်ကိုဆောင်းရသည်။ ပြီးတော့မှ မျက်နှာတွင် မျက်နှာဖုံးကို တပ်ဆင်ရသည်။ သူတို့အားလုံး ခွဲစိတ်ခန်းဝတ်စုံများ အပြည့်အစုံ ဝတ်ဆင်ပြီးသောအခါ ခွဲစိတ်ခန်းရုံးခန်းကို ဖြတ်ကျော်ပြီး ဆင်နားရွက်တံခါးများကို တွန်းဖွင့်ကာ ပိုးမွှားများသန့်စင်ထားသော ခွဲစိတ်ခန်းဒေသအတွင်းသို့ လျှောက်ဝင်သွားကြတော့သည်။

mgyoe.com

mgyoe.com

ဆူဆန်သည် ခွဲစိတ်ခန်းအတွင်းသို့ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးဘူးခဲ့ချေ။ ခွဲစိတ်မှုပြုလုပ်သည်ကို မှန်ပြတင်းများ၏ တစ်ဖက်မှသာ နှစ်ကြိမ်မျှ တွေ့မြင်ခဲ့ဖူးသည်။ သို့သော် မှန်ပြတင်းကိုဖြတ်ပြီး မြင်တွေ့ရသူမှာ ရုပ်မြင်သံကြားတွင် ကြည့်မြင်ရသည်ထက် ဘာမှပိုပြီးမခြားနားပါ။ မှန်ချပ်ကြီးများက အမှန်တကယ် ဘဝနှင့် ခြားနားသည်။ တစ်စုံတစ်ရာ ခံစားမှုမဖြစ်ပေါ်ပါ။ ရှည်လျားသော စင်္ကြံလမ်းအတိုင်း လျှောက်သွားနေရင်း ဆူဆန် ရင်ခုန်ရသည်။ သေခြင်းတရားကို ဆင်ခြင်ထိတ်လန့်မိသည်။ ခွဲစိတ်ခန်းများကို တစ်ခုပြီးတစ်ခု ဖြတ်သန်းသွားရစဉ် စုပြုံနေသော လူအုပ်များကို တွေ့ရသည်။ သူတို့သည် အိပ်ပျော်နေသော လူနာများကို ခွဲစိတ်နေကြခြင်းဖြစ်သည်။ သူတို့အနားသို့ လူနာတင် လက်တွန်းလှည်းတစ်ခုရောက်ရှိလာသည်။ ဆရာမတစ်ယောက်က ရှေ့မှဆွဲပြီး မေ့ဆေးဆရာဝန်က နောက်မှတွန်းလာသည်။ မိမိ၏နံဘေးတွင် ယင်းလက်တွန်းလှည်း ဘေးချင်းယှဉ်မိသောအခါ လှည်းပေါ်မှ လူနာ၏မေးကို မေ့ဆေးဆရာဝန်က နောက်သို့ တွန်းလှန်ထားသည်။ လူနာကတော့ အန်တော့မည် တကဲကဲရှိနေသည်။ ခွဲစိတ်ခန်းထဲမှ ထွက်လာသောလူနာတစ်ယောက်၏ ဝေဒနာခံစားနေရသော မျက်နှာကို တွေ့မြင်ရသောအခါ ဆူဆန် သိမ့်ခနဲ တုန်သွားမိသည်။

အခန်း ၁၈ ရှေ့တွင် သူတို့လူစု ရပ်လိုက်ကြသည်။

ဒေါက်တာဘဲလိုးက မှန်တံခါးမှနေ၍ အခန်းတွင်းသို့ ကြည့်လိုက်ပြီးနောက်–

"စကားကို တိုးနိုင်သမျှ တိုးတိုးပြောကြပါ။ လူနာကတော့ အိပ်ပျော်နေပြီ။ အဲဒါနည်းနည်းဆိုးတယ်။ လူနာ အိပ်ပျော်သွားပုံကို မင်းတို့ မြင်စေချင်တယ်လေ။ အင်းလေ ... ထားလိုက်တော့။ ဒရိပ်ပင်လုပ်တဲ့အချိန်မှာတော့ နည်းနည်းလေး အလုပ်ရှုပ်ကြလိမ့်မယ်။ မင်းတို့အားလုံး ညာဘက် နံရံနားမှာ ကပ်နေကြပါ။ သူတို့ ပြီးသွားတဲ့အခါကျမှ လူနာအနားကို တိုးပြီး ကြည့်ကြပါ။ မေးစရာမြန်းစရာရှိရင် နောက်မှမေးကြပါ။ ဟုတ်ပြီလား"

ဘဲလိုးက ကျောင်းသားများကို တစ်ဦးချင်းကြည့်သည်။ ဆူဆန်နှင့် မျက်နှာချင်းဆုံမိသောအခါ သူပြုံးသည်။ ထို့နောက် ခွဲစိတ်ခန်းတံခါးကို သူတွန်းဖွင့်လိုက်သည်။

mgyoe.com

mgyoe.com

"အား ... ပရော်ဖက်ဆာ ဘဲလိုးပါလား။ ကြုံဆိုပါတယ်"

ဓာတ်မှန်များအနီးတွင် ရပ်နေသော ဝတ်ရုံကြီးနှင့် ပုဂ္ဂိုလ်ကြီးတစ်ဦးက ကြော်ငြာမောင်းခတ်လိုက်သည်။ သူက ကိုယ်လုံးကိုယ်ထည် ကြီးမားသည်။ လက်အိတ်များ စွပ်ထားသည်။ ပိုးမွှား သန့်စင်ထားသည်။

"အရှေ့တစ်လွှားမှာ ထင်ရှားတဲ့ အမြန်ဆုံးလက်တွေကို ပြရအောင် ပရော်ဖက်ဆာ ဘဲလိုးက သူ့ကျောင်းသားအုပ်ကြီးကို ခေါ်လာတာပဲ"

သူက ဟောလိဝုဒ်ရုပ်ရှင်ထဲက ဆရာဝန်ကြီးဟန်အတိုင်း လက်များ ဟန်ပါပါ မြှောက်ကာ ရှေ့ဘက်သို့ ရောက်နိုင်သမျှရောက်အောင် ထိုးစိုက်ရင်း ဆက်ပြောသည်။

"သူတို့တစ်တွေ မကြာခင် ရှုစားကြရမှာကတော့ ရှိတော့ ရှိတယ် ဒါပေမဲ့ ရှားတယ်ဆိုတဲ့အကြောင်း ခင်ဗျားက ပြောပြထားကောင်းပါတယ်"

"အဲဒီ လူကြီးကတော့ ဒီဆေးရုံမှာ ရှေးဟောင်းပစ္စည်းကြီးပဲပေါ့"

ဘဲလိုးက ဓာတ်မှန်အနီးမှ ဦးရယ်မောကို လက်ညှိုးထိုးပြရင်း သူ၏ ကျောင်းသားများသာမက ခွဲစိတ်ခန်းထဲမှ လူများအားလုံး ကြားလောက်အောင် အသံကိုမြှင့်ပြီး ပြောလိုက်သည်။

"သူ့နာမည်က စတူးဝပ်ဂျွန်စတန်၊ အထက်တန်း ဆရာဝန်ကြီးသုံးဦးမှာ တစ်ဦးအပါအဝင်ပေါ့။ ကျုပ်တို့နဲ့ သူနဲ့ နောက်ထပ် လေးလပဲ တွေ့ရမယ်။ ဒီအတွင်းမှာ သူက ယဉ်ကျေးသိမ်မွေ့ပါ့မယ်လို့ ကျုပ်ကို ကတိပေးထားတယ်။ ဒါပေမဲ့ စိတ်မချရဘူး"

"ဒေါက်တာဘားမင်း ခင်ဗျားဟာ ကံဆိုးသူတစ်ယောက်ပဲ။ ဘာပြုလို့လဲဆိုတော့ ဒီကေ့(စ်)ကို ခင်ဗျားဆီက ကျွန်တော် ခိုးယူလိုက်တာကိုး"

ဂျွန်စတန် ရယ်မောရင်းနှင့်ပင် ပြောဆိုသည်။ ထို့နောက် အရယ်ရပ်လိုက်ကာ သူ၏လက်ထောက်နှစ်ယောက်ဘက်သို့ လှည့်ပြီး–

"ကဲ ... ကိုယ့်လူတို့ လူနာကို ဒရိပ်လုပ်ကြလေ။ ခင်ဗျားတို့ ဘာလုပ်နေကြတာလဲ။ ဒီအလုပ်ကို တစ်သက်လုံး လုပ်သွားရမယ့် အလုပ်လို့များ အောက်မေ့နေကြသလား"

ခွဲစိတ်မည့် လူနာကို ဒရိပ်ပင်းဖုံးအုပ်ခြင်း ပြုလုပ်ကြသည်။ လူနာ၏

mgyoe.com

mgyoe.com


ခေါင်းကို သတ္တုဆောင်းတစ်ခုဖြင့် ဖုံးအုပ်လိုက်သည်။ မေ့ဆေးဆရာဝန်နှင့် ခွဲစိတ်သည့်ဒေသကို ခြားကာလိုက်သည်။ ဖုံးအုပ်ခြင်းအလုပ်များ အားလုံး ပြီးစီးသွားသောအခါ လူနာ၏ဝမ်းဗိုက် လက်ယာဘက်အလယ်ပိုင်း အသား ပြင်အနည်းငယ်သာလျှင် ပေါ်လွင်လျက်ရှိတော့သည်။ ဂျွန်စတန်က လက်ယာ ဘက်သို့သွားရောက်သည်။ သူ၏လက်ထောက်တစ်ယောက်က လူနာ၏ လက်ဝဲဘက်တွင် ရပ်သည်။ ဆရာမက အဝတ်ဖြင့်ဖုံးအုပ်ထားသော စင်ကလေးကိုရွှေ့လာသည်။ စင်ကလေးပေါ်တွင်ကား ခွဲစိတ်ကုကိရိယာများ အပြည့်အစုံတင်ထားသည်။ ခွဲစိတ်ဗန်း နောက်ဘက်တွင် သွေးတိတ်ဆေး အမျိုးစုံကို အစီအရီခင်းထားသည်။ ခွဲစိတ်ဓားတွင် သင်တုန်းဓားတမျှထက် သော ဓားသွားအသစ်တပ်ဆင်ထားသည်။

"ဓား"

ဂျွန်စတန်က တောင်းလိုက်သည်။ လက်အိတ်စွပ်ထားသော သူ၏ ညာဘက်လက်အတွင်းသို့ ခွဲစိတ်ဓား ဖတ်ခနဲရောက်ရှိလာသည်။ သူက ဘယ်ဘက်လက်ဖြင့် လူနာ၏ဝမ်းဗိုက်တင်းသွားအောင် တစ်ဖက်သို့ ဆွဲ လိုက်သည်။ ဆေးကျောင်းသားများ အားလုံးရှေ့သို့ တိတ်ဆိတ်စွာ တိုးသွား ကြသည်။ ထို့နောက် စိတ်ဝင်စားစွာဖြင့် အာရုံစူးစိုက်ပြီး ကြည့်နေကြ သည်။

ဂျွန်စတန်သည် ခွဲစိတ်ဓားကို လူနာ၏ဝမ်းဗိုက်ပေါ်တွင် အသားနှင့် လက်နှစ်လုံးခန့် အကွာတွင်မြှောက်ကိုင်ထားလိုက်ပြီးနောက် ခြားထားသော ကန့်လန့်ကာကလေးပေါ်မှနေ၍ မေ့ဆေးဆရာဝန်ကို လှမ်းကြည့်လိုက် သည်။

မေ့ဆေးဆရာဝန်သည် သွေးဖိအားတိုင်း ကိရိယာကိုကြည့်လိုက်သည်။ (၁၂၀/၈၀)။ ထို့နောက် သူသည် ဂျွန်စတန်ကို မော့ကြည့်လိုက် ပြီးနောက် ခေါင်းကို အသာအယာ ညိတ်ပြလိုက်၏။

ခွဲစိတ်ဓားသည် အသားပြင်အတွင်းသို့ စိုက်ဝင်သွားသည်။ အသံတစ်စုံ တစ်ရာ ထွက်ပေါ်ခြင်းမရှိဘဲ ညင်သာစွာ စိုက်ဝင်သွားသည်။ ၄၅ ဒီဂရီစောင်း ပြီး ဝင်သွားသည်။ သွေးတွေ ပန်းထွက်လာသည်။ ထို့နောက် သွေးအထွက် လျော့ပြီး ရပ်သွားသည်။

mgyoe.com

mgyoe.com


ထိုအချိန်မှာပင် ဂျော့နိုင်း၏ဦးနှောက်တွင် ထူးခြားသောအခြေအနေများ ဖြစ်ပေါ်သည်။ အသားထဲသို့ စေးဝင်သွားသော ပုံလွှာသည် သူ၏နောက်စေ့ အပြင်လွှာတွင် ထင်ဟပ်သည်။ ထိုအခါ ယင်းနှင့်ဆက်စပ်နေသောအမျှင် များသည် နံရံကပ်အဖုလုံးဆီသို့ သတင်းပို့ကြသည်။ ယင်းမှ တစ်ဆင့် သူ၏ဟိုက်ပိုသဲလမတ်ဒေသကို လျင်မြန်စွာနှင့် ကျယ်ပြန့်စွာ လှုပ်ရှားစေ သည်။ ကြွက်သားများ အတွင်းရှိ သွေးကြောများအားလုံး ပြန့်ကျယ်သွား ကြသည်။ ထိုအခါသူ၏ဦးနှောက်တွင်းမှ သွေးများသည် ပြန့်ကျယ်သွား သော သွေးကြောများအားလုံးကို ဖြည့်တင်းနိုင်ရန်စီးဆင်းကုန်ရသည်။ ဂျော့နိုင်း၏ဦးနှောက်တွင် သွေးများခန်းခြောက်သွားပြီး သူ၏ အသိသမ္ပဇဉ် ပျောက်ဆုံးရတော့သည်။ မိုက်ခနဲဖြစ်ပြီး သူ ပက်လက်လန်ကျသွားသည်။ ခေါင်းနှင့်ကြမ်းပြင် ရိုက်မိသည့်အသံ ထွက်ပေါ်လာသည်။

ဂျော့၏လဲကျသံကြောင့် ဂျွန်စတန်လှည့်ကြည့်သည်။ သူသည် အံ့အား သင့်သွားရာမှ ချက်ချင်းဆိုသလိုပင် ဒေါသဖြစ်လာဟန်ရှိသည်။

"ဒေါက်တာဘဲလိုး ကျေးဇူးပြုပါ။ ခင်ဗျားကလေးတွေကို ဒီကခေါ်သွား ရင် ကောင်းမယ်ထင်တယ်။ သွေးနီဥလေးတွေကိုကြည့်ရဲမှ သူတို့လာပါစေ"

ဆရာမလေးက ဂျော့၏နှာဝတွင် ဆေးတောင့်ကလေးတစ်တောင့်ကို ချိုးဖောက်လိုက်သည်။ စူးရှသောဇဝက်သာနံ့ကြောင့် သူသတိရလာသည်။ ဘဲလိုးက ကုန်းငုံ့လိုက်ပြီး ဂျော့၏ဇက်ပိုးနှင့်ခေါင်းကို စမ်းကြည့်သည်။ ဂျော့သည် သတိကောင်းစွာရသည်နှင့်တစ်ပြိုင်နက် ထထိုင်သည်။ ပထမတွင် သူဘယ်ရောက်နေမှန်း သိပုံမရ၊ ဇဝေဇဝါဖြစ်နေပုံရှိသည်။ သူ ဘာဖြစ်သည် ကို သတိပြုမိသောအခါ ချက်ချင်းပင် ကသိကအောက် ဖြစ်သွားသည်။

ဂျွန်စတန် ပြဿနာကို ဆက်လက်ဖော်ထုတ်သည်။

"ဒီကျောင်းသားတွေဟာ တကယ့်အစိမ်းသက်သက်တွေဆိုတာ ကျွန်တော့် ကို ဘာပြုလို့ မပြောရတာလဲ ဒေါက်တာဘဲလိုး။ မတော်တဆများ ကျွန်တော် ခွဲနေတဲ့အပေါ်ကို လဲကျလာရင် ဘယ့်နှယ်လုပ်မလဲ။ ဘုရား ... ဘုရား"

ဘဲလိုး ဘာမှမပြောပါ။ ဂျော့မတ်တတ်ရပ်သည်ကို ကူညီဖေးမပေး သည်။ ထို့နောက် သူတို့လူစုကို ခွဲစိတ်ခန်း ၁၈ မှ ထွက်ခွာသွားကြရန် လက်ရိပ်ပြသည်။

mgyoe.com

mgyoe.com


ခွဲစိတ်ခန်းတံခါး ပြန်ပိတ်မသွားမီတွင် ဂျွန်စတန်က သူ့လက်ထောက် တစ်ယောက်အား ပြောသံကိုကြားရသည်။

"ခင်ဗျား ဒီမှာ ကျုပ်ကိုကူညီရအောင်လာတာလား။ နှောင့်ယှက်ရအောင် လာတာလား"

■

mgyoe.com

mgyoe.com

တနင်္လာ၊ ဖေဖော်ဝါရီ ၂၃၊ နံနက် ၁၁ နာရီ ၁၅ မိနစ်။

ဂျော့နိုင်း၏သိက္ခာအကြီးအကျယ် ထိခိုက်ရသည်။ သူ၏နောက်စေ့တွင် အဖုကြီးဖြစ်သွားသည်။ သို့သော် ပေါက်ပြဲခြင်းမရှိပါ။ သူ၏မျက်စိ မျက်ဆန်များ မူလအရွယ်အတိုင်းရှိကြသည်။ သူ၏မှတ်ဉာဏ်ပျက်ပြားခြင်းမရှိ။ သူ့အနေနှင့် အခြေအနေကောင်းမွန်ကြောင်း အားလုံးကပင် သိရှိနားလည်ကြသည်။ သို့သော် သူ၏အဖြစ်အပျက်သည် အားလုံး၏ စိတ်ဓာတ်ကို ကျဆင်းပျက်ပြားစေသည်။ ကျောင်းသားများကို ပထမနေ့မှာပင် ခွဲစိတ်ခန်းအတွင်းသို့ ခေါ်ဆောင်ရန် ဆုံးဖြတ်မိသည့်အတွက် ဘဲလိုး ကယောက်ကယက်ဖြစ်ရသည်။ ဂျော့နိုင်းသည် ခွဲစိတ်မှုများ ကြည့်ရှုတိုင်း သည်အတိုင်းပင်ဖြစ်ချေမည်လော။ အခြားကျောင်းသားများသည်လည်း အနည်းနှင့်အများဆိုသလို စိတ်အနှောင့်အယှက်ဖြစ်ကြရသည်။ သူတို့ လူစုထဲက လူတစ်ယောက်၏ ပြဿနာသည် အများစုကိုရောင်ပြန်ဟပ်လျက်ရှိသည်။ သည်ပြဿနာနှင့် ပတ်သက်ပြီး ဆူဆန်က ပို၍စိတ်ရှုပ်ထွေးခြင်းဖြစ်ရသည်။ ဂျွန်စတန်နှင့် ဘဲလိုးတို့၏ အမူအရာများ မမျှော်လင့်ဘဲနှင့် ရုတ်တရက် ပြောင်းလဲသွားကြသည့်အတွက် စိတ်ပျက်ရသည်။ ပထမတွင် သူတို့က ပျော်ပျော်ရွှင်ရွှင် ခင်ခင်မင်မင်ဖြစ်သည်။ သို့သော် နောက်တစ်ခဏမှာပင် မမျှော်လင့်သော အဖြစ်အပျက်ကြောင့် သူတို့မှာ ဒေါသထွေး၊ မောဟတွေနှင့် ဖြစ်လာကြသည်။

mgyoe.com

ဆရာဝန်များအပေါ် စောစောကထားခဲ့သော သူမ၏ သဘောထားများ ပြန်လည်ဖြစ်ပေါ်လာသည်။ ယင်းသို့ဖြစ်ရသည်မှာလည်း သင့်လျော်သည်ဟု ဆိုရမည်။

ကျောင်းသားများသည် မိမိတို့၏အဝတ်များကို ပြန်လည်ဝတ်ဆင်ပြီးနောက် ခွဲစိတ်ဆောင်ရိပ်သာတွင် ကော်ဖီတစ်ခွက်စီ သောက်ကြသည်။ အံ့သြစရာကောင်းသည်ကတော့ ကော်ဖီကတော်တော်ကလေးကောင်းသည်။ အခန်းထဲတွင် စီးကရက်မီးခိုးတွေ မွှန်နေသည့်အဖြစ်ကို ထိန်းသွားနိုင်သည်ဟု ဆူဆန်တွေးလိုက်မိသည်။ ဆူဆန် ငေးနေသည်။ နောက်မှ အခန်းထောင့်ရေအင်တုံအနီးရှိ အသားဖြူဖြူလူကြီးတစ်ယောက်က မိမိအားကြည့်နေသည်ကို မြင်မိသည်။ ဝေါလ်တာပင်ဖြစ်သည်။ ဆူဆန် တခြားဘက်သို့ မျက်နှာလွှဲသည်။ ထို့နောက် ပြန်ကြည့်သည်။ ထိုလူကြီးက မိမိအားကြည့်နေခြင်းမဟုတ်တန်ရာဟု ထင်သည်။ သို့သော် သူက မိမိကိုငေးစိုက်ပြီးကြည့်နေသည်။ သူ၏မျက်လုံးကလေးများက စီးကရက် မီးခိုးများအကြားတွင် တောက်ပြောင်လျက်ရှိသည်။ သူ၏စီးကရက်က သူ့နှုတ်ခမ်းထောင့်တွင် တွဲခိုလျက်ရှိသည်။ စီးကရက်ထိပ်ဖျားမှနေ၍ မီးခိုးတန်းလေးတစ်ခု လွင့်တက်နေသည်။ ဘာကြောင့်မှန်းမသိ နော်တာဒိန်းမှ ခါးကုန်းကြီးကို ဆူဆန် သတိရမိသည်။ သို့သော် ဝေါလ်တာက ခါးမကုန်းပါ။ ဆူဆန် တခြားသို့ ကြည့်သည်။ သို့သော် သူမ၏မျက်လုံးများက သူမအား ငေးစိုက်ပြီးကြည့်နေသော ဝေါလ်တာထံသို့ပင် ပြန်လည်ရောက်ရှိသည်။ ဘဲလိုးက သွားကြရန် ပြောသောအခါဆူဆန် ဝမ်းသာသွားသည်။ ကော်ဖီများကို ကုန်အောင်သောက်ကြသည်။ တံခါးက ရေအင်တုံအနီးတွင် ဖြစ်သည်။ ဝေါလ်တာ၏ မြင်ကွင်းတွင် ဖြတ်သန်းသွားရကြောင်း ဆူဆန် အမှတ်ပြုရသည်။ ဝေါလ်တာ ချောင်းဆိုသည်။ သလိပ်သံပါသည်။

"တော်တော်ဆိုးတဲ့နေ့ပဲ မိန်းကလေး"

ဆူဆန်ဖြတ်သွားစဉ်တွင် ဝေါလ်တာက ပြောလိုက်သည်။ ဆူဆန် ဘာမှ ပြန်မပြောပါ။ ငေးစိုက်နေသော မျက်လုံးများက ကင်းလွတ်ရသဖြင့် သူမ ဝမ်းသာသည်။ ဝေါလ်တာ၏ အကြည့်များက ဤဆေးရုံနှင့်ပတ်သက်ပြီး ဆူဆန်၏ မကျေနပ်မှုများကို ပို၍နက်ရှိုင်းစေပါသည်။

mgyoe.com

mgyoe.com


သူတို့လူစု အထူးဆောင်သို့ အုပ်လိုက်ကြီးသွားရောက်ကြသည်။ ရောမ တံခါးကြီး ပိတ်သွားသောအခါ ပြင်ပကမ္ဘာသည်လည်း မှေးမှိန်ပျောက်ကွယ် သွားတော့၏။ ပတ်ဝန်းကျင်အသစ်သည် အမှောင်တွင်းမှ ပေါ်ထွက်လာ သည်။ ကျောင်းသားများသည် မီးရောင်လဲ့လဲ့တွင် မျက်လုံးများ ကျင့်သား ရအောင် ပြုလုပ်နေကြရသည်။ သူတို့ခြေသံများနှင့်စကားသံများသည် မျက်နှာကြက်တွင် ပျောက်ဝင်သွားကြသည်။ ဆေးဘက်ဆိုင်ရာ စက်ကိရိယာ သံများ ကြားကြရသည်။ အထူးသဖြင့် နှလုံးစက်မှ နှလုံးခုန်သံနှင့် အသက်ရှူ စက်မှ အသက်ရှူသံများကိုစည်းချက်မှန်မှန်ကြားကြရသည်။ လူနာများသည် ကိုယ့်အခန်းနှင့်ကိုယ် သီးသန့်ရှိနေကြသည်။ ခုတင် မြင့်မြင့်များတွင် ခုတင် ဘေးကာတန်းများကို ဆွဲတင်ထားကြသည်။ သူတို့ အပေါ်တွင် သွေးပုလင်း များနှင့်ပလတ်စတစ်ပိုက်များရှိသည်။ သူတို့၏ ပိုက်အတွင်းရှိ သွေးကြော များသို့ ချွန်မြသောအပ်နှင့်ထိုးစိုက်ပြီး ဆက်သွယ်ထားသည်။ အချို့သော လူနာများသည် ထပ်ထပ်ရစ်ပတ်ထားသော ပတ်တီးများအောက်တွင် ပျောက် ကွယ်လျက်ရှိကြသည်။ လူနာအနည်းငယ်မျှသာလျှင် နိုးနေပြီး သူတို့၏ မျက်လုံးများတွင် စိုးရွံ့ထိတ်လန့်မှုများ ပေါ်လွင်လျက်ရှိသည်။ သူတို့ မျက်လုံးများ ကြည်လင်လျက်ရှိသဖြင့်သာ လူကောင်းများဟု သိသာသည်။

ဆူဆန်အခန်းကို လှေ့လာကြည့်ရှုသည်။ လှိုင်းပုံကြည့်ကိရိယာတွင် အလင်းရောင်တန်းကလေးများ ပြေးလွှားနေသည်။ သို့ရာတွင် သူ့အနေနှင့် ဘာအဓိပ္ပာယ်မှ နားမလည်ပါ။ ထို့အတူပင် သွေးကြောသွင်း ဆေးပုလင်း များ၏တံဆိပ်များတွင် ဖော်ပြထားသော ပါဝင်သည့်ဆေးအမည်များကို လည်း ဆူဆန် နားမလည်ပါ။ ရုတ်ခြည်းဆိုသလိုပင် ဆူဆန်နှင့်တကွ ကျောင်းသားများအားလုံးတို့သည် မိမိတို့၏မပြည့်ဝမှုအတွက် စိတ်အား ငယ်ကြရသည်။ ဆေးတက္ကသိုလ်တွင် နှစ်နှစ်တာသင်ကြားခဲ့ခြင်းသည် ဘာမှ မဟုတ်သေးပါကလားဟု ဖော်ပြနေသည်။

သိမ်ငယ်မှုကို ခံစားကြရသဖြင့် ကျောင်းသားငါးယောက်သည် ပို၍ စုစည်းပူးကပ်သွားကြသည်။ ဗဟိုစားပွဲဆီသို့ တလုံးတစည်းတည်း လျှောက် သွားကြသည်။ သူတို့သည် ခွေးငယ်ကလေးတစ်အုပ်ပမာ ဒေါက်တာ မတ်ဘဲလိုး၏ နောက်သို့ လိုက်ပါသွားကြသည်။

mgyoe.com

mgyoe.com


"မတ်"

အထူးဆောင် ဆရာမတစ်ဦးက မတ်ဘဲလိုးကို ခေါ်လိုက်သည်။ သူမ၏ အမည်က ဗွန်ရှာဂွတ်၊ သူမက ဆံပင်ကောင်းသည်။ ငွေရောင် ဆံပင်ဖြစ်သည်။ ထက်မြက်သော မျက်လုံးများ ရှိသည်။ ထူထဲသော မှန်ချပ်များကိုပင် ဖောက်ထွင်းပြီး ကြည့်မြင်နိုင်မည်ဟု ထင်ရသည်။ ခြုံ၍ ပြောရလျှင် သူမသည်ဆွဲဆောင်နိုင်စွမ်းရှိသော အမျိုးသမီးတစ်ဦးဖြစ်သည်။ ဘဲလိုး၏ အမူအရာ ပြောင်းလဲသွားသည်ကို ဆူဆန်၏ စူးရှသော မျက်လုံးက သတိပြုလိုက်မိသည်။

"ဝိလ်ဆင်မှာ ပီဗီစီ ကျနေတယ်။ လစ်ဒိုကိန်းသွင်းရင် ကောင်းမယ်လို့ ဒယ်နီယယ်ကို ကျွန်မ ပြောတယ်"

ဗွန်က စားပွဲဆီသို့ လျှောက်သွားရင်း ...

"ဒါပေမဲ့ ဒင်နီယယ်က ဘာလုပ်ရမယ်ဆိုတာ ဆုံးဖြတ်လို့ မရဘူးဖြစ်နေတယ်"

သူမက ဘဲလိုး၏ရှေ့ရှိ အီးကေဂျီ ခေါ် နှလုံးလျှပ်စစ်မှတ်စက်ကို ညွှန်ပြရင်း ...

"ပီဗီစီကို ကြည့်စမ်းပါဦး"

ဘဲလိုး ငုံ့ကြည့်သည်။

"အို ... အဲဒါ မဟုတ်ဘူး။ အဲဒါက ပီအေစီ၊ ဒီမှာကြည့်"

ဗွန်က လက်ဖြင့် ထောက်ပြရင်း ဘဲလိုးကိုကြည့်သည်။

"အင်း ... လစ်ဒိုကိန်းသွင်းဖို့ လိုတဲ့ပုံစံ"

ဘဲလိုးက ပြုံးပြီး ပြောလိုက်သည်။

"ဟုတ်တယ်။ ဒါကြောင့် ကျွန်မ စပ်ထားတယ်။ တစ်မိနစ်မှာ နှစ်မီလီဂရမ်နှုန်း အဆင်သင့် ချိတ်ထားပြီးပြီ၊ သွင်းရုံပဲ။ ဆရာ ဆေးစာရေးတဲ့အခါမှာလည်း ကျွန်မ သူ့ကို ၅၀ ကီလိုဂရမ်ဆေးလုံးတစ်လုံးတိုက်ထားတာကိုလည်း ထည့်ရေးပါ။ နောက်ပြီးတော့ ဒေါက်တာကတ်ကရိုက်ကိုလည်း တစ်ခုခု ပြောပါဦး။ ဒါပါနဲ့ဆိုရင် သူဟာ လေးခါ ရှိသွားပြီ။ လွယ်လွယ်ကလေးတွေမှာ အဆုံးအဖြတ် မပေးနိုင်တာ၊ မလိုအပ်တဲ့ ဥပဒေတွေကို ကျွန်မ မလိုချင်ဘူး"

mgyoe.com

mgyoe.com


သူမ၏ ဝေဖန်ချက်နှင့် ပတ်သက်၍ ဒေါက်တာဘဲလိုးက ဘာမှမပြော ရမီမှာပင် ဆရာမဇွန်သည် လူနာတစ်ယောက်ဆီသို့ သွက်လက်စွာ ရောက် ရှိသွားသည်။ သူမက လိပ်နေသော ပိုက်လိုင်းနှစ်ခုကို ကျွမ်းကျင်လွယ် ကူစွာပင် ခွဲခြားလိုက်သည်။ မည်သည့် ပိုက်လိုင်းက မည်သည့်ပုလင်းမှ ဆင်းလာသည်ကို ရှင်းလင်းထင်ရှားစေသည်။ လစ်ဒိုကိန်းပုလင်းကို စတင် ပြီး စီးဆင်းစေသည်။ ပုလင်း၏ အောက်ဘက်ရှိ ပလတ်စတစ်အိတ်ထဲသို့ ဆေးစက်များကျသည့်နှုန်းကို မှန်ကန်အောင် ချိန်ဆသည်။

ဒေါက်တာဘဲလိုးနှင့် ဆရာမဇွန်တို့၏ လျှပ်တစ်ပြက် ဆက်ဆံမှုသည် စိတ်ဓာတ်ကျနေသော ကျောင်းသားများအဖို့ ယုံကြည်မှုပိုပြီး လျော့ပါးစရာ ဖြစ်တော့သည်။ ဆရာမ တစ်ယောက်၏ ကျွမ်းကျင်တတ်မြောက်မှုသည် သူတို့ကို ပို၍သိမ်ငယ်စေသည်။ သူတို့ အံ့ဩရသည်။ ဆရာမဇွန်၏ ဒိန်းဒိန်း ဒေါက်ဒေါက်နိုင်မှုသည် သူတို့နားလည်ထားသော ဆရာဝန်၊ ဆရာမ ဆက်ဆံရေးနှင့် တခြားစီ ဖြစ်နေသည်။

ဒေါက်တာဘဲလိုးသည် ဆေးမှတ်တမ်းဇယား တစ်ခုကို ယူလိုက်ပြီး စားပွဲပေါ်တွင် ချလိုက်သည်။ ထို့နောက် ကုလားထိုင်တွင် သူထိုင်သည်။ မှတ်တမ်းဇယားပေါ်မှ အမည်ကို ဆူဆန် ဖတ်လိုက်သည်။

နန်စီဂရင်းလေး။

ဘဲလိုး၏အနီးတွင် ကျောင်းသားများ ဝိုင်းရံလိုက်ကြသည်။

"ခွဲစိတ်ကုသတဲ့ နေရာမှာ အရေးကြီးဆုံး အချက်ကတော့ ကိုယ်ရည် ညီမျှမှုပဲ။ ဒီအချက်ကို ဒီကေ့စ်မှာ သေသေချာချာ ပြတာပဲ"

ဘဲလိုးက ဇယားစာအုပ်ကို လှန်ရင်း ပြောလိုက်သည်။

အထူးဆောင်တံခါး ပွင့်သွားပြီး အထပ် ၅ မှ အလုပ်သင်ဆရာဝန် ဒင်နီယယ်ကတ်တရိုက် ဝင်ရောက်လာသည်။ သူက ကိုယ်လုံးကိုယ်ထည် သေးသေးငယ်ငယ် ဖြစ်သည်။ အရပ် ငါးပေ ခုနစ်လက်မပဲ ရှိမည်။ သူ၏ ဝတ်ရုံဖြူသည် တွန့်ကြေနေပြီး သွေးစက်များ စွန်းထင်းလျက်ရှိသည်။ နှုတ်ခမ်းမွေးရှိသည်။ မုတ်ဆိတ်မွေးရှိသည်။ သို့သော် ကျိုးကျဲသည်။ အနည်းငယ် ထိပ်ပြောင်သည်။ သူက ပျူငှာသူတစ်ဦးဖြစ်သည်။ ကျောင်းသား များ ရှိရာသို့ တောက်လျှောက် ရောက်လာသည်။

mgyoe.com

mgyoe.com


"ဟိုက် ... မတ်"

သူက ဘယ်ဘက်လက်ကိုမြှောက်ပြီး နှုတ်ဆက်သည်။

"ကျွန်တော်တို့ အစာအိမ်ထုတ်တာ အစောကြီးပြီးသွားတယ်။ ဒါကြောင့် ကျွန်တော် ဒီမှာ လိုမလား ဆိုပြီး လာခဲ့တာပဲ"

ဘဲလိုးက ကတ်တရိုက်ကို ကျောင်းသားများနှင့် မိတ်ဆက်ပေးသည်။ ထို့နောက် နန်စီဂရင်းလေးအကြောင်း အကျဉ်းချုပ် ရှင်းပြရန် ညွှန်ကြားသည်။

ကတ်ထရိုက်က စက်ရုပ်ကို သံပတ်ပေးလိုက်သည့်ပမာ...

"နန်စီဂရင်းလေး၊ နှစ်ဆယ့်ဆုံးနှစ်အရွယ်၊ မ၊ လွန်ခဲ့သော တစ်ပတ်လောက်က ဒီဆေးရုံကို သားအိမ်ခြစ်ဖို့ ရောက်လာတယ်။ အတိတ် ဆေးမှတ်တမ်းလုံးဝကောင်းမွန်ရှင်းလင်း၊မခွဲစိတ်မီ စစ်ဆေးပြင်ဆင်မှုများ အားလုံး ပုံမှန်၊ ပဋိသန္ဓေမရှိ၊ ခွဲစိတ်ကုသတဲ့အချိန်မှာ မေ့ဆေးပြဿနာဖြစ်ပြီး လုံးဝ သတိမေ့သွားတယ်။ အဲဒီ အချိန်ကစပြီး လုံးဝ ပြန်ပြီး သတိမရတော့၊ လွန်ခဲ့တဲ့ နှစ်ရက်က ဦးနှောက်လှိုင်းကြည့် လုံးဝမကောင်း၊ လက်ရှိ အခြေအနေငြိမ်နေတယ်။ ကိုယ်အလေးချိန်မှန်နေတုန်းပဲ၊ဆီးကောင်းတယ်၊ သွေးတိုးနှုန်း သွေးခုန်နှုန်း အားလုံးကောင်းတယ်၊ မနေ့ညနေက ကိုယ်အပူရှိန် နည်းနည်းတက်လာတယ်။ ဒါပေမဲ့ အသက်ရှူသံမှန်တယ်၊ အားလုံးခြုံပြီး ပြောရရင် သူဟာ ပုံမှန်အတိုင်းပဲ ရှိနေတယ်"

"ကျုပ်တို့ရဲ့ ထိန်းသိမ်းပြုစုမှုကြောင့် သူဟာ ပုံမှန်အတိုင်း ရှိနေတယ်"

ဘဲလိုးက ဖြည့်စွက် ပြင်ဆင်ပြီး ပြောလိုက်သည်။

"နှစ်ဆယ့်သုံးနှစ် ဟုတ်လား"

ဆူဆန်က သီးသန့်ခန်းကလေးများကို မျက်လုံးဝေ့ကြည့်ရင်း မေးလိုက်သည်။ သူမ၏ မျက်နှာတွင် စိုးရိမ်မှု ပေါ်လွင်နေသည်။ သို့သော် အထူးဆောင်၏ အလင်းရောင်မှေးမှိန်နေမှုကြောင့် အခြားသူများ မတွေ့မြင်သာပါ။ ဆူဆန်ဝှီးလားသည် အသက်နှစ်ဆယ့်သုံးနှစ် ဖြစ်သည်။

"နှစ်ဆယ့်သုံးနှစ်၊ ဒါမှမဟုတ် နှစ်ဆယ့်လေးနှစ်၊ အဲဒီအတွက် ဘာမှ အကြောင်းမထူးဘူး"

ဘဲလိုးက ကိုယ်ရည်ညီမျှမှု ပြဿနာကို ရည်ညွှန်းပြီးပြောလိုက်သည်။

mgyoe.com

mgyoe.com


သို့သော် ဆူဆန်အတွက်မူ တစ်ဖက်က အကြောင်းထူးပါသည်။

"သူ ဘယ်မှာလဲ"

ဆူဆန် မေးလိုက်သည်။

"လက်ဝဲဘက်ထောင့်မှာ"

ဘဲလိုးက ဇယားမှတ်တမ်းကို ကြည့်နေရာမှ ခေါင်းမမော့ဘဲ ပြောလိုက်သည်။

"ကျုပ်တို့ သတိထားပြီး ကြည့်ရမှာက လူနာက ထွက်သွားတဲ့ 'ငွေ့ရည်' အရေအတွက်နဲ့ ပြန်သွင်းတဲ့ အရေအတွက်ပဲ။ ဒါတွေက မပြောင်းလဲတဲ့ ကိန်းသေအချက်အလက်တွေဆိုတာ မှန်တယ်။ ကျုပ်တို့က ပြောင်းလဲလှုပ်ရှားတဲ့အပိုင်းကို ပိုပြီး စိတ်ဝင်စားတယ်၊ ဒါပေမဲ့ ဒီမှာလည်း ကျုပ်တို့အတွက် အကျိုးရှိတာလေးတွေရှိတယ်။ ကြည့်ကြရအောင်၊ သူဟာ ဆီး ၁၆၅၀ စီစီ ထုတ်တယ်"

ဆူဆန်နားမထောင်တော့၊ သူမ၏ မျက်လုံးများက အခန်းထောင့် ခုတင်ပေါ်ရှိ ငြိမ်သက်နေသော သဏ္ဍာန်ဆီသို့ ကြည့်သည်။ ဆူဆန် ရပ်နေသည့်နေရာမှဆိုလျှင် လူနာ၏ ဆံပင်နက်နက်၊ မျက်နှာဖြူဖြူနှင့် ပါးစပ်တွင် တပ်ထားသော ပိုက်တို့ကိုသာလျှင် မြင်ရသည်။ ယင်းပိုက်သည် ခုတင်အနီးရှိ ကြီးမားသော လေးထောင့်ပုံ စက်ကြီးတစ်ခုနှင့် ဆက်ထားသည်။ ယင်းစက်ကြီးက သူမအတွက် အသက်ရှူပေးနေသည်။ လူနာ၏ ကိုယ်ခန္ဓာကို အဝတ်ဖြူတစ်ခုနှင့် ဖုံးလွှမ်းထားသည်။ သို့သော် လက်များကိုမူ ဖုံးလွှမ်းထားခြင်း မရှိချေ။ လက်နှစ်ဖက်သည် ကိုယ်ထည်မှနေ၍ လေးဆယ့်ငါးဒီဂရီ ခွာထွက်လျက်ရှိသည်။ သွေးကြောသွင်းပိုက်လိုင်း တစ်ခုသည် လက်ဝဲဘက် လက်မောင်းသို့ သွယ်တန်းနေသည်။ နောက်ထပ် သွေးကြောသွင်းပိုက်လိုင်း တစ်ခုက သူမ၏လက်ယာဘက် လည်ပင်းဆီသို့ သွယ်ဆင်းသည်။ သူမ၏ အပေါ်ဘက် မျက်နှာကြက်ဆီမှ စပေါ့လိုက် ထိုးထားသဖြင့် သူမ၏ ကိုယ်ခန္ဓာအပေါ်ပိုင်းနှင့် ဦးခေါင်းပေါ်သို့ မီးရောင် ဖြာကျနေသည်။ ယင်းမှတစ်ပါး ကျန်အခန်းထောင့် တစ်ခုလုံးသည် အမှောင်ထဲတွင် ရှိနေသည်။ မည်သည့် လှုပ်ရှားမှုမျှ မတွေ့မြင်ရပါ။ အသက်ရှူစက်မှ ထွက်ပေါ်နေသော နရီကိုက် အသက်ရှူသံမှတစ်ပါး အသက်ရှိသည့် အရိပ်အယောင် မတွေ့မမြင်ရပါ။

mgyoe.com

mgyoe.com

ပလတ်စတစ်ပိုက်လိုင်းတစ်ခုသည် လူနာမှနေ၍ အောက်ဘက်ရှိ ဆီးအိုးဆီသို့ သွယ်ထားသည်။

"တိကျမှန်ကန်တဲ့ နေ့စဉ် ကိုယ်အလေးချိန်ရှိရမယ်"

ဘဲလိုးက ဆက်လက် ပြောကြားနေသည်။

သို့သော် ဆူဆန်သည် သူ့အသံကိုကြားလိုက်၊ မကြားလိုက်ရှိနေသည်။ နှစ်ဆယ့်သုံးနှစ်ရွယ် အမျိုးသမီး။ ယင်းအတွေးက ဆူဆန်၏ စိတ်အစဉ်တွင် ပဲ့တင်ထပ်လျက်ရှိသည်။

"သူ့အနေနဲ့ တုံ့ပြန်မှု မရှိတာ ဘယ်လောက်ကြာသွားပြီလဲ"

ဆူဆန်သည် အခန်းထောင့်ဆီမှ လူနာကို ကြည့်နေရာမှ မျက်နှာလွှဲဖယ်ခြင်း မပြုဘဲ၊ မျက်တောင်ခတ်ခြင်း မရှိဘဲနှင့် မေးလိုက်သည်။

ဘဲလိုးသည် ခေါင်းကိုလှည့်လိုက်ပြီး ဆူဆန်ကိုမော့ကြည့်လိုက်သည်။

"ရှစ်ရက်"

သူ၏ကိုယ်ရည်ညီမျှမှု ဟောကြားချက်ကြီးကို ဖြတ်ပြီး မေးလာသဖြင့် ဘဲလိုး အနည်းငယ် အနှောင့်အယှက် ဖြစ်သွားရသည်။

"ဒါပေမဲ့ ဒီကိစ္စက ကနေ့ဖြစ်နေတဲ့ ဆိုဒီယမ်အဆင့်နဲ့ ဘာမှမပတ်သက်ဘူး မစ္စဝှိုးလား၊ ကျေးဇူးပြုပြီးတော့ လက်ရှိပြောနေတဲ့ အကြောင်းအရာမှာ စိတ်ဝင်စားပါ"

ထို့နောက် ဘဲလိုးသည် အခြား ကျောင်းသားများဘက်သို့ လှည့်လိုက်ပြီး–

"ဒီအပတ်ကုန်လို့ရှိရင် မင်းတို့ အားလုံး ငွေ့ရည်မှတ်တမ်း ရေးကြရမယ်။ အဲ ... ကိုယ်ပြောနေတာ ဘယ်ရောက်သွားပြီလဲ"

ဘဲလိုးက အသွင်းအထုတ် စာရင်းများဆီသို့ ကြည့်လိုက်သည်။ ဆူဆန်မှတစ်ပါး ဆေးကျောင်းသားလေးယောက်သည်လည်း ဂဏန်းများဆီသို့ ကုန်းငုံ့ပြီး ကြည့်ကြသည်။

ဆူဆန်သည် အခန်းထောင့်ရှိ ငြိမ်သက်နေသော သဏ္ဌာန်ကိုဆက်ဆက်ငေးမောနေသည်။ စိတ်ထဲတွင် သားအိမ်ခြစ်ဖူးသော သူမ၏ သူငယ်ချင်းများကို စဉ်းစားနေမိသည်။ သူတို့နှင့် နန်စီဂရင်းလေး မည်သို့ ကွာခြားရသနည်း။ ဆူဆန်သည် သူမ၏ အောက်နှုတ်ခမ်းကို အတန်ကြာအောင် ကိုက်ထား

mgyoe.com


မိသည်။ သူမအနေနဲ့ တစ်စုံတစ်ခုကို လေးနက်စွာ စဉ်းစားသည့်အခါတိုင်း ဤကဲ့သို့ အောက်နှုတ်ခမ်းကို ကိုက်ထားတတ်သည်။

"ဘယ်လို ဖြစ်တာလဲ"

ဆူဆန်က အမှတ်မထင် မေးလိုက်ပြန်သည်။

ဘဲလိုး၏ခေါင်း ဒုတိယအကြိမ် ထောင်လာသည်။ ယခု အကြိမ်တွင် ပို၍မြန်သည်။ ဘာတွေများ ဖြစ်ကုန်ပြီနည်းဟု ကြည့်လိုက်ပုံမျိုးဖြစ်သည်။

"ဘာကို ဘယ်လို ဖြစ်တာလဲ"

သူက အခန်းကို ကြည့်လိုက်ရင်း ပြန်မေးသည်။

"လူနာ ဘယ်လိုလုပ်ပြီး မေ့မြောသွားတာလဲ"

ဘဲလိုး မတ်မတ်ထိုင်လိုက်သည်။ မျက်လုံးများကို မှိတ်လိုက်သည်။ ခဲတံကို ချလိုက်သည်။ သူက စကားမပြောမီ တစ် နှစ် သုံး လေး တစ်ဆယ် အထိ ရေရွတ်နေဟန်ရှိသည်။

ထို့နောက်တွင်မှ သူက ဖြည်းလေးစွာဖြင့်–

"မစ္စဝိုးလား၊ မင်းအနေနဲ့ ကိုယ့်ကိုကူညီစေချင်တယ်။ မင်းအနေနဲ့ ကိုယ်တို့နဲ့အတူ ရှိစေချင်တယ်။ လူနာနဲ့ပတ်သက်လို့ ပြောရရင်တော့ ကုသိုလ်ကံဆိုးတယ်လို့ပဲပြောရမှာပဲ မဟုတ်လား။ သူ့ကျန်းမာရေးကောင်းတယ်။ သားအိမ်ခြစ်တာ သာမန် လုပ်ရိုးလုပ်စဉ်ပဲ၊ မေ့ဆေးပေးတဲ့ နေရာမှာလည်း ဘာမှဆိုစရာမရှိဘူး။ သူ့အနေနဲ့ ပြန်မနိုးတာဘဲရှိတယ်။ ဦးနှောက်မှာ အောက်ဆီဂျင်နည်းသွားတာပဲ ဆိုပါတော့။ လိုအပ်တဲ့ အောက်ဆီဂျင်ကို မရတာပေါ့ ဟုတ်လား။ ကဲ ... ကိုယ်တို့ အလုပ်ကို ပြန်စကြရအောင်။ ကိုယ်တို့ ဒီမှာ တစ်နေ့လုံး ဒီဆေးညွှန်းတွေကို ရေးကြရမယ်၊ နေ့လယ်မှာ လူနာတွေ လှည့်ပြီး ကြည့်ကြမယ်"

"ဒီလိုဟာမျိုး ခဏခဏ ဖြစ်တတ်သလား"

ဆူဆန်က စူးစမ်းသည်။

"မဖြစ်ပါဘူး၊ အင်မတန် ရှားပါတယ်။ တစ်သိန်းမှာမှ တစ်ယောက်လောက်ပဲ ဖြစ်တတ်ပါတယ်။

"ဒါပေမဲ့ ဒီအမျိုးသမီးကတော့ တစ်ရာမှာ တစ်ရာ ဖြစ်တတ်တဲ့ သဘောမျိုးပဲ"

mgyoe.com

mgyoe.com


ဆူဆန်က ပြောလိုက်သည်။

ဘဲလိုးက ဆူဆန်ကို နားမလည်ဟန်ဖြင့် မော့ကြည့်လိုက်သည်။ နန်စီဂရင်းလေး၏ ကိစ္စတွင် သူက လူသားတစ်ယောက်အနေနှင့်မပတ်သက်ပါ။ တာဝန်ဝတ္တရားအရ ပတ်သက်ရသည်။ ဆီးကို မှန်မှန် ထုတ်ရသည်။ ရောဂါပိုးမွှားကင်းစေရသည်။ သူ တာဝန်ရှိစဉ် အတွင်း နန်စီဂရင်းလေး မသေဆုံးစေလိုပါ။ အကယ် သေဆုံးသွားခဲ့လျှင် သူ့အဖို့ အမှတ်လျှော့မည်။ ဆရာဝန်ကြီး ဒေါက်တာစတတ်က ပြစ်တင်ဝေဖန်ခြင်း ပြုလိမ့်မည်။ ဒီလိုကိစ္စမျိုး တစ်ခုတွင် လူနာသေဆုံးသွားသည့်အတွက် စတတ်က ဂျွန်စတန်ကို ပြစ်တင်ပြောဆိုခဲ့သည်။

တကယ်တော့ ဘဲလိုးသည် လူသားတစ်ယောက်၏ ခံစားမှုကို ပစ်ပယ်သည် မဟုတ်ပါ။ အချိန်အခါအရ ရှိခြင်းသာဖြစ်သည်။ ဘဲလိုးသည် နန်စီနှင့် ဆူဆန်တို့၏ အသက်ကို ဆက်စပ်ပြီး မကြည့်မိပါ။ ထို့အပြင် ဆေးရုံသို့ ရောက်စ လူတစ်ယောက်၏ခံစားမှုဝေဒနာကိုလည်း သူမေ့လျော့သလောက် ရှိနေသည်။

"ကဲ ... အကြိမ်တစ်ရာမြောက်ပြောမယ်၊ လုပ်ငန်းကို ပြန်စကြရအောင်"

ဘဲလိုးက ကုလားထိုင်ကို ရှေ့သို့ တိုးရင်း ပြောလိုက်သည်။ သူ၏ လက်ချောင်းများကို သူ့ခေါင်းတွင် ထိုးဖွသည်။ သူက လက်မှနာရီကို ကြည့်လိုက်ပြီးနောက် တွက်ချက်မှုကို စတင်သည်။

"ကောင်းပြီ၊ မူမှန်ဆားရည် (၁/၄) သုံးရင် ၂၅၀၀ စီစီမှာ မီလီအီကွီဗလင် ဘယ်လောက်ရမလဲ"

ဆူဆန်သည် ဘဲလိုး၏ သင်ကြားပို့ချမှုတွင် လုံးဝ အာရုံမကပ်ငြိတော့။ အတွင်းစိတ်တစ်ခု၏ စေ့ဆော်မှုဖြင့် သူမသည် စားပွဲကိုကွေ့ပတ်ကာ နန်စီရှိရာသို့ လျှောက်သွားနေမိတော့၏။ ဆူဆန် ဖြည်းလေးစွာ ရွေ့လျားသည်။ သတိရှိစွာနှင့်ဖြစ်သည်။ ဘေးအန္တရာယ်ရှိသော နေရာဌာနတစ်ခုသို့ ချဉ်းကပ်သွားနေသည့်ပမာ ဖြစ်သည်။ တဖြည်းထက် တဖြည်း အသေးစိတ် မြင်တွေ့လာရသောမြင်ကွင်းကို ရင်သပ်ရှုမောလျက်ရှိသည်။ နန်စီဂရင်းလေး၏ မျက်လုံးများ တစ်ဝက်ပွင့်ပြီး တစ်ဝက်ပိတ်နေသည်။ မျက်ဆန်ပြာကလေး နှစ်ခု၏အောက်ဘက်တို့ကို တွေ့မြင်နေရသည်။ သူမ၏ နှုတ်ခမ်းများမှာ

mgyoe.com

mgyobe.com


သွေ့ခြောက်ပြီး ကွဲအက်နေသည်။ သူမ၏ ပါးစပ်ကို ပလတ်စတစ် အခင်တစ်ခုဖြင့် ကန့်လန့်ထားသည်။ အသက်ရှူသော လေပြွန်ပိုက်ကို မကိုက်မိစေရန် ဖြစ်သည်။ သူမ၏ ရှေ့သွားတွင် ညိုမည်းနေသောအရာများ စွန်းထင်းလျက်ရှိသည်။ ခြောက်နေသောသွေးများ ဖြစ်သည်။

ဆူဆန်သည် အနည်းငယ် နောက်ကျို မူးဝေသွားသဖြင့် မျက်လုံးများကို တခြားသို့ လွှဲဖယ်လိုက်သည်။ ပြီးမှတစ်ဖန် လူနာကို ပြန်ပြီး ကြည့်သည်။ တစ်ချိန်က ကျန်းမာရေးကောင်းမွန်သော အမျိုးသမီးကလေးတစ်ဦး၏ရုပ်သဏ္ဌာန်က စိတ်အာရုံတွင်ထင်မြင်မိသောအခါ ဆူဆန်သည် တုန်လှုပ်ချောက်ချားမိရတော့သည်။ ဆူဆန်သည် သာမန်မျှသာ စိတ်မကောင်းမိခြင်းမျိုး မဟုတ်။ ရင်တွင်း တစ်နေရာတွင် နာကျင်သော ဝေဒနာတစ်ခုကို ခံစားရခြင်း ဖြစ်သည်။ သေခြင်းတရားကို ဆင်ခြင်မိခြင်း ဖြစ်သည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသော လက္ခဏာရေးသုံးပါးကို ထိတ်လန့်ခြင်းကြီးစွာဖြင့် ဆင်ခြင်မိခြင်း ဖြစ်သည်။ ဘာမှ မမြဲပါကလား၊ ဘာမှ အစိုးရယ်မရှိပါကလား၊ ဘာမှမတတ်နိုင်ပါကလား။ ဤအတွေးများ ဝင်ရောက်ကိန်းအောင်းလာသောအခါ သူမ၏ လက်ဖဝါးပြင်တွင် ချွေးများ စို့ပြန်လာတော့သည်။

အင်မတန် နုညက်သော ကြွေထည်ပစ္စည်းကလေးတစ်ခုကို ကိုင်တွယ်ကြည့်သည့် ပမာဖြင့် ဆူဆန်သည် နန်စီ၏ လက်တစ်ဖက်ကို မ ကိုင်လျက်ရှိသည်။ အံ့သြဖွယ်ရာ ကောင်းလောက်အောင်ပင် အေးစက်လျက်ရှိသည်။ ပျော့အိလျက်ရှိသည်။ သူမသည် အသက်ရှိပါသေး၏လော၊ သေဆုံးချေပြီလော၊ ဆူဆန် အမှတ်မထင် တွေးလိုက်မိသည်။ သို့သော် သူမ၏ အထက်တွင်ရှိသော အသက်ရှူစက်မှ မှန်မှန်ကြီး သူအသက်ရှူလျက်ရှိသည်။

"ကိုယ်ရည်ညီမျှမှုကို လေ့လာတဲ့နေရာမှာတော့ မစ္စဝှီးလားက ဖျံပဲ"

ဘဲလိုးက ဆူဆန်၏ နံဘေးမှနေ၍ ပြောလိုက်သည်။

ဘဲလိုး၏ အသံကြောင့် ဆူဆန် ခေတ္တမျှ မိန်းမောသွားရာမှ ပြန်လည်သတိဝင်လာသည်။ နန်စီဂရင်းလေး၏လက်ကို ဂရုတစိုက် ပြန်ထားလိုက်သည်။ ခုတင်ဘေးတွင် သူတို့လူစု တစ်ဖွဲ့လုံး ရောက်ရှိနေသည်ကို ဆူဆန် အံ့သြစွာ တွေ့ရှိရသည်။

ဘဲလိုးက နန်စီ၏လည်ပင်းသို့ သွယ်တန်းထားသော ပလတ်စတစ်

mgyobe.com

mgyee.com


ပြွန်လုံးကလေးကိုကိုင်လျက် ...

"ကဲ ... အားလုံးပဲ၊ ဒါက စီဗွီပီလိုင်းလို့ ခေါ်တယ်။ ဗဟိုပြန်သွေးဖိအားပေါ့။ ဒါကို အခု ဖွင့်ထားတယ်။ တစ်ဖက်က သွေးကြောထဲကို သွင်းနေတယ်။ (၁/၄)မူမှန်ဆားရည်တို့ ၂၅ မီလီအီကွီဗလင့် ပိုတက်ဆီယမ်နဲ့ ရောပြီး တစ်နာရီမှာ ၁၂၅ စီစီနှုန်းနဲ့ပေါ့"

ဘဲလိုး ခေတ္တမျှ ရပ်နားလိုက်သည်။ နန်စီဂရင်းလေးကို အမှတ်မထင်ငေးကြည့်နေရင်း တစ်စုံတစ်ခုကို စဉ်းစားနေသည်။ ပြီးမှ ...

"ကတ်တရိုက်ရေ ... ကနေ့ ဆီးစစ်ခိုင်းပါ။ သွေးငန်ရည်စစ်တာတော့ ထုံးစံအတိုင်း နေ့တိုင်းပဲပေါ့။ ဩော် ... မဂ္ဂနီဆီယမ်အဆင့်ရောပေါ့။ ဟုတ်လား"

ကတ်တရိုက်သည် ဘဲလိုး၏ ညွှန်ကြားချက်များကို နန်စီဂရင်းလေး၏ မှတ်တမ်းဇယားတွင် ထည့်သွင်းရေးသားလျက် ရှိသည်။ ဘဲလိုးသည် ခေါက်တူကလေးဖြင့် နန်စီဂရင်းလေး၏ခြေထောက်ကို ခေါက်ကြည့်သည်။ ကြွက်စွန်းကြောများ တုံ့ပြန်မှုရှိ မရှိ ကြည့်ခြင်းဖြစ်သည်။ မည်သည့် တုံ့ပြန်မှုမျှ မရှိပါ။

"သူ့ကို ဘာဖြစ်လို့ လေပြွန်ဖောက်မကုသလဲ"

ဖဲယားဝဲသားက မေးလိုက်သည်။ ဘဲလိုးက ဖဲယားဝဲသားကိုမော့ကြည့်သည်။ ထို့နောက် စဉ်းစားချိန်ဆသည်။

"ဟုတ်တယ်၊ မစ္စတာဖဲယားဝဲသား မေးတာ မှန်တယ်"

ကတ်ရိုက်ဘက်သို့ လှည့်လျက် ...

"ကျုပ်တို့ ဘာဖြစ်လို့ လေပြွန်ဖောက် မကုသလဲ ဒင်နီယယ်"

ဒင်နီယယ် ကတ်တရိုက်သည် လူနာကိုကြည့်နေရာမှ ဘဲလိုးကို ကြည့်သည်။ ထို့နောက် လူနာကိုပြန်ကြည့်သည်။ ကတ်ထရိုက် ပျာယာခတ်နေသည်။ အညွှန်းကတ်ပြားတွင် လေပြွန်ဖောက်ကုခြင်းနှင့် ပတ်သက်၍ ဘာမှ မရေးထားသည်ကို သူ သိပြီး ဖြစ်သည်။

ဘဲလိုးက ဖဲယားဝဲသားကို ပြန်ကြည့်ပြီး...

"အတော်ကောင်းတဲ့ မေးခွန်းပဲ မစ္စတာဖဲယားဝဲသား။ နား၊ နှာခေါင်း၊ လည်ချောင်းက လူတွေကို လေပြွန်ဖောက်ခိုင်းဖို့ ခင်ဗျားကို ကျွန်တော်

mgyee.com

mgyoe.com

ပြောထားတယ်မဟုတ်လား ဒေါက်တာကတ်ထရိုက်"

"ဟုတ်ပါတယ်ဆရာ၊ ကျွန်တော် သူတို့ကိုခေါ်တယ်။ ခေါ်လို့မရဘူး"

"ဒါပေမဲ့ ... သူတို့ကိုရအောင် ထပ်မခေါ်ဘူး မဟုတ်လား"

ဘဲလိုး ဒေါသဖြစ်လာဟန်ရှိသည်။

"ကျွန်တော် ဟို ... ဟို ... ဟိုကိစ္စမှာ"

"တော်တော့ ... ဒေါက်တာကတ်ထရိုက်။ နား၊ နားခေါင်း၊ လည်ချောင်းက လူတွေကို ခေါ်ပါ။ အသက်ရှုစက်ကို ရေရှည်သုံးတဲ့နေရာမှာ လေပြွန်ဖောက်ဖို့ လိုအပ်တယ်။ ကြာလို့ရှိရင် အသက်ရှုပိုက်ကြောင့် လည်ချောင်းအတွင်းပိုင်း တစ်သျှူးတွေ သေကုန်လိမ့်မယ်"

ဟာဗေးဂိုးလ်ဘတ် ဂနာမငြိမ် ဖြစ်နေသည်။ ဖဲယားဝဲသား မေးသည့် မေးခွန်းကို သူ မေးလိုက်ချင်သည်။

ဘဲလိုးနှင့်ကတ်ထရိုက်တို့၏ အပြန်အလှန်ပြောဆိုမှုများကြောင့် ဆူဆန်သည် နေ့လယ်အိပ်မက်မှ နိုးပြယ်လာရသည်။

"ဒီလူနာဟာ ဘာဖြစ်လို့ ဒီလိုအဖြစ်ဆိုးကြီးနဲ့ ကြုံတွေ့ရတာလဲ"

ဆူဆန်က မေးလိုက်သည်။

"ဘယ်လို အဖြစ်ဆိုးကြီးလဲ"

ဘဲလိုးက သွေးကြောသွင်းပိုက်နှင့်အသက်ရှုစက်တို့ကို စစ်ဆေး ကြည့်ရှုနေရာမှ ပြန်မေးလိုက်သည်။ ပြီးမှ ...

"ဪ ... ဪ အင်း သူပြန်ပြီး နိုးမလာတာကို ပြောတာလား"

ဘဲလိုး ခေတ္တမျှ တုံ့ဆိုင်းပြီး...

"အင်း ... ကျုပ် တစ်ခုသတိရတယ်။ ဒီမယ် ကတ်ထရိုက်၊ နျူရိုလိုဂျီက လူတွေကိုခေါ်ပြီး အီးအီးဂျီ တစ်ခါ ထပ်ပြီး လုပ်ခိုင်းပါဦး၊ ဒီတစ်ခါလည်း ဘာမှ မပြဘူးဆိုရင် ကျုပ်တို့ ကျောက်ကပ် ရနိုင်တာပေါ့"

"ကျောက်ကပ်၊ ဟုတ်လား"

ဆူဆန်က ထိတ်လန့်စွာ မေးလိုက်သည်။ 'ကျောက်ကပ်ရနိုင်တာပေါ့' ဟူသည့် စကားက နန်စီဂရင်းလေးအတွက် မတွေးရဲစရာ ဖြစ်သည်။ ဘဲလိုးက ခုတင်ဘေး တန်းပေါ်တွင် လက်နှစ်ဖက် ကားဆန့်ကာ တင်လျက် –

"ဒီမယ် သူ့ခေါင်းဟာ မကောင်းတော့ဘူးဆိုရင်၊ သူ့မှာ ဦးနှောက်မရှိ

mgyoe.com

တော့ဘူးဆိုရင် သူ့ရဲ့ကျောက်ကပ်ကို တခြားလူတစ်ယောက်ယောက်အတွက် ယူရမယ်၊ သူ့မိသားစုကိုတော့ ပြောရမှာပေါ့"

"အို ... သူပြန်နိုးမှာပေါ့"

ဆူဆန်က ကန့်ကွက်လိုက်သည်။ သူမ၏ပါးပြင်နှစ်ဖက် နီရဲနေသည်။ သူမ၏ မျက်လုံးများ တောက်လက်နေသည်။

"တချို့တွေတော့ ပြန်နိုးတတ်ပါတယ်။ ဒါပေမဲ့ အီးအီးဂျီ လုပ်ကြည့်လိုက်သည့်နောက်ပိုင်း ဘာမှ မပြတော့ဘူး ဆိုရင်တော့ များသောအားဖြင့် ဘယ်လိုမှ ပြန်မနိုးကြတော့ဘူး။ အမှန်အတိုင်း ကြည့်ကြရအောင် အီးအီးဂျီလုပ်မရတော့ဘူး။ လုံးဝ ဖလက်ပြနေပြီဆိုရင် ဦးနှောက်ဟာ သေသွားပြီ၊ ဘယ်နည်းနဲ့မှ ပြန်ကောင်း မလာတော့ဘူး။ ဦးနှောက်ကို အစားမထိုးနိုင်ဘူး"

"ခွဲစိတ်နေတုန်းက ဘာဖြစ်လို့ သူ့ဦးနှောက်ကို အောက်ဆီဂျင်မရောက်တာလဲ"

ဆူဆန်က မေးလိုက်ပြန်သည်။

ဘဲလိုးက ဆူဆန်ကို တည့်တည့်ကြည့်လျက်...

"မေ့ဆေးပေးတဲ့အပိုင်းမှာ ဘာမှ ပြဿနာ မရှိဘူး။ အားလုံး စစ်ပြီးပြီ၊ တစ်ခုမကျန် အသေးစိတ် စစ်ပြီးပြီ၊ ဘာအပြစ်မှမရှိဘူး။ လူနာရဲ့ ဦးနှောက်ကို အောက်ဆီဂျင် မရောက်ရတဲ့အကြောင်း ဘယ်လိုမှ ထောက်လှမ်းလို့ မရဘူး။ ဖြစ်နိုင်တာကတော့ လေသင်တုန်း ဖြတ်တာပဲ။ ကျုပ် ထင်တာကို ပြောတာ။ ခွဲစိတ်နေတုန်းမှာ လေဖြတ်သွားနိုင်တယ်။ ဟုတ် မဟုတ်တော့ ကျုပ်မသိဘူး။ ဘာပဲဖြစ်ဖြစ် သူ့ဦးနှောက်ဟာ အောက်ဆီဂျင်မရတဲ့အတွက် ဦးနှောက်ထဲက ဆဲလ်တွေ သေသွားတာပဲ။ ဦးနှောက်ထဲက ဆဲလ်တွေက အောက်ဆီဂျင် နည်းနည်းကလေး နည်းသွားတာနဲ့ ပြဿနာ ပေါ်တတ်တာပဲ။ ဆဲလ်တွေ သေသွားတဲ့အတွက် ဦးနှောက်ဟာ ကောက်ရိုး ဖြစ်သွားတော့တာပဲ"

ဘဲလိုးက သူ၏ လက်ဖဝါးနှစ်ဖက်ကို လှန်ပြရင်း ပြောသည်။

"သူ့နှလုံးဟာ ခုန်နေတယ်၊ ဘာပြုလို့လဲဆိုတော့ နှလုံးခုန်တာ၊ မခုန်တာဟာ ဦးနှောက်နဲ့ မဆိုင်ဘူး။ ဘာပဲဖြစ်ဖြစ် ကျုပ်တို့ဟာ လူနာအတွက် လုပ်နိုင်သမျှတော့ အကုန်လုပ်ပေးရမှာပဲ။ သူ့ကို အခု ဒီမှာ အသက်ရှူစက်နဲ့ အသက်ရှူပေးထားတယ်"

mgyoe.com

mgyoe.com


ဘဲလိုးက နန်စီ၏ ခေါင်းရင်း လက်ယာဘက်ရှိ ညိုးညံ့နေသောစက်ကို ပြလိုက်သည်။

"လူနာရဲ့ ငွေ့ရည်တွေကို ညီမျှအောင် လုပ်ပေးနေတယ်။ လျှပ်စစ်စက်နဲ့ စစ်မေးနေတယ်။ သူ့ကို အစာကျွေးနေတယ်။ ကိုယ်အပူချိန်မှန်အောင်လုပ်ပေးနေတယ်"

ဘဲလိုးသည် ကိုယ်အပူချိန်အကြောင်း ပြောရင်း တစ်စုံတစ်ခုကို သတိရဟန်ဖြင့် စကားကို ရပ်လိုက်သည်။ ခေတ္တမျှ ကြာသောအခါ...

"ကတ်တရိုက် ရင်ဘတ်ကိုရိုက်တဲ့ ဓာတ်မှန်စက်အသေးကလေးက နေမှာပါ။ ကိုယ်အပူအချိန် နည်းနည်းတက်နေတယ်လို့ စောစောက ခင်ဗျား ပြောတာကို ကျုပ်မေ့သွားတယ်၊ ဦးနှောက်ရောဂါသမားတွေ ဒီလောကကြီးကထွက်သွားကြရတာ အဆုတ်ရောင်လို့ပဲ။ နမိုးနီးယားဟာ သူတို့ရဲ့ တစ်ဦးတည်းသော မိတ်ဆွေပဲ။ အင်း ... တစ်ခါတစ်ခါတော့လည်း ဒီနမိုးနီးယားကို ကျုပ် ဘာလို့ ကုသပေးနေရတယ်ဆိုတာ ကျုပ် စဉ်းစားလို့မရဘူး။ အင်း ... လေ၊ ဆေးလောကမှာ ဒီမေးခွန်းမျိုးကို မမေးရဘူး၊ နမိုးနီယားကို ကျုပ်တို့ကုရမယ်။ ဘာပြုလို့လဲဆိုတော့ နမိုးနီးယားကို ကျုပ်တို့ကုနိုင်တယ်"

ထိုစဉ်တွင် ကြေညာချက်တစ်ခု ထွက်ပေါ်လာသည်။

"ဒေါက်တာဝိုးလား၊ ဒေါက်တာဆူဆန်ဝိုးလား ကျေးဇူးပြုပြီး ၉၃စကို ဆက်သွယ်ပါ"

ပေါကာပင်က ဆူဆန်ကို တံတောင်နှင့်တွက်ပြီး ကြေညာချက်အကြောင်း ပြောသည်။ ဆူဆန်က ဘဲလိုးကို အံ့အားသင့်စွာ ကြည့်သည်။

"ကျွန်မကို ခေါ်တာလား၊ ဒေါက်တာဝိုးလားတဲ့"

သူမက မယုံကြည်နိုင်ဟန်ဖြင့် မေး၏။

"မင်းတို့ရဲ့နာမည်တွေ အားလုံး ဆရာမကို ပေးထားတယ်။ စာအုပ်ထဲမှာ စာရင်းသွင်းထားတယ်။ မင်းတို့ကို လူနာတွေ ခွဲပေးမယ်။ လူနာတွေကို သွေးတိုင်းဖို့နဲ့ တခြား လုပ်စရာရှိတာတွေကို လုပ်ဖို့အတွက် မင်းကိုခေါ်လိမ့်မယ်"

"ဒေါက်တာလို့ ခေါ်တာကတော့ ဆန်းတာပဲ"

ဆူဆန်က အနီးဆုံး တယ်လီဖုန်းကိုကြည့်ရင်း ပြောလိုက်သည်။

mgyoe.com

mgyoe.com


"မင်းတို့ အားလုံးကို ဒေါက်တာလို့ပဲ ခေါ်လိမ့်မယ်။ အဲဒါကို အားလုံး မှတ်ထားကြပါ။ ဒါက မင်းတို့ကို မြှောက်ပြီးခေါ်တာမဟုတ်ဘူး။ လူနာတွေအတွက် ခေါ်ရတာ။ မင်းတို့ဟာ ကျောင်းသားတွေဆိုတာ ဘာမှ ဖုံးကွယ်ထားစရာ မလိုပါဘူး။ ဒါပေမဲ့ သွားတော့ မကြေညာလိုက်နဲ့၊ မင်းတို့ကို ဆေးကျောင်းသားတွေမှန်းသိရင် လူနာတွေက အထိခံမှာမဟုတ်ဘူး။ မင်းတို့ လက်တည့်စမ်းတာကို သူတို့ ခံချင်မှာ မဟုတ်ဘူး။ အဲဒီတော့ ဒေါက်တာ ဝိုးလားခေါ်တဲ့ဆီကိုသွားပါ။ ပြီးတော့ ကျုပ်တို့ဆီကို ပြန်လာပါ။ ကျုပ်တို့ ဒီကပြီးရင် ဆယ်နာရီမှာ စည်းဝေးခန်းမှာ ရှိမယ်"

စားပွဲကြီးဆီသို့ ဆူဆန် လျှောက်သွားသည်။ ၉၃၈ သို့ ဖုန်းဆက်သည်။ ဘဲလိုးက သူမ လျှောက်သွားသည်ကို ကြည့်သည်။ သူမ၏ စွဲမက်ဖွယ်ရာသော ကိုယ်ခန္ဓာကို သူ သတိမပြုဘဲ မနေနိုင်ပါ။

ဘဲလိုးသည် ဆူဆန်၏ ဆွဲဆောင်ခြင်းကို ခံရချေပြီတည်း။

■

mgyoe.com

mgyoe.com

တနင်္လာ၊ ဖေဖော်ဝါရီ ၂၃၊ နံနက် ၁၁ နာရီ ၄၀ မိနစ်။

ဆူဆန်သည် ဒေါက်တာဝိုးလားအဖြစ်နှင့် စကားပြောရမည်ကို စိတ်မလုံပါ။ သူမသည် ရုပ်ရှင်ထဲတွင် ဆရာဝန်မတစ်ယောက်အဖြစ်သရုပ်ဆောင်နေရသည်ဟု ခံစားမိသည်။ သူမတွင် ဂျူတီကုတ် အဖြူကြီးဝတ်ထားသည်။ မြင်ကွင်းက ဆေးရုံ ဖြစ်သည်။ သို့တစေ စိတ်ထဲတွင် တကယ်လို့ မထင်၊ အတုအယောင်အဖြစ် အချိန်မရွေး ထုတ်ဖော်ခြင်း ခံရလိမ့်မည်ဟု စိုးထင့်နေမိသည်။

တစ်ဖက်မှ တယ်လီဖုန်းပြောသော ဆရာမကမူ အမှန်တကယ် ဖြစ်၏။ လိုရင်းကို တိုတိုပြောဆိုသည်။

"ခွဲစိတ်လူနာ တစ်ယောက်ကို အိုင်ဗီ သွင်းရမယ်။ နောက်ကျနေပြီ။ သူ့ကို ငွေရည်တစ်မျိုး သွင်းရမယ်"

"ဘယ်အချိန် သွင်းရမလဲ"

ဆူဆန်က တယ်လီဖုန်းကြိုးကိုလိမ်ရင်း မေးလိုက်သည်။

"အခုချက်ချင်း"

တစ်ဖက်မှ ယင်းသို့ပြောပြီး ဖုန်းချသွားသည်။

အခြားကျောင်းသားများသည် အခြားလူနာ တစ်ဦးဆီသို့ ပြောင်းရွှေ့သွားကြသည်။ ထို့နောက် စားပွဲတွင် ပြန်လည် စုရုံးကြသည်။ ဘဲလိုးက

mgyoe.com

mgyoe.com


မှတ်တမ်းဇယားကို ဆွဲယူပြီး သူ့ရှေ့တွင် ချထားလိုက်သည်ကို သူတို့က ဝိုင်းအုံပြီး ကြည့်ရှုနေကြသည်။ အလင်းရောင်လဲ့လဲ့ အထူးဆောင်အတွင်း ဝယ် ဆူဆန် ဖြတ်လျှောက်သွားနေသည်ကို မည်သူတစ်ယောက်ကမျှ မော့ မကြည့်ပါ။ တံခါးဆီသို့ သူမ ရောက်ရှိသွားသည်။ သံချေးမတက်သော သံမဏိလက်ကိုင်ကို ဆူဆန်က လက်ဝဲဘက်ဖြင့် ကိုင်လှည့်လိုက်သည်။ ဆူဆန်သည် လက်ယာဘက်သို့ ဖြည်းလေးစွာ စောင်းငဲ့လိုက်ပြီး နောက် မလှုပ်မယှက်ရှိနေသော နန်စီဂရင်လေးကိုတစ်ချက် ကြည့်လိုက်သည်။ ထိုအခါ နန်စီသည် မိမိနှင့်အသက်တူ၊ အရွယ်တူ ပါကလားဟူသောအချက် ကို ဆူဆန် ခံစားမိရပြန်သည်။ အထူးဆောင်အတွင်း ဆူဆန် မထွက်ချင် ထွက်ချင်နှင့် ထွက်သွားသည်။ စိတ်သက်သာရာ ရသွားသည် ဟုလည်း တစ်ဖက်တွင် ထင်မြင်မိ၏။

သို့သော် စိတ်သက်သာရာ ရမှုသည် ခေတ္တမျှသာ ဖြစ်သည်။ ရှုပ်ထွေး သော စင်္ကြံလမ်းအတိုင်း ခပ်သုတ်သုတ် လျှောက်သွားရင်း နောက်ထပ် ရင်ဆိုင်ရမည့် ပြဿနာတစ်ခုကို တွေးတောရင်း ဆူဆန် ရင်မောရသည်။ သူမသည် သွေးကြောသွင်းသည့်လုပ်ငန်းကို အရင်က တစ်ခါမှ မလုပ်ဖူး ဘူးပါ။ လူနာများထံမှ သွေးထုတ်ယူဖူးသည်။ သို့သော် သွေးကြောတွင်းသို့ သွင်းသည့် လုပ်ငန်းကား မလုပ်ဖူးချေ။ သဘောတရားရေးအရ မည်သို့ လုပ်ရမည်ကို ဆူဆန်သိသည်။ မိမိလုပ်နိုင်သည်ဟုလည်း သူမသိသည်။ သည်လုပ်ငန်းက ပါးလွှာသော အရေပြားအတွင်းသို့ ထိုးစိုက်လိုက်ပြီး သွေးကြောတစ်ခုအတွင်းသို့ ရောက်ရှိသွားဖို့ပဲ ဖြစ်သည်။ အခက်အခဲတစ်ခုပဲ ရှိတတ်သည်။ သွေးကြောက သေးငယ်လွန်းနေပြီး သွေကြောအခေါင်း ပေါက်က ကျဉ်းမြောင်းနေခြင်းပင် ဖြစ်သည်။ နောက်တစ်ခုကတော့ သွေး ကြောကို အရေပြားပေါ်မှနေ၍ မတွေ့မြင်ရခြင်းပင်ဖြစ်သည်။ သွေးကြောရှိ မည့်နေရာကို မှန်းပြီး ထိုးရသည်။

ဤအခက်အခဲများကို စိတ်ထဲတွင် ဆင်ခြင်မိသောအခါ သွေးကြောသွင်း ရမည့်အလုပ်သည် စိန်ခေါ်ရခြင်း တစ်ခုပင်ဖြစ်သည်ဟု ဆူဆန် နားလည် မိသည်။ အရေးကြီးဆုံး အချက်က သူမသည် ဤလုပ်ငန်းတွင် လက်သင်ဖြစ် သဖြင့် လူနာက သိရှိသွားပြီး ဆရာဝန်အစစ်ကို တောင်းဆိုမည့်အရေးပင်

mgyoe.com

mgyoe.com

ဖြစ်သည်။ နောက်တစ်ခုကတော့ ဆရာမများ၏ လှောင်ပြောင်ရယ်မောခြင်းကိုခံရမည့်အရေးပင် ဖြစ်သည်။

အထပ် ၅ သို့ ရောက်ရှိသောအခါ မြင်ကွင်းသည် စောစောကအတိုင်းပင် ဖြစ်ကြောင်း ဆူဆန် တွေ့ရှိရသည်။ အရာရာသည် ပျာယာခတ်လျက်ရှိသည်။ ဆရာမ တယ်ရီလင်ကွိဗစ်သည် ဆူဆန်ကို ဖျတ်ခနဲ တစ်ချက်ကြည့်ပြီး ဆေးခန်းတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ ဆာရာစတန်းအမည်ရှိသော ဆရာမက အခန်းတွင်းသို့ ဝင်လာသော ဆူဆန်ကို သွေးကြောသွင်း လင်ဗန်းနှင့် သွေးကြောသွင်း ပုလင်းတစ်လုံးတို့ကို ဆီး၍ ပေးသည်။

"လူနာရဲ့ အမည်က ဘားမင်း၊ အခန်း ၅၀၃၊ သွင်းနှုန်းအတွက် ဘာမှမပူနဲ့။ ခဏကလေးနေရင် ကျွန်မလာပြီး လုပ်ပေးမယ်"

ဆူဆန် ခေါင်းညိတ်လိုက်ပြီးနောက် အခန်း ၅၀၃ သို့ ခြေဦးလှည့်သည်။ လမ်းသွားရင်း သွေးကြောသွင်း လင်ဗန်းကို ဆူဆန် စစ်ဆေးသည်။ ဆေးထိုးအပ် အမျိုးမျိုး တွေ့ရသည်။ ဦးခွံကုအပ်၊ ချုပ္ပြွန်၊ ဗဟိုပြန်သွေးဖိအားပိုက်၊ အရက်ပြန်၊ ရေမြှုပ်များ၊ သွေးအတွင်း မပျံ့ရန် တားဆီးကြိုး၊ ထို့နောက် လက်နှိပ်ဓာတ်မီးတစ်လက်၊ လက်နှိပ်ဓာတ်မီးကိုကြည့်ရင်း ညအချိန်မတော်တွင် ဘယ်နှကြိမ်မျှ သွေးကြောတွင်းသို့သွေးသွင်းခြင်း၊ ဆေးသွင်းခြင်းများ ပြုလုပ်ရလေမည်နည်းဟု ဆူဆန် စဉ်းစားမိသည်။

အခန်း ၅၀၃ ဟူသော စာတန်းသည် တံခါးပေါ်တွင် ထင်ရှားစွာပေါ်လွင်လျက်ရှိသည်။ တံခါးက အနည်းငယ် ပွင့်ဟလျက်ရှိသည်။ ဆူဆန် ဘာလုပ်ရမည် မသိပါ။ တံခါးကို ခေါက်ရမည်လား၊ သည်အတိုင်းပဲ လျှောက်ဝင်သွားရမည်လား။ ဆူဆန် နောက်ဘက်သို့ သမင်လည်ပြန်တစ်ချက်ကြည့်လိုက်သည်။ မိမိကို ကြည့်နေသူ တစ်စုံတစ်ယောက်မှ မရှိပါ။ ဆူဆန် တံခါးခေါက်လိုက်သည်။

"ဝင်ခဲ့ပါ"

အခန်းတွင်းမှ အသံထွက်လာသည်။

ဆူဆန်က လက်ယာဘက်လက်တွင် လင်ဗန်း၊ လက်ဝဲဘက်လက်တွင် ဒီဖိုက်ဒဗလျူပုလင်းတို့ကို ကိုင်လျက် တံခါးကို ခြေထောက်ဖြင့် တွန်းဖွင့်လိုက်သည်။ အသက်ကြီးပြီး ချူနာနာတစ်ယောက် တွေ့မြင်ရလိမ့်မည်ဟု

mgyoe.com

mgyoe.com


မျှော်လင့်ပြီး ဆူဆန် အခန်းတွင်းသို့ဝင်သွားသည်။ သီးသန့်ခန်းတစ်ခု ဖြစ်သည်။ သေးငယ်သည်။ ဟောင်းနွမ်းသည်။ ပြတင်းပေါက်တွင် ခန်းဆီး မရှိပါ။ ညစ်ပတ်ပေရေသည်။ အခန်းထောင့်တွင် ဆေးအထပ်ထပ် သုတ်ထားသော လေပူစက်တစ်လုံးရှိသည်။ ဆူဆန် ထင်သည်နှင့် တခြားစီဖြစ်သည်။ လူနာက အသက်လည်း မကြီးပါ။ ချူနာခြင်းလည်း မရှိပါ။ ခုတင်ပေါ်တွင်ရှိနေသူက လူရွယ်တစ်ယောက်ဖြစ်သည်။ ကျန်းမာပုံလည်းရသည်။ သူ၏အသက်သုံးဆယ်လောက် ဖြစ်မည်ဟု ဆူဆန်လျင်မြန်စွာ ခန့်မှန်းလိုက်သည်။ သူက ထုံးစံအတိုင်း ဆေးရုံအဝတ်ကို ဝတ်ထားသည်။ စောင်ကို ခါးအထိ ဆွဲခြုံထားသည်။ သူက ဆံပင်ကောင်းသည်။ နက်မှောင်သည်။ ခွဲကြောင်းနှစ်ဖက်စလုံးတွင် နောက်ကိုလှန်ပြီး ဖြီးထားသည်။ ယင်းကြောင့် နားရွက်နှစ်ခု၏အထက်ပိုင်းများကို ဆံပင်ဖုံးနေသည်။ မျက်နှာသွယ်လျသည်။ ထက်မြက်ပုံရှိသည်။ ဆောင်းတွင်းဖြစ်သော်လည်း နေလောင်ပြီး ညိုနေသည်။ နှာခေါင်းချွန်သည်။ သူ့ကို ကြည့်မြင်ရသည်မှာ ကျန်းမာသန်စွမ်းသူတစ်ဦး ဖြစ်သည်။ အားကစားသမားတစ်ဦးနှင့် တူသည်။ သူ၏သန်မာသော လက်မောင်းများက ထောင်ထားသော ဒူးများကို ပိုက်ထားသည်။ သူ၏ လက်များက တစ်ဖက်ကို တစ်ဖက် ဆုပ်နယ်လျက် ရှိသည်။ သူသည် တည်ငြိမ်သည့်အသွင်ကို ဆောင်ထားသော်လည်း စိုးရွံ့မှု ရှိနေသည်ကို ဆူဆန် ရုတ်ခြည်းပင် အကဲခတ်မိသည်။

"မရှက်ပါနဲ့၊ လာပါ ရွှေနန်းဆောင်ကြီးပါ"

ဘားမင်းက အပြုံးဖြင့် ပြောသည်။ သို့သော် သူ့အပြုံးက ဝိုးဝါးသည်။ သူက ခွဲစိတ်ခန်းသို့ ဝင်ရောက်ရန် စိတ်တထင့်ထင့်နှင့် စောင့်ဆိုင်းနေရာမှ အားတင်းပြီး ပြောလိုက်ခြင်းသာ ဖြစ်သည်။

ဆူဆန် အခန်းတွင်းသို့ ဝင်သွားသည်။ ဘားမင်းကို အပြုံးဖြင့် တုံ့ပြန်သည်။ သို့သော် လှစ်ခနဲမျှသာ ဖြစ်သည်။ တံခါးကို နဂိုအနေအထားအတိုင်း ပြန်ပိတ်ထားလိုက်သည်။ သူမက လင်ဗန်းကို ခုတင်ခြေရင်းတွင် ချထားလိုက်ပြီး သွေးကြောသွင်းပုလင်းကို ခုတင်ခေါင်းရင်းရှိ တိုင်တွင် ချိတ်ဆွဲလိုက်သည်။ သူမက ဘားမင်းနှင့် မျက်လုံးချင်း မဆုံမိအောင် ရှောင်ရှားရင်း စိတ်ထဲတွင် စဉ်းစားနေမိသည်။ သူက ဘာပြုလို့ ဒီလောက်

mgyoe.com

mgyoe.com

ငယ်ရတာလဲ။ ကျန်းမာရတာလဲ။ သန့်စွမ်းရတာလဲ။ သူက သတိမေ့နေသော အသက်ရာကျော်ကြီး တစ်ယောက်ကိုသာ ဆုံတွေ့လိုပါသည်။

"အပ်တစ်ချက် စိုက်ဦးမှာလား"

ဘားမင်းက နွမ်းနယ်စွာ မေးသည်။

"ဆိုပါတော့"

ဆူဆန်က ဖြေလိုက်ပြီး ဆေးသွင်းပိုက်ထုပ်ကို ဖြေသည်။ တိုင်တွင် ချိတ်ထားသော ပုလင်းတွင် ပိုက်ကို တပ်လိုက်သည်။ ပိုက်အတွင်းသို့ ဆေးရည်အနည်းငယ် သွင်းစေပြီးမှ ပိုက်ဆို့ကို ပိတ်လိုက်သည်။ ထို့နောက် ဘားမင်းကို ကြည့်လိုက်သည်။ သူက သူမကို ငေးစိုက်ပြီး ကြည့်နေသည်။

"ညီမက ဆရာဝန်လား"

သူက မယုံကြည်ဟန်ဖြင့် မေးသည်။

ဆူဆန် ရုတ်တရက်မဖြေ။ ဘားမင်း၏ ညိုမှောင်သော မျက်လုံးများကို ဆက်ပြီး ငေးကြည့်နေမိသည်။ စိတ်ထဲတွင် အဖြေကို ချိန်ဆနေသည်။ သူမက ဆရာဝန်တစ်ယောက် မဟုတ်ပါ။ သည်အချက်က ရှင်းသည်။ သူမ မည်သို့ ဖြေလိုသနည်း။ ဆရာဝန်တစ်ယောက်ပါဟု ဖြေလိုသည်။ သို့သော် သူမက ပရမတ်သမား ဖြစ်သည်။ ဆရာဝန်တစ်ယောက်ပါဟု ပြောလိုက်သော မိမိ၏ စကားကို မိမိကိုယ်တိုင် ယုံကြည်နိုင်ပါမည်လော။

"မဟုတ်ပါဘူး"

သူမက ဆေးထိုးအပ်ဆီသို့ လှဲဖယ်ပြီး ကြည့်လိုက်ရင်း ပြောသည်။

"ဆေးကျောင်းသူပါ"

အမှန်ကို ဖြည့်စွက်လိုက်သည်။

"တကယ်တော့ ဘာမှ ရှင်းပြစရာ မလိုပါဘူး။ ညီမကိုကြည့်ရတာ ဆရာဝန်တစ်ယောက်နဲ့လည်း မတူဘူး၊ ဆရာဝန်လောင်းတစ်ယောက်နဲ့လည်း မတူဘူး"

သူက ပွင့်လင်းစွာ ပြောသည်။

သည်တော့ ဆူဆန်၏စိတ် လှုပ်ခတ်ရသည်။ မိမိကိုယ် မိမိ သံသယရှိရသည်။ ဘားမင်း၏ ဝေဖန်ချက်ကို အမှတ်မှားရသည်။ တကယ်တော့မူ သူက ဆူဆန်ကို ခနိုးခနဲ့ကလေး ပြောလိုက်ခြင်းသာ ဖြစ်သည်။

mgyoe.com

"ညီမ နာမည်က ဘယ်သူလဲ"

စောစောကမှု ဝေဖန်လိုက်သည့်အတွက် တစ်ဖက်သားတွင် မည်သို့ဖြစ်သွားသည်ကို ထည့်မတွက်ဘဲ ဘားမင်းက သူသိချင်တာကို ဆက်ပြီးမေးသည်။ သူက ခေါင်းပေါ်မှ မီးရောင်ကို ကွယ်သည့်အနေဖြင့် မျက်လုံးများပေါ်တွင်လက်ကာလိုက်ပြီး ဆူဆန်၏ ရင်ဘတ်ပေါ်မှ နာမည်စာတန်းကို ဖတ်သည်။

"ဆူဆန်ဗိုးလား၊ ဒေါက်တာဆူဆန်ဗိုးလား။ ခေါ်လို့တော့ ကောင်းသားပဲ"

ဘားမင်းသည် မိမိကို ဆရာဝန်တစ်ယောက်အနေနှင့် စိန်ခေါ်နေခြင်းမဟုတ်ကြောင်း ဆူဆန် တဒင်္ဂအတွင်းမှာပင် သဘောပေါက်ရတော့သည်။ သို့တစေလည်း သူမက ဘာမှ ပြန်မပြောပါ။ ဘားမင်းနှင့် ပတ်သက်လျှင် သူမ၏ စိတ်ထဲတွင် တစ်စုံတစ်ခုကို နားလည်ရင်းနှီးသည်ဟု ထင်မိသည်။ သို့သော် ဘာမှန်းတော့ မသိချေ။ သူမ စဉ်းစားသည်။ မရပါ။ ဘားမင်း၏ ရင်းနှီးပြတ်သားသော သဘောနှင့် ဆက်သွယ်ခြင်း ရှိပေလိမ့်မည်တည်း။

သူမ၏ အတွေးစဉ်တွင် အာရုံစူးစိုက်သည့် အနေဖြင့်လည်းကောင်း၊ စကားပြောဆိုခြင်းကို ထိန်းချုပ်သည့်အနေဖြင့်လည်းကောင်း ဆူဆန်သည် ဆေးသွင်းသည့် လုပ်ငန်းတွင် နစ်မြုပ်လုပ်ဆောင်လျက်ရှိသည်။ ဘားမင်း၏လက်ဝဲဘက် လက်ကောက်ဝတ်ကို တားဆီးကြိုးဖြင့် တင်းကျပ်စွာ စည်းနှောင်သည်။ ဆေးထိုးအပ်အထုပ်နှင့် အရက်ပြန်မြုပ်အထုပ်တို့ကို ဖွင့်ဖြေသည်။ ဘားမင်းက သူမ၏ လှုပ်ရှားလုပ်ဆောင်မှုများကို စိတ်ဝင်စားစွာ ကြည့်ရှုနေသည်။

"အမှန်အတိုင်း ဝန်ခံရရင်တော့ ဆေးထိုးရမှာ ဝါသနာ မပါဘူး"

ဘားမင်းက သူ့စိတ်ကို တည်ငြိမ်အောင် ထိန်းရင်း ပြောသည်။ သူက သူ့လက်ကို တစ်လှည့်၊ ဆူဆန်ကိုတစ်လှည့် အသွားအပြန်ကြည့်နေသည်။

ဆူဆန်က ဘားမင်း၏စိတ်လှုပ်ရှားမှုကို သတိပြုမိသည်။ အကယ်၍များ သူမအနေနှင့် ပထမဆုံး သွေးသွင်းခြင်း ဖြစ်ကြောင်း သိခဲ့လျှင် မည်သို့ရှိချေမည်နည်း။ သူ့အနေနှင့် တုန်လှုပ်ချောက်ချားမည်မှာ အမှန်ပင်။ သူ့နေရာ၌ မိမိဆိုလျှင်လည်း ဤအတိုင်းပင် ဖြစ်ပေလိမ့်မည်။

mgyoe.com

mgyoe.com

တားဆီးကြိုးဖြင့် တင်းကျပ်စွာ စည်းနှောင်ထားသဖြင့် ဘားမင်း၏ လက်ပေါ်မှ သွေးကြောများသည် ရေပိုက်များပမာ ကြွတက်လာကြသည်။ ဆူဆန် ပင့်သက်တစ်ချက် ဖြာလိုက်သည်။ ဘားမင်းကလည်း ထို့အတူပင်။ ဆူဆန်သည် ဘားမင်း၏လက်ကို အရက်ပြန်ဖြင့် သုတ်လိုက်ပြီးနောက် ဆေးထိုးအပ်ဖြင့် ထိုးစိုက်လိုက်သည်။ သို့သော် အပ် မဝင်ပါ။ အရေပြားက တင်းပြီး ခံနေသည်။

"အား"

ဘားမင်းက ညာဘက်လက်ဖြင့် အိပ်ရာခင်းကိုဆုပ်ပြီး ဆွဲရင်း အော်လိုက်သည်။ သူက နည်းနည်းတော့ ပိုလိုက်ခြင်း ဖြစ်သည်။ ဆူဆန် သွေးလေချောက်ချားသွားသည်။

"အောင်မယ်လေး ...၊ နှစ်သိမ့်စကား ပြောရရင်တော့ အမိဟာ ဆရာဝန်နဲ့တူတာ အမှန်ပဲ"

ဘားမင်းက သူ၏လက်ဝဲဘက်လက်ကိုကြည့်ရင်း ပြောလိုက်သည်။ တားဆီးကြိုး စည်းနှောင်ထားလျက်ပင် ရှိသဖြင့် သူ၏လက်သည် ပြာနှမ်းနှမ်းဖြစ်နေတော့သည်။

"မစ္စတာဘားမင်း၊ ကျေးဇူးပြုပြီး အလိုက်သင့်ကလေး နေပေးပါ"

ဆူဆန်က သူမ၏အားများကို ပြန်လည် စုစည်းရင်း ပြောလိုက်သည်။

"အလိုက်သင့် ဟုတ်လား၊ အလိုက်သင့်နေတာမှ သားသတ်သမီးရှေ့မှာ လည်စင်းပေးထားတဲ့ အတိုင်းပါပဲ"

ဆူဆန်က ဘားမင်း၏လက်ကို ခုတင်ပေါ်တွင် နေသားကျအောင် ပြန်ထားသည်။ ထို့နောက် သူမ၏ လက်ဝဲဘက်ဖြင့် ဘားမင်း၏ လက်ပေါ်မှ အရေပြားကို တင်းသွားအောင် လုပ်လိုက်သည်။ ချွန်မြသော အပ်ကလေးသည် ပါးလွှာသော အရေပြားကို ဖောက်ဝင်သွားသည်။

"ကျုပ် အရှုံးပေးပါပြီ"

ဘားမင်းက ရယ်မောကာ ပြောလိုက်သည်။

ဆူဆန်က အရေပြားအောက်၌ မြုပ်ဝင်နေသောအပ်တွင် အာရုံစိုက်သည်။ ပထမတွင် အပ်ဖျားကလေးသည် သွေးကြောကို ရှေ့သို့တွန်းနေသည်။ ဆူဆန်က အပ်ကို အားစိုက်ပြီးသွင်းလိုက်သည်။ ထိုအခါတွင်မှ

mgyoe.com

m gyoe.com


အပ်သွားသည် သွေးကြောအတွင်းသို့ ဖောက်ခနဲ ပေါက်ဝင်သွားသည်ကို ဆူဆန် တွေ့ရှိရသည်။ အပ်အတွင်းသို့ သွေးများ စီးဝင်လာသည်။ ဆေးထိုးပိုက်အတွင်းသို့ သွေးများရောက်လာသည်။ ဆူဆန်က ပလတ်စတစ်ပိုက်ကလေးကို လျှင်မြန်စွာ တစ်ချက်ကြည့်လိုက်ပြီးနောက် ပိတ်ထားသော အဆို့ကို ဖွင့်လိုက်သည်။ လက်တွင် စည်းထားသော သားရေကြိုးကို ဖြုတ်လိုက်သည်။ ပုလင်းထဲမှ ဆေးရည်များ ညင်သာစွာ စီးဆင်းလာတော့သည်။

နှစ်ယောက်စလုံးပင် စိတ်သက်သာရာ ရရှိသွားသည်။

တစ်စုံတစ်ခုကို ပြီးမြောက်အောင် ဆောင်ရွက်လိုက်နိုင်သဖြင့် ဆူဆန် စိတ်ချမ်းမြေ့ခြင်း ရှိသွားသည်။ လူနာတစ်ဦးကို ဆေးကုသလိုက်နိုင်ခြင်းပင် ဖြစ်သည်။ သို့သော် ကြီးကြီးကျယ်ကျယ်တော့ မဟုတ်။ သွေးကြောတွင်းသို့ ဆေးသွင်းပေးရုံမျှသာ ဖြစ်သည်။ သို့သော် မည်သို့ဆိုစေ ကုသမှု တစ်ခုကား ဖြစ်သည်။ မိမိတွင် အနာဂတ်ရှိလာခြင်းပင် ဖြစ်သည်။ ယင်းသို့ စိတ်ချမ်းမြေ့ခြင်း ရှိလာသဖြင့် သူမ၏ စိတ်သည်လည်း ကြည်လင်ကောင်းမွန်လာတော့သည်။ ဘားမင်း အပေါ်တွင်လည်း အမြင်ကောင်းတော့သည်။

"ကျွန်မဟာ ဆရာဝန်တစ်ယောက်နဲ့ မတူဘူးလို့ စောစောက ရှင်ပြောတယ်၊ ဘယ်လိုမျိုးမှ ဆရာဝန်နဲ့ တူတာလဲ"

သူမက ပိုက်ပြွန်ကလေးကို ဘားမင်း၏လက်ပေါ်တွင် ကပ်ထားရန် တိပ်စကို ထုတ်ယူရင်း ခနိုးခနဲ့ကလေး မေးလိုက်သည်။

ဘားမင်းသည် ပလတ်စတစ်ပိုက်လုံးကလေးကို မိမိ၏ လက်ပေါ်တွင် ဆူဆန်က တိပ်ဖြင့် ဖိကပ်နေသည်ကို ကြည့်ရင်း...

"ကိုယ်ပြောတာ တစ်မျိုးဖြစ်ချင်ဖြစ်မယ်ပေါ့။ ဒါပေမဲ့ ဆေးကျောင်းကို သွားတဲ့ မိန်းကလေး တချို့ကို ကိုယ်သိတယ်။

ကိုယ်နဲ့ကျောင်းနေဖက်တွေပဲ။ သူတို့ဟာ ဉာဏ်ကောင်းတယ်၊ ထက်မြက်တယ်၊ ဆေးကျောင်းမှာ အောင်မြင်တယ်၊ ဒါပေမဲ့ သူတို့ဟာ မိန်းမ မဆန်ဘူး၊ မိန်းမနဲ့ မတူဘူး"

"သူတို့က ဆေးကျောင်းကို သွားတဲ့အတွက် မိန်းမ မဆန်တာပေါ့ ဟုတ်လား"

mgyoe.com

mgyoe.com


ဆူဆန်က ဆေးရည်ဆင်းသည်ကို အနည်းငယ် ထိန်းလျှော့လိုက်ရင်း ပြောသည်။

"ဖြစ်နိုင်ပါတယ်၊ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ကိုယ်ကတော့ ဒီလိုမထင်ဘူး။ သူတို့အထဲက နှစ်ယောက်ကို ကိုယ်ကောင်းကောင်းသိတယ်။ ကောလိပ်ကို ရောက်ကတည်းက အတူတူ နေလာခဲ့ကြတာပဲ။ သူတို့က နောက်ဆုံးနှစ်ရောက်မှ ဆေးကျောင်းကိုသွားဖို့ ဆုံးဖြတ်ကြတယ်။ သူတို့ဟာ အစောကြီးမိန်းမဆန်တဲ့ မိန်းကလေးတွေပဲ။ ဒါပေမဲ့ ညီမကျတော့ ဒီလိုမဟုတ်ဘူး။ ညီမက ဆရာဝန်လောင်း ဆိုပေမဲ့ အင်မတန်ကိုမှ အမျိုးသမီးဆန်နေတယ်။ တကယ့်ကို အမျိုးသမီးကလေးမှ အမျိုးသမီးကလေးပဲ"

ဘားမင်းက ဆူဆန်ကို ဣတ္ထိယဆန်သော ဣတ္ထိယပါတဲ့။

"တကယ်ပြောတာလားအစ်ကိုရယ်"ဟု ဆူဆန်က မေးလိုက်ချင်သည်။ တကယ်ကလည်း ဘားမင်းက မိမိကို အမှန်တကယ် ချီးကျူးနေခြင်းဟု ထင်မိသည်။ ဆူဆန် ဇဝေဇဝါ ဖြစ်နေသည်ကို ဘားမင်းကပင် အဆုံးအဖြတ်ပေးသည်။

"တကယ်တော့ ညီမက ဆရာဝန်ဖြစ်ဖို့ မကောင်းဘူး။ မင်းသမီး ဖြစ်ဖို့ ကောင်းတယ်။ ကချေသည်မလေးဖြစ်ဖို့ ကောင်းတယ်"

ဘားမင်းက ဆူဆန်နှင့် ပတ်သက်၍ အမှန်တရားကို ပြောလိုက်ခြင်း ဖြစ်သည်။ မိမိကို အမျိုးသမီးဆန်သည်။ ကချေသည်နှင့်တူသည်ဟု ပြောခြင်းဟု တကယ် ချီးကျူးခြင်းပင် ဖြစ်ပေမည်ဟု ဆူဆန် ယူဆလိုက်သည်။

"ကျေးဇူးတင်ပါတယ် မစ္စတာဘားမင်း"

ဆူဆန်က လှိုက်လှဲစွာ ပြောလိုက်သည်။

"ရှောင်လို့ ခေါ်ပါလား"

ဘားမင်းက ပြောသည်။

"ကျေးဇူးပါပဲ ရှောင်"

ဆူဆန်က ထပ်ဆင့်ပြီး ပြောလိုက်သည်။ ထို့နောက်ပစ္စည်းများကို သိမ်းနေရာမှ ပြတင်းပေါက်ကို ကြည့်သည်။ ဆူဆန် ဘာကိုမှ သတိမပြုမိပါ။ ပြတင်းပေါက်ကိုလည်း သတိမပြုမိပါ။ တိမ်ညိုတိမ်မည်းများကိုလည်း သတိမပြုမိပါ။ ဘားမင်းကို ပြန်ပြီး ကြည့်သည်။

mgyoe.com

"အစ်ကိုပြောတဲ့စကားကို ကျွန်မတကယ်ပဲသဘောကျပါတယ်။ အစ်ကို ချီးကျူးတာကို တကယ်ပဲ ဝမ်းသာတယ်။ ကျွန်မ ပြောတာ နည်းနည်းများ ဆန်းနေမလား၊ အမှန်ကို ဝန်ခံရရင်တော့ ကျွန်မဟာ မိန်းမ မဆန်ခဲ့တာ အမှန်ပဲ။ ကျွန်မကိုယ်ကို ယောကျ်ားရယ်၊ မိန်းမရယ်လို့ သဘောမထားခဲ့ဘူး။ လူတစ်ယောက်လို့ပဲ သဘောထားခဲ့တယ်။ ကျွန်မဟာ မိန်းမ မဟုတ်တဲ့ မိန်းမတစ်ယောက်ပဲ။ နပုလ္လိင်တစ်ယောက်ပဲ။ ဒါကို ကိုယ့်သူငယ်ချင်းတွေနဲ့ ယှဉ်ကြည့်မိတော့မှ သဘောပေါက်လာတယ်။ ကိုယ်နဲ့တစ်ခန်းတည်း အတူ နေတဲ့ မိန်းကလေးနဲ့ ကိုယ်နဲ့ မတူပါကလားလို့ သတိပြုမိလာတယ်"

ဆူဆန်က ပြောနေသောစကားကို ရုတ်တရက် ရပ်လိုက်သည်။ ကိုယ်ကိုဆန့်လိုက်သည်။ မမျှော်လင့်ဘဲ အမှန်စကားများကို ဖွင့်အန်နေမိသည့် အတွက် အံ့သြရသည်။ ငါ ဘာတွေ လျှောက်ပြောနေတာလဲ၊ တစ်ခါတစ်ခါ ကျရင် ငါ့ကိုယ်ငါ မယုံနိုင်ဘူး။ ဆူဆန် ပြုံးလိုက်သည်။ ထို့နောက် အသံထွက်ပြီး ရယ်လိုက်သည်။

"ဟုတ်တယ်၊ ကျွန်မက ဆရာဝန်တစ်ယောက်နဲ့ တူအောင်တောင် ဟန်မဆောင်နိုင်ဘူး။ အဲဒါ ... ကျွန်မမှာ ပြဿနာပဲ"

ဘားမင်းက ဆူဆန်ကို ပြုံးပြုံးကြီး မော့ကြည့်သည်။

"တကယ်က လူနာက သူ့အကြောင်းပြောရမှာ၊ ဆရာဝန်က ပြောရမှာ မဟုတ်ဘူး။ အဲဒီတော့ ကျွန်မ မပြောရအောင် အစ်ကိုက ပြောပါလား"

ဘားမင်းက...

"ကိုယ်က ဗိသုကာ တစ်ယောက်ပဲ။ ကိန်းဘရစ်မှာ ရှုပ်နေတဲ့ လူတစ်သန်းထဲက တစ်ယောက်ပဲ ဆိုပါတော့။ အင်းလေ ... အဲဒါကိုထားလိုက်ပါတော့။ အဲဒါက ဇာတ်လမ်းတစ်ခုပါ။ ကိုယ်က ညီမအကြောင်းပဲ ပြောချင်တယ်။ မင်းအနေနဲ့လူသားတစ်ယောက်ကို စကားပြောတာမျိုး ကိုယ်ကြားချင်တယ်။ ဒီနေရာမျိုးမှာပေါ့"

သူက အခန်းကို ငေးပြီး ကြည့်လိုက်သည်။

"ကိုယ် ခွဲစိတ်ရမှာကို မကြောက်ပါဘူး။ ဒါပေမဲ့ အခုလို စောင့်နေရတာမျိုးကို သည်းမခံနိုင်ဘူး"

သူက ဆူဆန်ကို ပြန်ကြည့်လိုက်ပြီး...

mgyoe.com

mgyoe.com

"ညီမနဲ့နေတဲ့ အခန်းဖော်အကြောင်း ပြောစမ်းပါ"

"တကယ် ပြောခိုင်းနေတာလား"

ဆူဆန်က မျက်မှောင်ကလေး မသိမသာ ကုတ်လိုက်ပြီး မေးသည်။

"ဘာမှတော့လည်း ပြောစရာ မရှိပါဘူး။ သူ လုပ်တာတော့ ဟုတ်တယ်ပေါ့။ ဥပဒေကျောင်းကို သူသွားတယ်။ အမျိုးသမီးတစ်ယောက်အနေနဲ့ ရပ်တည်နေတယ်။ ဒါပဲပေါ့"

"ညီမဟာလည်း ဘာပဲဖြစ်ဖြစ် အမျိုးသမီးတစ်ယောက်အနေနဲ့ ရှိနေတာပဲ"

ပထမတော့ ဆူဆန်သည် ဘားမင်း၏စကားကို ငြင်းမည်ဟု စိတ်ကူးသည်။ သူမက အပြင်ပန်းပုံသဏ္ဍာန်ကိုကြည့်ပြီး အမျိုးသမီးဆန်သည်၊ မဆန်သည်ကို ဆုံးဖြတ်လျက် ရှိသည်။ သို့သော် ဤကိစ္စ အရေးမကြီးဟု ဆူဆန်ဆုံးဖြတ်လိုက်သည်။ ဆူဆန်က မိမိစိတ်ကို ထိန်းချုပ်ထားလိုက်သည်။ သူက ခွဲစိတ်ခံရမည့် လူနာတစ်ဦးဖြစ်သည်။ အချေအတင် ငြင်းခုံဖို့ မသင့်ချေ။

"ကျွန်မကတော့ ကိုယ့်ကိုယ်ကိုယ် ယောက်ျားရယ်၊ မိန်းမရယ် ဆိုတာ သိပ်သဘောမထားပါဘူး။ စောစောက ပြောတဲ့အတိုင်း နပုလ္လိင်ပဲပေါ့။ မိန်းမမို့လို့ ဘာလုပ်ရမယ်လို့ မရှိပါဘူး။ မင်းသမီးနဲ့တူလို့ မင်းသမီး လုပ်ရမယ်လို့ မရှိပါဘူး။ နောက်ပြီးတော့ ဆေးလောကမှာ ကောင်းတာတွေ အများကြီး ရှိတယ်။ အနိမ့်ဆုံး ပြောရရင် ကျွန်မရဲ့ ဘဝရှေ့ရေး စိတ်ချရတယ်။ ဒါပဲပေါ့၊ တော်ပြီပေါ့"

"ဟုတ်ပါတယ်၊ ကိုယ်လည်း ဒီအတိုင်းပါပဲ။ ကိုယ်တို့ ဒီအကြောင်းကို ဆက်ပြီး ပြောရရင် ကောင်းမယ်။ အဲဒီတော့ ကိုယ်တို့တွေ့ကြရအောင်လား။ ကော်ဖီဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် သောက်ကြရင်းပေါ့။ ဒီဒူးကို ခွဲပြီးရင်ပေါ့"

သူက ညာဘက်ဒူးကို မြှောက်ပြသည်။

"အင်း ... ဘောလုံးကန်တဲ့ အကျိုးပေါ့"

"အစ်ကိုက ဒူးခွဲရမှာလား"

ဆူဆန်က ဘားမင်း၏ ကမ်းလှမ်းချက်ကို မည်သို့ တုံ့ပြန်ရမည်နည်း

mgyoe.com

mgyoe.com


ဟု စဉ်းစားရင်း မေးလိုက်သည်။ အလုပ်သဘောနှင့် မည်သို့မျှ မဆိုင်ပါ။ သို့သော် သူမက သူ့ကို စိတ်ဝင်စားနေမိပြီ ဖြစ်သည်။

"ဟုတ်တယ်။ မိုင်နပ်ကျူအက်တိုမီ ဆိုလား၊ ဘာလား။ အဲ...အဲဒါမျိုးပဲ"

ဘားမင်းက ပြောသည်။

တံခါးခေါက်သံ ထွက်ပေါ်လာသည်။ ဆူဆန် ဘာမှမလုပ်ရမီပင် အခန်းတွင်းသို့ ဆာရာစတန်း ခပ်သုတ်သုတ်ဝင်လာသည်။ ဆူဆန် ကယောက်ကယက် ဖြစ်သွားပြီး ဆေးသွင်းပိုက်အချို့ကို ကလိနေမိတော့သည်။ တစ်ချိန်တည်းမှာပင် မိမိ၏ အပြုအမူ မှားယွင်းကြောင်း ဆူဆန် သိလိုက်သည်။ မိမိကိုယ်မိမိ အပြစ်တင်လိုက်မိသည်။

"အပ်တစ်ချက် စိုက်ဦးမှာလား"

ဘားမင်း ကန့်ကွက်စကား ဆိုသည်။

"ဟုတ်တယ်၊ ဆေးတစ်လုံး ထိုးရဦးမယ်။ မခွဲစိတ်မီ လုပ်ရတဲ့ အလုပ်တွေပဲ၊ မှောက်" ဆရာမက ပြောသည်။

ဘားမင်းက ဆူဆန်ကို တစ်ချက်ကြည့်သည်။ ထို့နောက် လက်ယာဘက်သို့ စောင်းမှောက်လိုက်သည်။ မစ္စစတန်းက ဘားမင်း၏ လက်ဝဲဘက်တင်ပါးကို အဝတ်မဲ့စေပြီးနောက် သူ၏အပ်သွားကို လက်ဖြင့် တစ်ဆုပ်ကြီး ဆုပ်ထိုးလိုက်သည်။ အသားတွင် လက်ခနဲ အပ်ဝင်သွားသည်။ အချိန်ဘာမှ မကြာလိုက်ပါ။ မြန်လှသည်။

"ဆေးသွင်းနှုန်းအတွက် ဘာမှမပူနဲ့၊ ခဏနေရင် ကျွန်မလာလုပ်မယ်"

မစ္စစတန်းက တံခါးမှ ထွက်သွားရင်း ပြောသည်။

"ကျွန်မလည်း သွားမယ်"

ဆူဆန်က ပြောလိုက်သည်။

"ကိုယ်ချိန်းတာ ဘယ်လိုလဲ"

ဘားမင်းက လက်ဝဲဘက်တင်ပါးကို မထိမိစေရန် သတိထားရင်း မေးသည်။

"ကျွန်မ မပြောတတ်ဘူး၊ အလုပ်နဲ့ ပတ်သက်လို့ ကျွန်မ ဘဝင်မကျသေးဘူး"

"အင်း ... မွမ်းမံသင်တန်းပေးရလိမ့်မယ်"

mgyoe.com

mgyoe.com


"ဟုတ်တယ်"

ဆူဆန် နာရီကို ကြည့်သည်။ တံခါးကို ကြည့်သည်။ ဘားမင်းကို ပြန်ကြည့်သည်။ ပြီးမှ ...

"အင်းလေ ... ကျွန်မတို့ တွေ့ကြတာပေါ့။ ဒီအတွင်းမှာ အစ်ကို နေကောင်းဖို့လည်း လိုပါသေးတယ်။ ကျွန်မ လုပ်တာ အလုပ်သဘောတော့ မဟုတ်ဘူးပေါ့။ ကျွန်မ လာခဲ့မယ်၊ အစ်ကို ဆေးရုံမှာ ဘယ်လောက်နေရမလဲ"

"ကိုယ့်ဆရာဝန်ကတော့ သုံးရက်လို့ ပြောတာပဲ"

"အင်းလေ ... အစ်ကို မဆင်းခင် ကျွန်မ လာခဲ့ပါ့မယ်"

ဆူဆန် တံခါးဆီသို့ လျှောက်သွားသည်။

တံခါးဝတွင် အလုပ်သမားတစ်ဦး တွန်းလာသော လက်တွန်းလှည်းနှင့်တွေ့သည်။ ဘားမင်းကို ခွဲစိတ်ခန်းဝသို့ ပို့ဆောင်ရန် ဖြစ်သည်။ စင်္ကြံလမ်းအတိုင်း လျှောက်မသွားမီ ဆူဆန် နောက်သို့ တစ်ချက်ပြန်ကြည့်သည်။ သူမက သူ့ကိုလက်မထောင်ပြီး ပြလိုက်သည်။ သူက အပြုံးဖြင့် တုံ့ပြန်သည်။ ဆရာမများ ရုံးခန်းဆီသို့ လျှောက်သွားရင်း ဆူဆန် စဉ်းစားသည်။ လူတစ်ယောက်နှင့် ခင်မင်ရင်းနှီးရသည့်အတွက် စိတ်ထဲမှာ ကြည်နူးမိသည်။ သို့သော် အလုပ်သဘောမဟုတ်သည်ကိုလည်း ဆင်ခြင်မိသည်။ သူမအဖို့ အဘက်ဘက်မှ ဆရာဝန် ပီသရန်ကား မလွယ်ချေ။

■

mgyoe.com

mgyoe.com

တနင်္လာ၊ ဖေဖော်ဝါရီ ၂၃၊ နံနက် ၁၂ နာရီ ၁၀ မိနစ်။

ဆူဆန်သည် စကြံလမ်းတစ်လျှောက်တွင် ပြည့်ကျပ်ရှုပ်ထွေးလျက်ရှိသော ထမင်းလှည်းများကို ကွေ့ကာဝိုက်ကာ တိမ်းရှောင်ပြီး လျှောက်သွားလျက် ရှိသည်။ နံနက်စာဗန်းများမှ သင်းပျံ့သောရနံ့ကို ရရှိသောအခါတွင်မှ သည်ကနေ့ အဖို့ မိမိဘာမှ ဟုတ်တိပတ်တိ မစားရသေးကြောင်း ဆူဆန် အမှတ်ရသည်။ ပြေးရင်းလွှားရင်း စားရသော ပေါင်မုန့်နှစ်ချပ်ကို ထည့်တွက်၍ မရပါ။

ဘီးယက် ၅ ရှိ ဆရာမများအခန်းတွင် နံနက်စာလှည်းများရောက်ရှိလာသဖြင့် ပိုမိုရှုပ်ထွေးလျက်ရှိသည်။ လူနာတစ်ယောက်ဆီကို သူနှင့်သင့်တင့်သော ဆေးဝါးအစားအစာနှင့် ကုသမှုတို့ကို မှန်ကန်စွာ ပြုလုပ်နိုင်ခြင်းမှာ အံ့သြဖွယ်ရာပင် ဖြစ်သည်။ ဆူဆန်အနေဖြင့် သည်ထက်ပိုပြီး အံ့သြရသည်ကတော့ ဆရာမ ဆာရာစတန်း၏ မျက်နှာတွင် အပြုံးတစ်ခု တွေ့ရှိလိုက်ရခြင်းပင် ဖြစ်သည်။ ထိုမျှမက ဆူဆန်၏ လက်သွေးကြောသွင်းလင်ဗန်းကို ထားရန် နေရာညွှန်ပြရင်း "ကျေးဇူးတင်ပါသည်" ဆိုသော စကားကိုလည်း ကမန်းကတန်း ပြောသွားပါသေးသည်။ အခြား လူများကမူ ဆူဆန်ကို ဂရုပြုမိကြဟန် မရှိပါ။ ဆရာမများ အခန်းမှ ဆူဆန် ပြန်ထွက်ခဲ့သည်။ ဆူဆန် သုံးစက္ကန့်မျှ ချိန်ဆ စဉ်းစားပြီးနောက် လူတွေ ပြည့်ကျပ်နေ

mgyoe.com

mgyoe.com

သော ဓာတ်လှေကားကို စောင့်ဆိုင်းနေမည့်အစား ရိုးရိုးလှေကားကိုပင် အသုံးပြုရန် ဆုံးဖြတ်လိုက်သည်။ အထူးဆောင်သို့ရောက်ရှိ ရန် သုံးထပ်မျှသာ ဆင်းရမည် ဖြစ်သည်။

လှေကားကသံလှေကားဖြစ်သည်။ လှေကားထစ်များ ဖောင်းကြွသည်။ အရောင်က လိမ္မော်ရောင်၊ သို့သော် ယခုအခါ ပျက်ပြယ်ချေပြီ။ လှေကားထစ်များ၏ အလယ်ပိုင်းတစ်လျှောက်သာလျှင် ခြေထောက်များဖြင့် နင်းဖန်များသဖြင့် တောက်ပြောင်လျက်ရှိသည်။ လှေကားတစ်ဖက်ရှိ နံရံများကို ဆေးအညိုသုတ်ထားသည်။ သို့သော် ဆေးသုတ်ထားသည်မှာ ကြာပြီဖြစ်သဖြင့် ကွာကုန်ကြလေပြီ။ နံရံတစ်လျှောက်တွင် အထက်မှ အောက်သို့စီးဆင်းလျက်ရှိသည့် အစွန်းအထင်းကြောင်းကြီးများကိုလည်း တွေ့ရှိရသည်။ ဆူဆန်သည် လှေကားခုံတစ်ခုကို ကွေ့ပတ်ကာလျှောက်ပြီး နောက်တစ်ထပ်သို့ဆင်းခဲ့ပြန်သည်။ လှေကားတစ်လျှောက်တွင် အလင်းရောင်ဟူ၍ လှေကားခုံတစ်ခုတွင် မီးလုံးသာ တပ်ဆင်ထားပါသည်။ စတုတ္ထထပ်ရှိ မီးလုံးမှာ ကျွမ်းနေသဖြင့် ဆူဆန်သည် သတိထားပြီး လှေကားကို တစ်ထစ်ချင်း စမ်းကာ ဆင်းရသည်။ တစ်ထပ်နှင့်တစ်ထပ် အကြာကြီး ဆင်းရသည်ဟု ဆူဆန်ထင်သည်။

လှေကားလက်ရန်းမှနေ၍ အောက်ဘက်သို့ ငုံ့ကြည့်လျှင် အောက်ဆုံးထပ်ရှိ ကြမ်းပြင်ကို မြင်ရသည်။ အပေါ်သို့ကြည့်လိုက်လျှင်ကား ကြောင်လိမ်လှေကားပမာ ကွေ့ပတ်ပြီး တက်သွားသော လှေကားထစ်များကို တစ်မျှော်တစ်ခေါ်ကြီး တွေ့မြင်ရပါသည်။ ဆူဆန် စိတ်အနည်းငယ် နောက်ကျိရသည်။ မှောင်ရီဟောင်းမြင်းသော လှေကားက သူမ၏စိတ်ကို ချောက်ချားစေပါသည်။ ငယ်စဉ်က ထပ်ဖန်တလဲလဲ မက်ခဲ့ဖူးသော အိပ်မက်ကို အမှတ်ရရသည်။ သည်အိပ်မက်ကို ဆူဆန် မမက်သည်မှာ ကြာပြီ။ သို့သော် ကောင်းစွာပင် မှတ်မိနေသည်။ အိပ်မက်က လှေကားနှင့်တော့ မဆိုင်၊သို့သော် အနှစ်သာရမှာမူ အတူတူပင် ဖြစ်သည်။ တွန့်လိမ်နေသော ဥမင်လိုဏ်ခေါင်းကြီးထဲ၌ သူ တစ်ယောက်တည်း တိုးဝှေ့ပြီး သွားနေရခြင်း ဖြစ်သည်။ အိပ်မက်ထဲတွင် လိုဏ်ခေါင်း၏ အဆုံးသို့ တစ်ကြိမ် တစ်ခါမှ မရောက်ခဲ့ပါ။

လှေကားတစ်လျှောက် စိတ်ကသိကအောက်ဖြစ်ရသည် မှန်သော်လည်း

mgyoe.com


ဆူဆန်သည် လှေကားတစ်ထစ်ချင်းကိုနင်းပြီး ဖြည်းလေးစွာ ဆင်းခဲ့သည်။ သူမက ခြေတစ်ချက် ချလိုက်တိုင်း ခြေသံတစ်ချက် မြည်ထွက်လာသည်။ လှေကားတစ်လျှောက်လုံးတွင် သူမ တစ်ယောက်တည်း ဖြစ်သည်။ အခြားမည်သူတစ်စုံတစ်ယောက်မျှမရှိပါ။ ယင်းအတွက် ဆူဆန်သည် တစ်လျှောက်လုံး အဆက်မပြတ်ဆိုသလို စဉ်းစားတွေးတော၍ရရှိပါသည်။ ဆေးရုံကြီးနှင့်ဆက်စပ်သော တာဝန်ဝတ္တရားများ ခေတ္တခဏမျှ ဆိုသလို ဆူဆန်၏ စိတ်အာရုံမှ ပျောက်ကွယ်ရသည်။

ဘားမင်းနှင့် တွေ့ဆုံရခြင်းသည် သူမ၏ စိတ်ထဲတွင် များစွာရှုပ်ထွေးခြင်းဖြစ်ရသည်။ လုပ်ငန်းသဘော မဆန်လှခြင်းသည် အမှန်တော့လည်း သဘာဝကျသည်။ ဘားမင်းက သူမ၏လူနာ မဟုတ်ပါ။ သူမက အပရိက လုပ်ငန်းများကိုသာ လုပ်ဆောင်ပေးနေရခြင်း ဖြစ်သည်။ ဘားမင်းသည် လူနာတစ်ယောက်ဖြစ်သည်ဟူသော အချက်နှင့်ပတ်သက်၍ တစ်ခုပဲ အရေးကြီးသည်။ ယင်းကား အခြားမဟုတ်၊ ဘားမင်းသည် လူနာတစ်ဦးဖြစ်သဖြင့်သာ သူမနှင့်တွေ့ဆုံရခြင်း ဖြစ်သည်။ မိမိအနေနှင့် အကျိုးအကြောင်း ညီညွတ်အောင် ဆင်ခြင်သုံးသပ်နေခြင်း ဟုတ် မဟုတ်ကား ဆူဆန် မပြောတတ်ပါ။ တတိယထပ် လှေကားခုံကို လှည့်ပတ်သွားပြီးနောက် နောက်တစ်ထပ်သို့ ဆင်းရမည့် လှေကားထိပ်တွင် ဆူဆန် ရပ်နေမိသည်။

ဘားမင်းကို သူမက မိန်းမတစ်ယောက်အနေနှင့် တုံ့ပြန်ဆက်ဆံမိခဲ့သည်။ ဘာကြောင့်မှန်းတော့မသိ။ ဘားမင်းသည် သူမကို ဆွဲဆောင်မှုပြုခဲ့သည်ကတော့ အမှန်။ သူမကလည်း နှစ်သက်လက်ခံခဲ့သည်အမှန်။ သူမသည် ဆေးတက္ကသိုလ်တွင် နေထိုင်ခဲ့သော ပထမ နှစ်နှစ်တာကာလအတွင်းတွင် လိင်လှုပ်ရှားမှု မရှိသူတစ်ဦးအဖြစ်နှင့်နေထိုင်ခဲ့သည်။ ဘားမင်းကိုလည်း မိမိသည် နပုလ္လင်တစ်ဦးဟု ပြောခဲ့သည်။ အမှန်မှာတော့ သူမသည် မိန်းမတစ်ယောက်ဖြစ်သည်။ မိန်းမတစ်ယောက်နှင့်တူသည်။ လစဉ်ရာသီသွေးလာနေခြင်းကလည်း မိန်းမတစ်ယောက်ဟူသည့်အချက်ကို ထင်ရှားစေသည်။ သို့သော် သူမသည် မိန်းမတစ်ယောက်လော။

ဆူဆန်သည် နောက်ထပ် လှေကားတစ်ဆင့်ကို စတင် ဆင်းသက်ခြင်းပြုသည်။ ကြုံတွေ့ရသော အဖြစ်အပျက်များကြောင့် ဆူဆန်သည် နှစ်ပေါင်း

mgyoe.com

mgyoe.com


များစွာ ကိန်းအောင်းလျက်ရှိသော အခြင်းအရာတစ်ခုကို တွေးတော ဆင်ခြင်ရတော့သည်။ အကယ်၍ မိမိအစား ကာပင် သွားရောက်ရပြီး လူနာကလည်း အမျိုးသမီးတစ်ယောက် ဖြစ်နေခဲ့လျှင်ကာပင် ဘာလုပ်မည်နည်း။ ယောကျ်ားတစ်ယောက်အနေနဲ့ တုံ့ပြန်ချေမည်လော၊ ဆူဆန် ရပ်လိုက်ပြန်သည်။ စဉ်းစားဖွယ်ရာများကို စဉ်းစားသည်။

သူမ၏ အတွေ့အကြုံများပေါ်တွင် မူတည်ပြီး ဆူဆန် ဆုံးဖြတ်သည်။ ကာပင်သည်လည်း မိမိကဲ့သို့ တုံ့ပြန်လုပ်ဆောင်ချေမည် ဖြစ်သည်။

ဆူဆန် လှေကားကိုဆက်ပြီး ဆင်းသည်။ ဖြည်းဖြည်းလေး ဆင်းသည်။ ယောကျ်ားတစ်ယောက်သည် သူမကဲ့သို့ပင် လုပ်ဆောင်ချေမည်ဟုဆိုလျှင် သူမ၏လုပ်ဆောင်မှုကကော ဘာများပြဿနာဖြစ်စရာ ရှိသနည်း။ ဘာများ စဉ်းစားနေစရာ ရှိသနည်း။

ဆေးဘက်ဆိုင်ရာ ကျင့်ဝတ်နှင့်ပတ်သက်၍ အများကြီး စဉ်းစားစရာ ဖြစ်သည်။ ဘားမင်းက ဆူဆန်ကို အမျိုးသမီးတစ်ယောက်အနေနှင့် ခံစားစေသည်။ ဤအချက်ကို ဆူဆန် ရုတ်ခြည်း ခံစားလိုက်ရခြင်း ဖြစ်သည်။ သူမနှင့်ကာပင်အကြားတွင် အကြီးမားဆုံး ခြားနားချက်တစ်ခုကတော့ သူမတွင် အတားအဆီးတစ်ခု ပိုမိုနေခြင်းပင် ဖြစ်သည်။ သူတို့နှစ်ယောက်စလုံး ဆရာဝန်ဖြစ်ချင်ကြသည်။ ဆရာဝန်လို ပြုကျင့်သည်။ ဆရာဝန်လို တွေးခေါ်သည်။ သူတို့ကို ဆရာဝန်အဖြစ် လက်ခံကြရန် ဖြစ်သည်။ သို့သော် ဆူဆန်အဖို့ လုပ်ငန်းတစ်ခု ပိုနေသည်။ သူမက တစ်ချိန်တည်းမှာပင် အမျိုးသမီးတစ်ယောက် ဖြစ်ချင်သည်။ အမျိုးသမီးတစ်ယောက်ကဲ့သို့ ခံစားလိုသည်။ အမျိုးသမီးတစ်ယောက်အနေနှင့်လက်ခံကြစေချင်သည်။ အမျိုးသမီးတစ်ယောက်အနေနှင့် လေးစားကြစေချင်၏။

ဆေးလောကထဲသို့ ဝင်လာကတည်းကပင် သည်လောကသည် အမျိုးသားများကြီးစိုးသော လောကကြီးတစ်ခုဖြစ်ကြောင်း ဆူဆန်သိသည်။ သူမကို စိန်ခေါ်သည့်အချက်တစ်ခုပင် ဖြစ်သည်။ သူမအနေနှင့် ဆေးလောကသို့ ဝင်ရောက်ရာတွင် လူမှုရေးပုံစံအရ အခက်အခဲ တစ်စုံတစ်ရာ ရှိလိမ့်မည်ဟု ဆူဆန်မတွေးခဲ့ပါ။ ပညာပိုင်းအရ သူမ ယှဉ်ပြိုင်သည်။ ဒီအတွက်တော့ သူမကိုယ်သူမ စိတ်ချသည်။ နောက်တစ်ချက်ကတော့ အနည်းငယ် ပင်ပန်း

mgyoe.com

mgyoe.com


သည်။ သတ်မှတ်ထားသော နည်းလမ်းများ မရှိပါ။

ကာပင်ကျတော့ကော၊ သူ့အတွက် လူမှုရေးပြဿနာ ဘာမှမရှိ။ သူက ယောကျ်ားများ လောကထဲတွင် ယောကျ်ားတစ်ယောက် ဖြစ်သည်။ ကာပင် အနေနှင့် သူ့ကိုယ်သူ ဆရာဝန်တစ်ယောက် ဖြစ်သည်ဟု ယူဆရုံပဲ ရှိသည်။ ဆူဆန်ကျတော့ သူမသည် ဆရာဝန်တစ်ယောက်လည်း ဖြစ်သည်။ မိန်းမ တစ်ယောက်လည်း ဖြစ်သည်ကို သဘောပေါက်ထားရပေမည်။

ဒုတိယထပ်သို့ရောက်သောအခါ စာလုံးကြီးများဖြင့် ရေးသားထားသော ဆိုင်းဘုတ်တစ်ခုကို ဆူဆန် တွေ့ရှိရသည်။

ခွဲစိတ်ခန်းဒေသ၊ မသက်ဆိုင်သူများ မဝင်ရ

သို့သော် ဒီဆိုင်းဘုတ်မလိုပါ။ တံခါးကို သော့ခတ်ထားကြောင်း ဆူဆန် ချက်ချင်း သိသည်။ လှေကားတစ်လျှောက်ရှိ တံခါးများအားလုံး သော့ခတ် ထားကြောင်းလည်း ဆူဆန် စဉ်းစား သိရှိသည်။

ယင်းသို့ဖြင့် သူမသည် ကျဉ်းမြောင်း မတ်စောက်သော အကျဉ်းထောင် တစ်ခုအတွင်း၌ ပိတ်လှောင်မိနေပြီဟု ခံစားမိသည်။ သည်အတွေး မဟုတ် ပါ။

"အို ... ဗိုးလား၊ နင်ဘာတွေ စဉ်းစားနေတာလဲ"

သူမကိုယ် သူမ အားပေးသည့်အနေဖြင့် ဆူဆန် ကျယ်လောင်စွာ ပြော လိုက်သည်။ ပထမထပ်သို့ရောက်ရှိသော် ဆူဆန် လျင်မြန်စွာ ဆင်းသွားသည်။ တံခါး အလွယ်တကူ ပွင့်သွားသည်။ အောက်ထပ်ရှိလူအုပ်ကြီးအတွင်းသို့ ဆူဆန် ပူးပေါင်း ရောက်ရှိသွားသည်။

ဆူဆန်သည် အောက်ထပ်မှနေ၍ ဓာတ်လှေကားကိုစီးပြီး အထူးဆောင် သို့ ပြန်တက်သွားသည်။ အထူးဆောင်တံခါးကို ဖွင့်ရန်အတွက် ကြံခိုင်သည့် စိတ်ဓာတ်လိုသည်။ တံခါးကို အားစိုက်ပြီး ဖွင့်ရသည်။ အထူးဆောင် တံခါး က ကြီးမားလေးလံလှသည်။

ဆူဆန်သည် ချောက်ချားဖွယ်ကောင်းသော အထူးဆောင်အတွင်းသို့ တစ်ကြိမ်ဝင်ရောက်သွားရပြန်သည်။ ဆရာမတစ်ယောက်က စားပွဲတစ်လုံး တွင်ထိုင်နေရာမှ ခေါင်းမော့ကြည့်သည်။ သို့သော် ချက်ချင်း ဆိုသလိုပင် သူမ၏ မျက်လုံးများသည် နှလုံးလျှပ်စစ်မှတ်စက်ဆီသို့ ပြန်လည်ရောက်ရှိ

mgyoe.com

mgyoe.com


သွားသည်။ အထူးဆောင်ခန်းမကြီးကို ဆူဆန် ဝေ့ဝိုက်၍ ကြည့်လိုက်သော အခါ စက်ကိရိယာများ ကြီးစိုးနေသည်ကို တွေ့ရသည်။ လူတွေ၏အသံ ဗလံများ ကင်းမဲ့နေသည်။ လူတွေ၏ လှုပ်ရှားမှုများလည်း ကင်းမဲ့နေသည်။ လျှပ်စစ်မီးရောင်များသာ ပြိုးပြက်လျက် ရှိသည်။

နန်စီဂရင်းလေးသည် ဆေးလောက၌ ကျဆုံးသူတစ်ဦးအဖြစ်နှင့် လည်းကောင်း၊ယနေ့ စက်အတတ်ပညာတို့၏သားကောင်အဖြစ်နှင့်လည်းကောင်း ကျောက်ရုပ်ကြီးတစ်ရုပ်ပမာ ငြိမ်သက်စွာ မလှုပ်မရှား ရှိနေသည်။ နန်စီဂရင်းလေး၏ ဘဝနှင့် သူမ၏ အချစ်ရေးလောကတို့ကို ဆူဆန် စဉ်းစားနေမိသည်။ အားလုံးပင် သွားချေပြီ။ သာမန် ရာသီသွေး မမှန်ကန်မှုနှင့် ပုံမှန်သားအိမ်ခြစ်သည့် ကုသမှုကလေးကြောင့် သူမ၏ ဘဝတစ်ခုလုံး ပျက်သုဉ်းချေပြီ။

ဆူဆန်သည် သူမ၏ မျက်လုံးများကို နန်စီဂရင်းလေးမှ လွှဲဖယ်လိုက်ပြီး သူမ၏အဖွဲ့ အထူးဆောင်ထဲတွင် မရှိတော့သည်ကို သေချာအောင် ကြည့်လိုက်သည်။ တစ်ချိန်တည်းမှာပင် ဆူဆန်သည် အထူးဆောင်ထဲတွင် ကသိကအောက် ရှိနေရသည့် အဖြစ်ကို ဆင်ခြင်မိသည်။ သည်အခန်းကြီး၏ ရှုပ်ထွေးပွေလီမှုများက သူမ၏စိတ်အာရုံတွင် တဒင်္ဂမျှ ငြိတွယ်ခဲ့သော သွေးကြောတွင်းသို့ ဆေးသွင်းခဲ့ရသည့် ဓာတ်လမ်းကလေး ရုတ်ခြည်းပင် ပျောက်ကွယ်သွားရတော့သည်။ ဒီအခန်းထဲတွင် မိမိရှိနေစဉ်အတွင်း လူနာတစ်ဦးဦး တစ်စုံတစ်ခု ဖြစ်ခဲ့လျှင် ဘယ့်နှယ် လုပ်ရမည်နည်း။ ဝတ်ရုံဖြူကြီး ဝတ်ထားပြီး အိတ်ထဲတွင် နားကြပ်ကြီး ထည့်ထားသော မိမိကို တစ်စုံတစ်ယောက်က သေရေးရှင်ရေး ပြဿနာအတွက် မျှော်လင့်ခြင်းကြီးစွာဖြင့် အကူအညီတောင်းခံခဲ့လျှင် ဘာလုပ်ရချေမည်နည်း။

ဆူဆန်သည် ရုတ်တရက် ဖြစ်ပေါ်လာသော စိတ်ချောက်ချားမှုကို ထိန်းချုပ်ပြီးနောက် တံခါးမကြီးကိုဖွင့်ကာ အပြင်ဘက် စင်္ကြံသို့ ထွက်ပြေးလွတ်မြောက်ခဲ့သည်။ ဆူဆန်သည် ဓာတ်လှေကားဆီသို့ လျှောက်သွားရင်း အထင်နှင့်အမြင်၊ အရှိနှင့် မရှိ မည်သို့ခြားနားသည်ကို စဉ်းစားနေမိသည်။ ဆေးကျောင်းသားတစ်ယောက်၏ တကယ့်အဖြစ်အနေနှင့် သူတို့ကို လူတွေက လက်ခံတွေးထင်ထားသည်များမှာ ဆီနှင့်ရေလို ကွာခြားလှပေသည်။

mgyoe.com

mgyoe.com


အထပ် ၁၀ တွင် ဆရာဝန်ကြီးများ၏ ညွှန်ကြားပို့ချမှုရှိကြောင်း ဘဲလိုးက ပြောဆိုထားသည်ကို သတိရသဖြင့် ဆူဆန်သည် အထပ် ၁၀ ခလုတ်ကို နှိပ်လိုက်ပြီးနောက် ဓာတ်လှေကား၏အတွင်းဘက်တွင် အသာကလေး ကပ်နေမိသည်။ ဓာတ်လှေကားခရီးသည် နောက်ကျဖွယ်ရာဖြစ်သည်။ ဓာတ်လှေကားသည် လူတတ်ကြီးတစ်ယောက်ပင် ဖြစ်သည်။ အထပ်တိုင်းတွင် သူရပ်သည်။ ဓာတ်လှေကားခန်းထဲတွင် မွှန်းကျပ်ပူလောင်လျက်ရှိသည်။ ဒီအထဲတွင် စာရေးပြီး တားမြစ်ထားသည့်ကြားက မသိတတ်သော လူတစ်ယောက်က ဆေးလိပ်ကို အားရပါးရဖွာလျက် လိုက်ပါလာသောအခါ ပို၍ဆိုးတော့သည်။

ဓာတ်လှေကားတွင် လိုက်ပါလာသူများသည် တစ်ယောက်ကိုတစ်ယောက် မကြည့်ကြပါ။ ဆူဆန်ကဲ့သို့ပင် အထပ်နံပါတ်များ တစ်ခုပြီးတစ်ခု တိုးပြောင်းသွားသည်ကိုသာ စိတ်ဝင်စားစွာ ကြည့်ရှုနေကြသည်။ တံခါးမြန်မြန်ပွင့်သွားပြီး တံခါးမြန်မြန် ပြန်ပိတ်သွားသည်ကိုသာ မျှော်လင့်နေကြသည်။

နဝမထပ်သို့ ရောက်သောအခါ ဆူဆန်သည် ဓာတ်လှေကားခန်း၏ အရှေ့ဘက်သို့ တိုးသွားသည်။ အထပ် ၁၀ သို့ရောက်သောအခါ သူမသည် ဝမ်းသာအားရဖြင့် လူအုပ်ထဲမှ တိုးထွက်သွားသည်။

ပတ်ဝန်းကျင် အနေအထားသည် ရုတ်ခြည်း ဆိုသလိုပင် ပြောင်းလဲသွားသည်။ ဒသမထပ်၏ ကြမ်းပြင်တွင် ကော်ဇောများ ခင်းထားသည်။ နံရံများအားလုံးသည် ဆေးအသစ် လိမ်းသုတ်ထားသည်။ သည်ဆေးရုံကြီး၏ သမိုင်းတစ်လျှောက်တွင် ထင်ရှားကျော်ကြားခဲ့သော ပုဂ္ဂိုလ်ကြီးများ၏ ရုပ်ပုံများကို ရွှေပေါင်ကြီးများ တဝင်းဝင်း တလက်လက်ဖြင့် ချိတ်ဆွဲထားသည်။ စင်္ကြံလမ်းတစ်လျှောက်တွင်လည်း သစ်လွင်တောက်ပသော စားပွဲများနှင့် ကုလားထိုင်များ အစီအစဉ်ကျကျ ရှိနေသည်။ နယူးယောက်ကား မဂ္ဂဇင်းများကိုလည်း စနစ်တကျ ပုံထားသည်ကို တွေ့ရသည်။

ဓာတ်လှေကားနှင့် မျက်နှာချင်းဆိုင်တွင် အစည်းအဝေးခန်းသို့ ညွှန်ပြသော ဆိုင်းဘုတ်ကို ဆူဆန် တွေ့ရှိရသည်။ ဆူဆန်သည် စင်္ကြံလမ်း အတိုင်း လျှောက်သွားစဉ်တွင် ရုံးခန်းများကို တွေ့မြင်ရသည်။ ဆရာဝန်ကြီး၏

mgyoe.com

mgyoe.com

သီးသန့်ရုံးခန်းများဖြစ်သည်။ စင်္ကြံလမ်းတစ်လျှောက်တွင် လူနာအနည်းငယ် ရှိနေသည်ကို တွေ့ရသည်။ ဟိုနားတွင် တစ်ယောက် နှစ်ယောက်၊ ဒီနားတွင် တစ်ယောက် နှစ်ယောက် ဖြစ်သည်။ စောင့်နေကြသည်။ စောင့်ရင်း စာဖတ်နေကြသည်။ သူတို့ အားလုံးပင် ဆူဆန်ဖြတ် ကျော်သွားသည်ကို မော့ကြည့်ကြသည်။ သူတို့၏ မျက်နှာများတွင် ထူးခြားသော အမူအရာများ မရှိပါ။

စင်္ကြံလမ်းအဆုံးတွင် ခွဲစိတ်ကုသမားတော်ကြီး ဒေါက်တာ အိပ်ချ်စ တတ်၏ ရုံးခန်းကို ဆူဆန် ဖြတ်ကျော်ရသည်။ တံခါး ခပ်ဟဟ ပွင့်နေသည်။ အထဲတွင် စာရေးနှစ်ယောက် လက်နှိပ်စက်ရိုက်နေကြသည်ကို တွေ့ရသည်။ သမားတော်ကြီး၏ ရုံးခန်းကို လွန်သွားပြီး စင်္ကြံလမ်း၏ တစ်ဖက်တွင် ဒုတိယလှေကားကို တွေ့ရသည်။ စင်္ကြံလမ်း၏ ထိပ်တည့်တည့်တွင်ကား မယော်ဂနီတံခါးနှစ်ရွက်ရှိသည်။ တံခါးနှစ်ရွက်၏အထက်တွင်ကား စာတန်း တစ်ခု မီးလင်းနေသည်။

အစည်းအဝေး ကျင်းပနေသည်။

အစည်းအဝေးခန်း အတွင်းသို့ ဆူဆန် ဝင်သည်။ တံခါးကို ပြန်ပိတ်သည်။ အခန်းမီးများ ပိတ်ထားသဖြင့် အမှောင်ထဲတွင် မျက်လုံး ကျင့်သားရအောင် အတန်ကြာ ပြုလုပ်ရသည်။ အခန်း၏ အလယ်ထိပ်တွင် အလင်းရောင်တစ်ခု စုစည်းလျက် ရှိသည်။ လူတစ်ယောက်၏အဆုတ်ပုံကို ဓာတ်ပုံ ထိုးပြထားခြင်း ဖြစ်သည်။ တုတ်ရှည်တစ်ချောင်းဖြင့် ဓာတ်ပုံအကြောင်း ရှင်းပြနေသော လူတစ်ယောက်၏ပုံသဏ္ဍာန်ကို ဆူဆန် ခပ်ရေးရေး တွေ့မြင်ရသည်။

ဆူဆန်သည် ထိုင်ခုံတန်းများတွင် ထိုင်နေကြသူများကို အလင်းရောင် ဝိုးတဝါးတွင် ခွဲခြားပြီး ကြည့်ရသည်။ အစည်းအဝေးခန်းမကြီးသည် အနံပေ ၃၀ ခန့်ရှိပြီး အလျားပေ ၅၀ ခန့် ရှိသည်။ ကြမ်းပြင်သည် ရှေ့ဘက်ရှိ စင်မြင့်ဆီသို့ ပြေလျှောလျှော နိမ့်ဆင်းသွားသည်။ ရုပ်ပုံများကို ထိုးပြသော ပြစက်ကလေးကို မတွေ့မြင်ရပါ။ မြင်ကွင်းမှ ကွယ်ဖျောက်ထားသည်။ သို့သော် ပြစက်မှ ထွက်ပေါ်လာသော အလင်းရောင်တန်းကိုကား ကောင်းစွာ တွေ့မြင်ရသည်။ အလင်းရောင်တန်းတွင် ဆေးလိပ်မီးခိုးများ ရစ်ဝဲနေသည်။

mgyoe.com

mgyoe.com


အစည်းအဝေးခန်းသည် အခန်းသစ်တစ်ခုဖြစ်ပြီး အချိုးအစားကျနကြောင်း ကို အမှောင်ဝိုးတဝါးမှာပင် ဆူဆန် တွေ့မြင်သိရှိရသည်။

နောက်ထပ် ထွက်ပေါ်လာသော ရောင်စုံဆလိုက်ပုံမှာ မိုက်ကရိုစကုပ် ဖြင့် တွေ့မြင်ရသော မြင်ကွင်းပုံ ဖြစ်သည်။ ယင်းပုံက အခန်းထဲတွင် အလင်း ရောင်အားပို၍ များလာစေသည်။ နိုင်း၏နောက်စေ့ကို ဆူဆန် တွေ့မြင်ရ သည်။ သူ့နောက်စေ့မှ အဖုကြီးက သိသာထင်ရှားသည်။ သူက မင်းလမ်း ထိပ်ခုံတစ်ခုတွင် ထိုင်နေသည်။ ဆူဆန်သည် နိုင်းရှိရာသို့ လျှောက်သွားပြီး သူ့ပခုံး ပုတ်လိုက်သည်။ သူမအတွက်နေရာ တစ်နေရာ ယူထားသည်ကို ဆူဆန် တွေ့ရှိရသည်။ ဆူဆန်သည် နိုင်းနှင့် ဖဲယားဝဲသားတို့ကို တိုးဝှေ့ဖြတ် ကျော်သွားပြီး သူမ၏ခုံတွင် ထိုင်ရသည်။ သူမ၏ ခုံက ဘဲလိုး၏နံဘေးတွင် ဖြစ်၏။

"နေပါဦး၊ မင်း သွေးကြော သွားသွင်းတာလား၊ ဗိုက်သွားခွဲတာလား။ မင်းထွက်သွားတာ နာရီဝက်ကျော်သွားပြီ"

ဘဲလိုးက တီးတိုးလေသံဖြင့် ခနိုးခနဲ့ မေးလိုက်သည်။

"စိတ်ဝင်စားစရာကောင်းတဲ့ လူနာတစ်ယောက်ပဲ"

ဆူဆန်က ပြန်ပြောလိုက်သည်။

သူမက ဆလိုက်ပုံတွင် အတန်ကြာ စိတ်ဝင်စားဟန်ပြုနေလိုက်သည်။ ပြီးမှ ဘဲလိုးကို ပြန်ကြည့်သည်။ ဘဲလိုးက ခေါင်းကို ယမ်းခါလျက်...

"မင်း လုပ်တာတွေ နည်းနည်း များလွန်းနေပြီ။ ကိုယ်..."

ဘဲလိုး၏စကားပြတ်သွားသည်။ ရှေ့ဘက်ရှိ စင်မြင့်ကလေးပေါ်မှ လူက သူ့အား တစ်စုံတစ်ရာ မေးမြန်လျက်ရှိသည်။

သူ ကြားလိုက်မိသမျှမှာ...

"အဲဒီအချက်ကို ရှင်းပြစမ်းပါ ဒေါက်တာ ဘဲလိုး"

"ဆောရီး၊ ဒေါက်တာစတတ် မေးခွန်းကို ကျွန်တော် မကြားလိုက်ဘူး"

ဘဲလိုး ခိုးလိုးခုလု ပြန်ပြောသည်။

"အမျိုးသမီးမှာ နမိုးနီးယား အရိုပ်လက္ခဏာ တွေ့ရသလား"

စတတ်က မေးခွန်းကို ထပ်မေးသည်။

ဧရာမဓာတ်ပုံကြီးတစ်ခုကို တွေ့ရသည်။ ရင်ခေါင်းပုံ ဖြစ်သည်။

mgyoe.com

mgyoe.com

ရင်ခေါင်း၏ လက်ယာဘက်တွင် ဒေါက်တာစတတ်၏အရိပ်ထင်နေသည်။ သူ၏ မျက်နှာအမူအရာကိုကား မတွေ့မြင်ရ။

"ဂရင်းလေးအကြောင်း ပြောနေတာ"

ဘဲလိုး၏ နောက်တည့်တည့်တွင် ထိုင်နေသော လက်ထောက်ဆရာဝန်တစ်ဦးက ရှေ့သို့ ကိုင်းညွတ်လိုက်ပြီး ဘဲလိုးကို ပြောလိုက်သည်။

"ဟုတ်ကဲ့ ခင်ဗျ"

ဘဲလိုး မတ်တတ်ထလိုက်ပြီး လည်ချောင်းရှင်းလိုက်သည်။ ထို့နောက်

"မနေ့ကတော့ ကိုယ်အပူချိန် နည်းနည်းတက်တယ်။ ဒါပေမဲ့ ရင်ဘတ်ကို နားထောင်ကြည့်တာတော့ အကောင်းပဲ။ ပြီးခဲ့တဲ့ နှစ်ရက်က ဓာတ်မှန်တွေလည်း ပုံမှန်ပဲ။ ဒါပေမဲ့ ကနေ့ ဓာတ်မှန်ကိုတော့ ကျွန်တော်တို့ ကြည့်နေတုန်းပဲ။ သူ့ဆီးမှာ ပိုးတချို့ တွေ့ရတယ်။ သူ ကိုယ်အပူချိန်တက်ရတာဟာ နမိုးနီးယားကြောင့်ထက် ဆီးအိတ်ရောင်လို့ ဖြစ်တာလို့ ကျွန်တော်တို့ ယူဆကြတယ်"

"ဒီနာမ်စားကို ခင်ဗျား တကယ်သုံးလိုက်တာပဲလား ဒေါက်တာဘဲလိုး"

ဒေါက်တာစတတ်သည် စာဟောခုံဆီသို့ လျှောက်လာပြီး စာဟောခုံတွင် လက်နှစ်ဖက် ဆုပ်ကိုင်ရင်း မေးခွန်းထုတ်လိုက်သည်။ ဆူဆန်က စင်မြင့်ပေါ်မှ လူကို ခါးဆန့်ပြီး ကြည့်သည်။ ဤလူကြီးသည် ထင်ရှားကျော်ကြားလှသော ခွဲစိတ်ကုဆရာဝန်ကြီး ဖြစ်သည်။ သို့သော် သူ့မျက်နှာကို မမြင်ရပါ။ အမှောင်ထဲတွင် ပျောက်ကွယ်နေဆဲပင် ဖြစ်သည်။

"နာမ်စား ... ဟုတ်လား ခင်ဗျာ"

ဘဲလိုးက မည်သို့မျှ နားမလည်ဟန်ဖြင့် ပြန်မေးသည်။

"နာမ်စား၊ ဟုတ်တယ် နာမ်စား၊ နာမ်စား ဆိုတာ ဘာလဲ ဆိုတာ ဒေါက်တာဘဲလိုး သိတယ် မဟုတ်လား"

ရယ်မောသံများ ထွက်ပေါ်လာသည်။

"ဟုတ် ... ဟုတ်ကဲ့။ ကျွန်တော် သိပါတယ်"

"ကောင်းတယ်"

"ဘာကောင်းတာလဲ ခင်ဗျား"

ရယ်မောသံများ ပိုမို ထွက်ပေါ်လာသည်။

mgyoe.com

"ခင်ဗျား နာမ်စားရွေးပုံကောင်းတယ်။ ကျွန်တော်တို့၊ ကျွန်တော်တို့ ဆိုတဲ့ အသုံးတွေကို ကျုပ်ကြားရတာ နားငြီးလှပြီ။ ခင်ဗျားတို့ ဆရာဝန်တွေကို လေ့ကျင့်သင်ကြားပေးတဲ့ နေရာမှာ ဘာတစ်ခုပါသလဲဆိုတော့ ဆရာဝန်တစ်ယောက်ဟာ ကိုယ်သိရတဲ့အချက်တွေကို အသုံးပြုတတ်ရမယ်။ ပေါင်းစည်းတတ်ရမယ်။ ပြီးတော့ အဆုံးအဖြတ် ပေးနိုင်ရမယ်။

ခင်ဗျားတို့အထဲက တစ်ယောက်ယောက်ကို ကျုပ်က မေးလို့ရှိရင် အဲဒီလူတစ်ယောက်ရဲ့ အယူအဆကိုပဲ သိချင်တယ်။ ခင်ဗျားတို့ အားလုံးရဲ့ အယူအဆကို မလိုချင်ဘူး။ ဒီသဘောက အဆုံးအဖြတ်ပေးတဲ့ နေရာမှာ တခြားလူတွေ မပါဘူးလို့ ပြောတာ မဟုတ်ဘူး။ ဆိုလိုတာက တစ်ယောက်က ဆုံးဖြတ်လို့ရှိရင် တစ်ယောက်လို့ပဲ ပြောပါ။ ကျွန်တော်လို့ပဲ ပြောပါ။ ကျွန်တော်တို့ ဆိုတာကို မလိုချင်ဘူး"

ဒေါက်တာစတတ်သည် စာပဟောခုံမှ သုံးလေးလှမ်းခွာသွားပြီ လက်ထဲမှ တုတ်တံရှည်ကလေးကို အားပြုကာ ရပ်နေသည်။

"ကဲ ... မြောမေ့နေတဲ့ လူနာအကြောင်း ပြန်ပြီး ပြောကြရအောင်။ ဒီလူနာတွေနဲ့ ပတ်သက်တဲ့အခါမှာ လူကြီးမင်းတို့ အထူးပဲ နိုးကြားတက်ကြွဖို့ ကျုပ်ထပ်ပြီး ပြောချင်တယ်။ ဒီရောဂါရဲ့သဘောသဘာဝအရ နာတာရှည် ကြည့်ရှုစောင့်ရှောက်ရတာရယ်၊ ရောဂါရဲ့ နောက်ဆုံးပိတ် အလားအလာ မကောင်းတာတွေကြောင့်ရယ် အလကား အလဟဿပဲလို့ ဆိုနိုင်ပေမဲ့ ဒီကရတဲ့ အကျိုးအမြတ်ဟာ အင်မတန်ကြီးမားတယ်။ သင်ကြားရတဲ့ အလုပ်တစ်ခုတည်းကကိုပဲ တန်ဖိုး မဖြတ်နိုင်ဘူး။ အချိန်ကာလ သိပ်ကြာလွန်းလာတဲ့အခါမှာ ကိုယ်တွင်းဓာတ်မျှမှု ဖြစ်အောင်လုပ်ရတဲ့ အလုပ်က သိပ်ပြီး ခက်ခဲလာတယ်။ ဦးနှောက်..."

ရုတ်ခြည်းဆိုသလို ဘေးနံရံတွင် မီးနီပွင့်လာသည်။ မှိတ်ချည် ပွင့်ချည်ရှိနေသည်။ အစည်းအဝေးခန်း အတွင်းရှိ မျက်လုံးများ အားလုံးသည် မီးနီပွင့်ရာဆီကို ရောက်ရှိသွားကြသည်။ မီးနီ၏ အောက်ဘက်တွင် ရှိသော ရုပ်မြင်သံကြားပိတ်ကားတွင် သတင်းစာတန်းတစ်ခု လင်းပေါ်လာသည်။

နှလုံးရပ် အထူးဆောင်၊ အထပ် ၂

"သောက်"

mgyoe.com

ဘဲလိုး ထရပ်ရင်း ပါးစပ်မှ မြည်တွန်လိုက်သည်။ ကတ်တရိုက်နှင့် ရိတ်တို့လည်း သူ့နောက်မှ တစ်ပါတည်း လိုက်ပါသွားကြသည်။ သုံးယောက်သား မင်းလမ်းဆီသို့ တိုးဝှေ့သွားကြသည်။ ဆူဆန်နှင့် ဆေးကျောင်းသားလေးယောက်တို့သည် ခေတ္တမျှ ငေးကြောင်နေကြသည်။ တစ်ယောက်ကို တစ်ယောက် ကြည့်ကြသည်။ ထို့နောက် သူတို့လည်း ဆရာဝန်သုံးယောက်၏နောက်သို့ အစုလိုက် လိုက်ပါသွားကြသည်။

"ဦးနှောက် ပျက်စီးသွားတဲ့ နောက်ပိုင်းမှာ ကိုယ်တွင်းဓာတ်မျှမှု ဖြစ်အောင်လုပ်လို့ မလွယ်ဘူးဆိုတာ ကျုပ်ပြောခဲ့တယ်။ ကဲ ... နောက်ထပ်ဆလိုက်တစ်ခု"

ဒေါက်တာစတတ်သည် အခန်းထဲမှ ဝရုန်းသုန်းကား ထွက်သွားကြသူများကို လုံးဝ ဂရုမပြုဘဲ သူ၏ မှတ်စုများကို စာပေါ်ခုံပေါ်တွင် ကြည့်ရှုစစ်ဆေးရင်း ပြောလိုက်သည်။

■

mgyoe.com

mgyoe.com

တနလ်ာ၊ ဖေဖော်ဝါရီ ၂၃၊ နံနက် ၁၂ နာရီ ၁၆ မိနစ်။

ဆေးရုံကြီးသို့ ခွဲစိတ်ကုသရန် ရောက်ရှိနေရသည့်အတွက် ရှောင်ဘားမင်း စိတ်ဓာတ်ချောက်ချားလျက်ရှိသည်မှာ မည်သို့မျှ ယုံမှားသံသယ ဖြစ်စရာမပါရှိ။ ဆေးအကြောင်း သူ ဘာမှ မသိပါ။ သူ့ရောဂါအကြောင်းနှင့် သူ့ရောဂါကို မည်သို့ ကုသမည်ကို သူသိရှိလိုသော်လည်း သူမစုံစမ်းပါ။ သူက ရောဂါကိုလည်း ကြောက်သည်။ ဆေးဝါးကုသမှုကိုလည်း ကြောက်သည်။ ဆရာနှင့်ဆေးသည် ဆန့်ကျင်ဘက်များ ဖြစ်သည်ဟု သူမထင်ပါ။ အတူတူပင် ဖြစ်သည်ဟု ယူဆသည်။ ခွဲစိတ်ကုသရမည်ဆိုသည့်အတွေးက သူ့စိတ်ကို ချောက်ချားစေသည်။ မိမိ၏ အသားကို တစ်စုံတစ်ယောက်က ဓားနှင့် လှီးဖြတ်ချေမည်ကို မည်သို့မျှ စဉ်းစား၍ မရပါ။ သူသည် တွေးရင်း တွေးရင်းနှင့် ရင်ထဲတွင် ဟာလာသည်။ နဖူးတွင် ချွေးတွေ ပြန်လာသည်။ သို့ဖြင့် သူ မတွေးဖြစ်အောင် ကြိုးစားသည်။ စိတ်ပညာစကားဖြင့် ပြောရလျှင် သူ ငြင်းဆန်ခြင်းပင်ဖြစ်သည်။ ယင်းကဲ့သို့ မတွေးရန် အားထုတ်မှုသည် ဆေးရုံမတက်မီ ညနေထိအောင် ဖြစ်သည်။

"နာမည်က ဘားမင်း၊ ရှောင်ဘားမင်း"

ဆေးရုံတက်သည့် အဖြစ်အပျက်များကို ဘာမင်း ကောင်းစွာ မှတ်မိနေသည်။ လွယ်လွယ်ကူကူ ချောချောမောမောဖြစ်ရမည့်ကိစ္စများသည် ဆေးရုံ

mgyoe.com

mgyoe.com

ကြီး၏ ကြိုးနီစနစ်များတွင် ရှုပ်ငြိရတော့သည်။

"ဘားမင်း ဟုတ်လား၊ ရှင် ကနေ့ ဆေးရုံကို လာရမယ်ဆိုတာ သေချာရဲ့လား"

အလွန်အကျွံ မွမ်းမံပြင်ဆင်ထားသော စာရေးမက မေးသည်။ သူမ၏ လက်သည်းများကို အနက်ရောင် ဆိုးထားသည်။

"ဟုတ်ကဲ့၊ သေချာပါတယ်"

ဘားမင်းက ပြန်ပြောလိုက်သည်။ သူက လက်သည်းအနက်များကို ကြည့်ပြီး အံ့သြနေသည်။

"ဟုတ်လား၊ ဒါပေမဲ့ ကျွန်မမှာ ရှင့်အတွက် ဖိုင် မရှိသေးဘူး။ ကျွန်မမှာ တခြား လူနာတွေလည်း ရှိသေးတယ်။ ရှင် ခဏ ထိုင်စောင့်ပါဦး။ တော်တော်ကလေး ကြာလို့ရှိရင် ဆေးရုံတက်ရမယ့် လူနာသစ်တွေကို ခေါ်မယ်။ အဲဒီတော့မှ ရှင့်ကိစ္စ လုပ်ကြတာပေါ့"

ယင်းသို့ဖြင့် ရှောင်ဘားမင်း ဆေးရုံတက်ရောက်ရာတွင် ကြုံတွေ့ရသည့် ပြဿနာ အဝဝ စတင်ချေတော့သည်။ သူ ထိုင်ပြီးစောင့်သည်။ နာရီလက်တံရှည်ကြီး တစ်ပတ်ပြည့်အောင် လည်ပြီးသွားသောအခါတွင်မှ ဘားမင်းကို လက်ခံသည်။

"ဓာတ်မှန် စာရွက်ပေးပါ"

ပိန်ပိန်သေးသေး ဓာတ်မှန်ပညာရှင်ကလေးက တောင်းခံသည်။ ဓာတ်မှန်ခန်းတွင် သူ့ကို ခေါ်ဆိုရန် မိနစ်လေးဆယ်တိတိ ဘားမင်း စောင့်ဆိုင်းခဲ့ရသည်။

"ကျွန်တော်မှာ ဓာတ်မန်စာရွက်မရှိဘူး"

ဘားမင်းက သူ့ကို ပေးလိုက်သော စာရွက်များကို တစ်ချက်ကြည့်ရင်း ပြန်ပြောလိုက်သည်။

"ခင်ဗျားမှာ စာရွက်ရှိရမယ်။ ဆေးရုံတက်တဲ့လူတိုင်း ဓာတ်မှန်စာရွက်ရှိတယ်"

"ကျွန်တော်မှာ မရှိဘူး"

"ရှိရမယ်"

"မရှိပါဘူး"
mgyoe.com

mgyoe.com


ဆေးရုံသို့ တက်ရောက်ရာ၌ ပြဿနာမျိုးစုံ အဖုံဖုံပေါ်ခဲ့ရသည် မှန်သော်လည်း ကောင်းသည့်အချက်လည်း တစ်ချက်ရှိသည်။ ယင်းမှာ အခြားမဟုတ်။ ဆေးရုံးတက်ရောက်ရေးအတွက် ရှုပ်ထွေးသော လုပ်ထုံးလုပ်နည်းများတွင် စိတ်မောနေရသည့်အတွက် ခွဲစိတ်ခံရမည့် အရေးကိုပင် မေ့လျော့နေခဲ့သည်။ သို့ရာတွင် သူ့အတွက် သတ်မှတ်ထားသောအခန်းသို့ ရောက်ရှိသောအခါတွင်ကား စေ့ထားတတ်သော တံခါးမှနေ၍ ညည်းညူသံသဲ့သဲ့များကို ကြားရသည်။ မိမိကိုယ်တိုင် ခွဲစိတ်ကုသခံရမည်ကို သတိရရှိတော့သည်။ ပတ်တီးစည်းနှောင်ထားသော လူနာများ၊ကိုယ်ခန္ဓာ ဟိုနေရာ ဒီနေရာတို့တွင် ပိုက်ကြီးများ တပ်ဆင်ထားသော လူနာများကို တွေ့မြင်ရသောအခါ ခွဲစိတ်ခံရမည့် အရေးကိုမည်သို့မျှ လျစ်လျူရှု မေ့လျော့ထားရန် မရနိုင်တော့ပါချေ။ ဆေးရုံကြီးပေါ်သို့ ရောက်ရှိပြီးသည့် နောက်ပိုင်းတွင်ကား စိတ္တဗေဒနည်းအရ ငြင်းဆန်ခြင်းသည် မည်သို့မျှ အကျိုးသက်ရောက်ခြင်း မရှိတော့ပါ။

သည်အခါတွင် ဘားမင်း နည်းဗျူဟာ ပြောင်းသည်။ စိတ်ပညာ ပါရဂူများ၏ အခေါ်အရ တုံ့ပြန်ခြင်း ဟူသောနည်းကိုသုံးသည်။ မကြာမီ တွေ့ကြုံရတော့မည့် ခွဲစိတ်ကုသမှုကို ပေါ့ပေါ့ဆဆ သဘောထားရှိသည်။

"ကျွန်မက ဓာတ်စာပညာရှင်ပါ။ ရှင်ကြိုက်နှစ်သက်တဲ့ အစားအစာတွေအကြောင်း ဆွေးနွေးကြရအောင်"

တံခါးကို ခပ်ဆတ်ဆတ် ခေါက်ပြီးနောက် အခန်းတွင်းသို့ဝင်လာသော မိန်းမဝဝကြီးတစ်ယောက်က ပြောသည်။ သူမ၏ လက်ထဲတွင် စာရွက်များ ညှပ်ထားသော ကလစ်ဘုတ်တစ်ခု ပါရှိသည်။ သူမက ဆက်၍...

"ရှင် ဆေးရုံတက်တာ ခွဲစိတ်ကုသဖို့ မဟုတ်လား"

"ခွဲစိတ်ကုသဖို့ ဟုတ်လား"

ဘားမင်း ပြုံးလိုက်သည်။

"ဟား ...ဟုတ်တာပေါ့။ ကျုပ်က တစ်နှစ်ကို တစ်ခါလောက် ဆေးရုံတက်ပြီး ခွဲစိတ်ကုသတယ်။ ဒါကျုပ်ရဲ့ဝါသနာပဲ" ဓာတ်စာပညာရှင်၊ ဓာတ်ခွဲခန်းပညာရှင်အားလုံးပင် ဘားမင်း၏ကမောက်ကမ ပြောဆိုခြင်းများကို ခံကြရသည်။

ယင်းသို့ဖြင့် ဘားမင်း၏ တုံ့ပြန်ခြင်း နည်းဗျူဟာသည် အတိုင်းအတာ

mgyoe.com

mgyoe.com


တစ်ခုအထိ အောင်မြင်သည်။ ခွဲစိတ်ကုသရမည့် နံနက်ခင်းအထိ အောင်မြင်သည်။ သည်ကနေ့နံနက် ခြောက်နာရီခွဲတွင် စကြံလမ်းတစ်လျှောက်မှ တွန်းလှည်းသံများကြောင့် ဘားမင်း အိပ်ရာမှ နိုးလာသည်။ သူကြိုးစားပြီး ပြန်အိပ်သည်။ မရတော့။ သူ စာဖတ်သည်။ မရပါ။ တရွေ့ရွေ့ တအိအိဖြင့် အချိန်များကုန်ဆုံးရသည်။ ခွဲစိတ်ကုသရန် သတ်မှတ်ထားသော ၁၁ နာရီ အချိန်ကာလဆီသို့ ပင်ပန်းကြီးစွာ ကုန်ဆုံးသွားရောက်နေရသည်။ သူ့ဗိုက်ထဲတွင် အစာမရှိသဖြင့် တဂွီဂွီ အော်မြည်လျက်ရှိသည်။

နံနက် ၁၁ နာရီ ၅ မိနစ်အချိန်တွင် သူ၏ အခန်းတံခါးပွင့်သွားသည်။ သူ၏ သွေးခုန်နှုန်း လိုက်လိုက်ခုန်သွားသည်။ ဆရာမတစ်ယောက် ပျာယီးပျာယာ ဝင်ရောက်လာသည်။

"မစ္စတာဘားမင်း ခွဲစိတ်ဖို့ နောက်ကျလိမ့်မယ်"

"နောက်ကျမယ် ဟုတ်လား၊ ဘယ်လောက် နောက်ကျမှာလဲ"

ဘားမင်း တတ်နိုင်သမျှ ကြိုးစားပြီး ယဉ်ကျေးစွာ မေးလိုက်သည်။ စိတ်ဆန္ဒဇောက မောရချေပြီ။

"မပြောနိုင်ဘူး၊ နာရီဝက် တစ်နာရီ"

ဆရာမလေး ပခုံးတွန့်လိုက်သည်။

"ဘာလို့ နောက်ကျတာလဲ၊ ကျုပ်ဆာလှပြီ။"

တကယ်တော့ သူ မဆာပါ။ စိတ်မောနေသည်။

"လုပ်စရာတွေ ရှိနေသေးလို့ပဲ။ ခဏနေရင် ကျွန်မ ပြန်လာခဲ့မယ်။ မခွဲစိတ်ခင် သောက်ရမယ့်ဆေးတွေ ပေးမယ်၊ စိတ်အေးအေးထားပြီး နေပါ"

ဆရာမလေး ထွက်သွားသည်။

ဘားမင်း ပါးစပ်အဟောင်းသားနှင့် ကျန်ရစ်သည်။ မေးခွန်းတစ်ခုကို မေးမည့်တန်းလန်းနှင့် ကျန်ရစ်သည်။ မေးခွန်း အထောင်အသောင်း မေးချင်သည်။ စိတ်အေးအေးထားပြီး နေပါတဲ့။ မလွယ်လိုက်တာ။

တကယ်တော့ကား ဘားမင်းသည် ဆူဆန် မလာရောက်မီကာလအထိ ဇောချွေးတွေ ပြန်ခဲ့ရသည်။ အချိန်မြန်မြန် ကုန်ပါစေဟု စိတ်အစောကြီး စောခဲ့ရသည်။ စိတ်အမောကြီး မောခဲ့ရသည်။ သူ ဤမျှ စိတ်မောနေရခြင်းသည် ခွဲစိတ်ရမည့်အရေးကြောင့်လားဟု စောကြောမိသည်။ ခွဲစိတ်ရမည့်

mgyoe.com

mgyoe.com

အရေးကြောင့်ဆိုလျှင် သူသည် တစ်ကြိမ်တစ်ခါမျှ ခွဲစိတ်ကုသခြင်း မခံခဲ့ရဖူး၍ ဖြစ်သည်။ နာရကျင်ရမည်ကို ဘားမင်း ကြောက်သည်။ ဆရာဝန်ပြောထားသည့်အတိုင်း သူ့ခြေထောက်ကို ကိုးဆယ့်ရှစ်ရာခိုင်နှုန်း ပြန်ကောင်းမလာမည်ကိုစိုးရိမ်သည်။ သူ့ခြေထောက်ကို ခွဲစိတ်ကုသပြီး နောက်ရက်ပေါင်းများစွာ ကြာသည့်တိုင် ပလတ်စတာ ကိုင်ထားမည်ကို ပူပန်သည်။ မေ့ဆေးပေးမည်ကို သူမကြောက်ပါ။ မေ့ဆေး မပေးမည်ကိုသာ စိုးရိမ်သည်။ ထုံဆေးလောက်နှင့် ခွဲစိတ်မည်ကို မလိုပါ။ တစ်ခါတည်း ဘာမှမသိသည်က ကောင်းသည်။

ခွဲစိတ်ကုသမှုကြောင့် ဘာဘာညာညာ ဖြစ်သွားမည်ကိုလည်း ဘားမင်း မစိုးရိမ်။ မတော်တဆ သေဆုံးသွားနိုင်သည်ကိုလည်းမပူပန်။ သူကငယ်ရွယ်သေးသည်။ ကျန်းမာရေးကောင်းမွန်သည်။ ဘာဘာညာညာဖြစ်မည်ကို စိုးရိမ်ခဲ့လျှင် သူသည် ခွဲစိတ်ကုသသင့်၊ မကုသသင့်ကို အပြန်ပြန် အလှန်လှန် စဉ်းစားမည်။ သစ်တောကိုမကြည့်ဘဲ သစ်ပင်များကို ကြည့်တတ်သည့်အလေ့မှာ ဘားမင်း၏ အမှားတစ်ခုပင်ဖြစ်သည်။ တစ်ကြိမ်က သူသည် ဗိသုကာပညာဆိုင်ရာ ဆုရရှိမည့် အဆောက်အအုံတစ်ခုကို ပုံစံရေးဆွဲခဲ့သည်။ သို့သော် ထိုအဆောက်အအုံသည် ပတ်ဝန်းကျင်နှင့် မသင့်လျော်ဟုဆိုကာ မြို့တော်ကောင်စီအဖွဲ့က ပယ်ချခဲ့သည်။ ကံကောင်းထောက်မသဖြင့် အထူးဆောင်ရှိ နန်စီဂရင်းလေး၏ စိုးရွံ့ဖွယ်ရာ အဖြစ်အနေကို ဘားမင်း မသိရှိချေ။

ဆူဆန်ပိုးလားသည် ဘားမင်းအဖို့ ညအမှောင်ထဲက ငွေကြယ်ပွင့်ပင်ဖြစ်သည်။ အင်မတန် စိတ်ချောက်ချားတုန်လှုပ်နေသည့်ကာလတွင် သူ့စိတ်ကို ငြိမ်းအေးစေရန် ရုတ်တရက် ပေါ်လာသော နတ်မိမယ်ကလေးပင် ဖြစ်သည်။ တကယ်တော့ ဆူဆန်ပိုးလားသည် ထိုမျှပင် မကပါ။ ဘားမင်းသည် ကနေ့မနက်အဖို့ သူ့ဒူးခေါင်းကို ခွဲစိတ်ကုသမည့်အကြောင်း ကိစ္စများအပြင် အခြားတွေးတောစဉ်းစားစရာများ ရရှိရတော့သည်။ ဆူဆန် ပြောသွားသောစကားများကို သူအမှတ်ရနေသည်။ အလေးအနက် စဉ်းစားနေသည်။ ဆူဆန်၏ လုပဆွဲဆောင်မှုကြောင့်ပင်လော သို့မဟုတ် သူမ၏ စူးရှထက်မြက်မှုကြောင့်ပင်လော၊ သို့မဟုတ် သူကိုယ်တိုင်၏ ခံစားမှုကြောင့်ပင်လော၊ မပြောတတ်။ ဘားမင်းသည် ခွဲစိတ်ခန်းသို့ ဓာတ်လှေကားနှင့် ဆင်းသွားရာ
mgyoe.com

mgyoe.com


သည့်ကာလတွင် များစွာမှပင် စိတ်ပေါ့ပါး သွက်လက်လျက်ရှိသည်။ မီးစိစတန်းထိုးပေးလိုက်သော ဆေးကလည်း တန်ခိုးအာနိသင် ရှိပုံရသည်။

"ခွဲစိတ်ခန်းကို သွားတဲ့လူတွေအများကြီးပဲ တွေ့လား"

အထပ် ၂ ဆီသို့ ဓာတ်လှေကား ဆင်းသွားနေစဉ်တွင် ဘားမင်းက ဆေးရုံအလုပ်သမားကို ပြောလိုက်သည်။ ဘားမင်းသည် တွန်းလှည်းပေါ်တွင် ပက်လက်ရှိနေသည်။ သူ့လက်များက ခေါင်းအောက်တွင် ဖြစ်သည်။

"ဟုတ်တယ်"

အလုပ်သမားက စိတ်မပါဟန်ဖြင့် ပြန်ပြောသည်။ သူ့လက်သည်းများကို သန့်ရှင်းအောင် လုပ်နေသည်။

"ခင်ဗျား ဒီမှာ ခွဲစိတ်ခံဖူးသလား"

ဘားမင်းက တည်ငြိမ်မှုနှင့်လေးလံမှုတို့ကို ခံစားနေရာမှ မေးလိုက်သည်။

"ဟင့်အင်း ... ကျွန်တော်မှာ ဒီမှာ တစ်ခါ မခွဲစိတ်ဖူးဘူး"

ဓာတ်လှေကား အထပ် ၂ တွင် တုံ့ရပ်သွားသောအခါ အလုပ်သမားသည် ဓာတ်လှေကားရှိ အထက်ကြမ်းပြင်ကို ကြည့်ရင်း ပြန်ပြောသည်။

"ဘာဖြစ်လို့လဲ"

ဘားမင်းက ထပ်မေးသည်။

"မြင်ရ တွေ့ရဖန် များလွန်းလို့ပဲ"

ဘားမင်း၏လှည်းကို အပြင်သို့ တွန်းထုတ်သွားရင်း သူ ဖြေသည်။

သူ၏လှည်းကို လူနာများထားသော နေရာတွင် ရပ်ထားလိုက်သော အခါတွင်ကား သူသည် အတော်ကလေးပင် မူးယစ်ထုံမှိုင်းချေပြီ။ ဒေါက်တာနော်မင်ဂွတ်မင်း၏ ညွှန်ကြားချက်အရ သူ့ကိုထိုးပေးသောဆေးမှာ တစ်စီစီအင်နိုဗာဖြစ်သည်။ အထူးပင် အစွမ်းထက်သော မေ့ဆေးတစ်မျိုး ဖြစ်သည်။ ဘားမင်းက သူ့နံဘေးရှိ အမျိုးသမီးတစ်ယောက်ကို စကားပြောရန် ကြိုးစားသည်။ သို့သော် သူ့လျှာလေးနေသည်။ သူက စကားပြော၍မရသည့်အတွက် ရယ်လိုက်သည်။ သူ့အနီးမှ ဖြတ်သွားသော ဆရာမကလေးတစ်ယောက်ကို သူလှမ်းဆွဲလိုက်သည်။ လွဲသွားသည်။ သူ ရယ်လိုက်ပြန်သည်။ အချိန်ကို သူသတိမပြုမိတော့။ သူ၏ဦးနှောက်သည် ဖြစ်ပျက်သည်များကို မမှတ်သားနိုင်တော့။

mgyoe.com

mgyoe.com

ခွဲစိတ်ခန်း အတွင်း၌ကား အခြေအနေများ အားလုံး ကောင်းမွန်လျက် ရှိသည်။ ဆရာမ ပင်နီအိုရီလေးသည် အားလုံး သန့်ရှင်းပြီးပြီ။ ခွဲစိတ်ခန်း ဝတ်ရုံဝတ်ဆင်ပြီး အငွေ့တထောင်းထောင်းထနေသော ခွဲစိတ်ကိရိယာ ဗန်းကို ယူလာပြီး ခွဲစိတ်စင်ပေါ်တွင် တင်ထားသည်။ ခွဲစိတ်ကိရိယာများ ကို လက်ကမ်းပေးရသော ဆရာမ မေရီအဗ္ဗရူဘီသည် လေသွင်းထားသော စည်းကြိုးတစ်ခုကို ရွေးချယ်ပြီး အခန်းတွင်းသို့ ယူလာသည်။

"နောက်တစ်ယောက်ပဲ ခွဲရတော့မယ် ဒေါက်တာဂွတ်မင်း"

ဆရာမ မေရီက ခွဲစိတ်ခုတင်ကို တွန်းလှည်းနှင့်ညီအောင် မြှင့်တင်နေရင်းမှ ပြောလိုက်သည်။

"သိပ်ဟုတ်တာပေါ့"

ဒေါက်တာဂွတ်မင်း သွေးကြောသွင်းဆေးရည်များကို ပိုက်အတွင်းမှ အနည်းငယ် ထုတ်ပစ်ရင်း ပြန်ပြောသည်။

"ဒီကေ့စ်ကတော့ မြန်ပါလိမ့်မယ်။ ဒေါက်တာစပေါလစ်ဆိုတာကလည်း ခွဲစိတ်တဲ့နေရာမှာ အင်မတန်မြန်တဲ့ ဆရာဝန်တစ်ယောက်၊ လူနာကလည်း ကျန်းမာသန်စွမ်းတဲ့ လူရွယ်တစ်ယောက်၊ တစ်နာရီဆိုရင် ကျုပ်တို့ ဒီက သွားကြရုံပဲ"

ဒေါက်တာ နော်မင်ဂွတ်မင်းသည် ဤဆေးရုံကြီးတွင် အမှုထမ်းခဲ့သည်မှာ ရှစ်နှစ်မျှ ရှိချေပြီ။ သူက ဆေးတက္ကသိုလ်တွင်လည်း တွဲဖက်ကာ တာဝန်ထမ်းဆောင်ရသည်။ ဟီလ်မင်အဆောက်အအုံ၏ စတုတ္ထထပ်တွင် သူ၏ ဓာတ်ခွဲခန်းရှိသည်။ သူ၏ ဓာတ်ခွဲခန်းတွင် မျောက်တွေ အမြောက်အမြား ရှိသည်။ သူ၏ ရည်ရွယ်ချက်မှာ ဦးနှောက်ကို ထိန်းချုပ်နိုင်သော မေ့ဆေး သစ်တစ်မျိုး တီထွင်ရန် ဖြစ်သည်။ သူ၏တွေ့ရှိချက်တစ်ခုမှာလည်း အတော် ကလေး အောင်မြင်နေပြီ ဖြစ်သည်။ စိတ်ရှည်ရှည်နှင့် စနစ်တကျ အဆင့်ဆင့် ဆက်လက်စမ်းသပ်သွားရန်သာ ရှိတော့သည်။ လက်ရှိ အခြေအနေတွင်မူ ယခင် နည်းဟောင်းများကိုသာ အသုံးပြုရပေဦးမည်။

"တောက် ... မေရီရေ၊ လေပြွန်သွင်းပိုက် မေ့ကျန်ခဲ့တယ်။ မေ့ဆေး ခန်းကို ပြေးသွားပြီး ပိုက်နံပါတ်ရှစ်ကို ယူခဲ့စမ်းပါ"

ဒေါက်တာဂွတ်မင်း ခါးဆန့်ပြီး ပြောလိုက်သည်။

mgyoe.com

mgyoe.com


"ဟုတ်ကဲ့ရှင်"

မေရီ အခန်းတွင်းမှ ပျောက်ကွယ်သွားသည်။

ဒေါက်တာဂွတ်မင်းသည် ဓာတ်ငွေ့ပိုက်လိုင်းများကို ရွေးချယ်ပြီး နိုက်ထရပ်အောက်ဆိုဒ်နှင့်အောက်ဆီဂျင်အပေါက်များတွင် ထိုးတပ်သည်။

ရှောင်ဘားမင်းသည် သည်နေ့အတွက် ဒေါက်တာဂွတ်မင်း၏ စတုတ္ထနှင့် နောက်ဆုံးလူနာပင် ဖြစ်သည်။ ဒေါက်တာဂွတ်မင်းသည် လူနာသုံးဦးကို ချောမောစွာ မေ့ဆေးပေးခဲ့ပြီ ဖြစ်သည်။

ကိုယ်အလေးချိန် နှစ်ရာခြောက်ဆယ့်ခုနှစ်ပေါင်ရှိသော လေပွနေသည့် အမျိုးသမီးနှင့် ပတ်သက်၍သာ ပြဿနာ အနည်းငယ် ရှိခဲ့သည်။ သူမတွင် သည်းခြေကျောက်များ ရှိသည်။ ဧရာမ ကိုယ်ခန္ဓာကြီးကို မေ့ဆေး အများကြီးပေးရသည့်အနက် ဒေါက်တာဂွတ်မင်း အနည်းငယ် ရင်လေးသည်။ မေ့ဆေးပြန်ဖြေရသည့်အလုပ်က မလွယ်တတ်။ သို့သော် စိုးရိမ်သလို ဘာမှ မဖြစ်ခဲ့ပါ။ အချိန်အကြာကြီး ခွဲစိတ်ခဲ့ရသော်လည်း မေ့ဆေးပြယ်သောအခါတွင် လျင်မြန်စွာပင် ပြန်လည် နိုးကြားခဲ့သည်။

နောက်ထပ် ခွဲစိတ်မှု နှစ်ခုကလည်း လုပ်ရိုးလုပ်စဉ်များ ဖြစ်သည်။ တစ်ခုက သွေးပြန်ကြောခြစ်ခြင်း၊ တစ်ခုက လိပ်ခေါင်းဖြတ်ခြင်း။

ဒေါက်တာဂွတ်မင်း အတွက် နောက်ဆုံးလူနာက ဘားမင်းဖြစ်သည်။ ညာဘက်ဒူးခေါင်းကို ဖောက်ကုရန် ဖြစ်သည်။ ဒေါက်တာဂွတ်မင်းသည် သူ၏ ဓာတ်ခွဲခန်းသို့ နောက်အကျဆုံး ၁ နာရီ ၁၅ မိနစ်တွင် ပြန်လည် ရောက်ရှိမည်ဟု မှန်းဆသည်။ တနင်္လာနေ့တိုင်းသည် သူ့အတွက် ကံကောင်းသော နေ့ရက်များ ဖြစ်သည်။ သူ၏ ဓာတ်ခွဲခန်းတွင် သုတေသနပြုချိန် လုံလောက်စွာ ရရှိသည်။ သူက ဆေးရုံတွင် မေ့ဆေးပေးရသည့် အလုပ်ကို ငြီးငွေ့သည်။ သည်အလုပ်က လွယ်သည်။ လုပ်ရိုးလုပ်စဉ် ဖြစ်သည်။ ပျင်းစရာကောင်းသည်။

တနင်္လာနေ့ နံနက်များတွင် သူ လုပ်နိုင်တာ တစ်ခုပဲ ရှိသည်။ သူ့ဦးနှောက်ကို အစာကျွေးသည့်အနေ လုပ်ငန်းဆိုင်ရာ နည်းဗျူဟာများကို ပြောင်းလဲကြည့်သည်။ ထိုင်ပြီး ပျင်းနေရသည့်အစား စဉ်းစားတွေးတောသည်။

mgyoe.com

mgyoe.com


အကယ်၍ ရှောင်ရမည့်အခြေအနေ တစ်စုံတစ်ရာ မရှိခဲ့လျှင် သူက မေ့ဆေးကို မှုတ်ပေးသည်။ အဓိပ္ပာယ်က မေ့ဆေး တစ်မျိုးတည်းမပေး၊ လိုအပ်သည့် အနေအထားကိုကြည့်ပြီး မေ့ဆေး သုံးလေးမျိုးကို ညီမျှအောင် ချိန်ဆပြီး ပေးသည်။ နျူရိုလက်မေ့ဆေးကို သူအနှစ်သက်ဆုံးဖြစ်သည်။ သည်မေ့ဆေးက သူလိုချင်သော မေ့ဆေးပုံစံများအတွက် လမ်းညွှန်ချက် ဖြစ်သည်။

မေရီအဗ္ဗရှာဘီ လေပြွန်သွင်းပိုက်ကိုယူပြီး ပြန်လည်ရောက်ရှိလာသည်။

"မေရီရေ ညည်းက တကယ်ချစ်စရာကောင်းတာပဲကွယ်။ တို့အားလုံး အဆင့်သင့် ဖြစ်ပြီနဲ့ တူတယ်။ လူနာကိုခေါ်ခဲ့တော့မလား"

သူက သူ၏ပြင်ဆင်ထားမှုများကို စစ်ဆေးရင်း ဆရာမလေးကို ပြောလိုက်သည်။

"ဟုတ်ကဲ့ ခေါ်ခဲ့မယ်၊ ဒီကေ့စ်ပြီးမှ မနက်စာ စားရတော့မှာပဲ"

မေရီအဗ္ဗရှာဘီ အခန်းထဲမှ ဒုတိယအကြိမ် ထွက်သွားသည်။

ဘားမင်းတွင် သည်ဆေး သည်ဆေးကို မပေးအပ်ဟု ရှောင်ရမည့် အခြေအနေ တစ်စုံတစ်ရာ မရှိခဲ့လျှင် နျူရိုလက်မေ့ဆေးကို သူပေးချင်သည်။ သည်အတွက် ဒေါက်တာစပေါလစ်ကလည်း ဘာမှ ပြောမည် မဟုတ်ချေ။ များသောအားဖြင့် အရိုးကုဆရာဝန်များသည် မေ့ဆေးကိစ္စကို အရေးမထားကြချေ။ "ဘာမေ့ဆေးပဲဖြစ်ဖြစ် တားဆီးကြိုး စည်းလို့ရရင် တော်ပြီ" ဟုသာ ပြောတတ်ကြသည်။

နျူရိုလက်မေ့ဆေးသည် ညီမျှအောင် ချိန်ဆရသည့် နည်းဗျူဟာပင် ဖြစ်သည်။ လူနာကို နျူရိုလက် သို့မဟုတ် ဖြေသိမ့်ဆေး ပေးမည်။ ပြီးတော့ နာကျင်သက်သာဆေး သို့မဟုတ် အကျဉ်ပျောက်ဆေး ပေးမည်။ သည်ဆေးနှစ်ခုစလုံးက လူနာကို အလွယ်တကူ ပြန်ပြီး နိုးစေနိုင်သည်။ ဒေါက်တာဂွတ်မင်းအကြိုက်ဆုံး ဆေးများက ဒရော့ပါရီဒိုးနှင့် ဗင်တာနယ် တို့ ဖြစ်သည်။ သည်ဆေးများကို ပေးပြီးနောက် လူနာကို ပင်တိုသယ်ဖြင့် အိပ်ခိုင်းမည်။ ပြီးတော့ နိုက်ထရပ်အောက်ဆိုဒ်ဖြင့် ဆက်ပြီး အိပ်စေမည်။ ကျူရေရီသည် အရိုးတွယ် ကြွက်သားများကို ထုံစေပြီး ခွဲစိတ်ရာတွင် လွယ်ကူစေသည်။ သည်ဆေးများကိုပေးသည့် အတွင်းလူနာကိုတော့ ဂရု

mgyoe.com

mgyoe.com


တစိုက်ကြည့်ရှုရမည်။ ယင်းသို့ လုပ်ဆောင်ကြည့်ရှုရသည်ကို ဒေါက်တာ ဝွတ်မင်း သဘောကျသည်။ သူ့အဖို့ အလုပ်များလေလေ၊ အချိန်မြန်မြန်ကုန် လေပင် ဖြစ်သည်။

ခွဲစိတ်ခန်းတံခါးကို ဆေးရုံအလုပ်သမား တစ်ယောက်က တွန်းဖွင့် လိုက်ပြီး ဘားမင်း၏ လှည်းကို ဆရာမ မေရီနှင့်အတူ အခန်းနံပါတ်(က) အတွင်း တွန်းဝင်လာသည်။

"ဟောဒီမှာ ဒေါက်တာရဲ့ ကလေးကလေး၊ သူနှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်နေပြီ"

မေရီက ပြောလိုက်သည်။

ဘေးတန်းကို သူတို့ ဖြုတ်ချသည်။

"ကဲ မစ္စတာဘားမင်း၊ စားပွဲပေါ်ကိုပြောင်းဖို့ အချိန်တန်ပါပြီ"

မေရီက ဘားမင်း၏ ပခုံးကို ညင်သာစွာ ပုတ်ကာ ပြောလိုက်သည်။ သူက မျက်ခွံများကို တစ်ဝက်လောက် ဖွင့်ကြည့်သည်။

"ကျွန်မတို့ကို ကူညီပါ မစ္စတာဘားမင်း"

ဘားမင်းကို ခွဲစိတ်ခန်းစားပွဲပေါ်သို့ သူတို့ ခက်ခဲစွာ ရွှေ့တင်လိုက်ကြ သည်။ စားပွဲပေါ်တွင် ခပ်စောင်းစောင်းကလေး လဲလျောင်းပြီး ပိတ်စောင် အဖြူကလေးကို လည်ပင်းအထိ ဆွဲခြုံထားသော ဘားမင်းသည် သူ့အိမ် တွင် သူ နှစ်ခြိုက်စွာ အိပ်ပျော်နေသည့်ပမာ ဖြစ်သည်။

"ကဲ ကာလနဂါးကြီး ပက်လက်လှန်လိုက်ပါဦး"

ဆရာမ မေရီက သူ့ကို စားပွဲပေါ်တွင် ပက်လက်လှန်လိုက်ပြီး သူ၏ ညာဘက်လက်ကို အပြင်သို့ ဆွဲထုတ်လိုက်သည်။ ဘားမင်းသည် သူ့ကို သူတို့ ဘာတွေ လုပ်နေကြသည်ကို ဘာမှမသိတော့ဘဲ အိပ်ပျော်လျက် ရှိသည်။ သွေးအတွင်း မပျံ့ရန် စည်းနှောင်လိုက်သည့် တားဆီးကြိုးကို သူ၏ လက်ယာဘက်ပေါ်တွင် စည်းနှောင်လိုက်သည်။ သူ၏ လက်ယာ ဘက် ခြေဖနောင့်ကို ခွဲစိတ်ခုတင်ခြေရင်းရှိ ကြိုးကွင်းတွင် ချိတ်တင်ထား လိုက်သည်။ သူ၏ညာခြေတစ်ခုလုံး မြောက်ကြွလျက်ရှိသည်။ လက်ထောက် ဆရာဝန် တက်ကိုးလ်ဘတ်က ဘားမင်း၏ လက်ယာဒူးခေါင်းကို ခွဲစိတ်ရန် စတင် ပြင်ဆင်လျက်ရှိသည်။ ဒေါက်တာဝွတ်မင်း လုပ်ငန်းစချေပြီ။ အချိန်က

mgyoe.com

mgyoe.com


၁၂ နာရီ ၂၀၊ သွေးတိုးနှုန်းက ၁၁၀–၇၅၊ သွေးခုန် နှုန်းက ၇၂၊ ပုံမှန်။

ဒေါက်တာဂွတ်မင်းသည် အကိုင်ရ အတွယ်ရခက်သော ရောမပိုက်တံကြီး တစ်ခုဖြင့် သွေးကြောသွင်းခြင်း အလုပ်ကို စတင် လုပ်ဆောင်သည်။ အသားကိုဖောက်သည်မှ တိပ်ကြိုးဖြင့် ကပ်လိုက်သည်အထိ စက္ကန့်ခြောက်ဆယ်ပဲ ကြာသည်။

မေရီက နှလုံးမှတ်စက်ပိုက်ခေါင်းကို တပ်လိုက်သည်။ အခန်းထဲတွင် ရင်ခုန်သံ ပဲ့တင်လာသည်။

မေ့ဆေးပေးစက်မှာလည်း အဆင်သင့် ရှိနေပြီ ဖြစ်သဖြင့် ဒေါက်တာဂွတ်မင်းသည် ဆေးထိုးပြွန်ကို ပိုက်လိုင်းတစ်ခုတွင် စိုက်သွင်းလိုက်သည်။

"အိုး ... မစ္စတာဘားမင်း၊ သက်သောင့်သက်သာ နေပေတော့"

ဒေါက်တာဂွတ်မင်းက ဆရာမ မေရီကို ပြုံးကြည့်ရင်း ပြောလိုက်သည်။

ဒေါက်တာဂွတ်မင်းသည် ဘားမင်း၏ သွေးကြောအတွင်းသို့ အင်နိုဗာ ၆ စီစီ ထိုးသွင်းပေးသည်။ ဆေးအချိုးအစားမှာ မခွဲစိတ်မီ ကြိုတင်ထိုးပေးသည့် ဆေးအချိုးအစားအတိုင်းပင် ဖြစ်သည်။ ထို့နောက် ဒေါက်တာဂွတ်မင်းသည် လူနာ၏ မျက်ခွံတုံ့ပြန်မှုကို စစ်ဆေးကြည့်ရှုသည်။ လူနာသည် လုံး၀ဥဿုံ အိပ်ပျော်လျက် ရှိချေပြီ။ ယင်းသို့ဖြင့် ပင်တိုသယ်ပေးရန် မလိုအပ်တော့ဟု ဒေါက်တာဂွတ်မင်း ဆုံးဖြတ်လိုက်သည်။ ယင်းအစားနိုက်ထရပ်အောက်ဆိုဒ်နှင့် အောက်ဆီဂျင် ရောစပ်ထားသည်ကိုပေးရန် ရော်ဘာမျက်နှာဖုံးနက်ကြီးကို ဘားမင်း၏ မျက်နှာပေါ်တွင် ၀ဲတင်လိုက်သည်။ သွေတိုးနှုန်း ၁၀၅–၇၅၊ သွေးခုန်းနှုန်း ခြောက်ဆယ့်နှစ်၊ မှန်တမ်းပင်။

ဒေါက်တာဂွတ်မင်းသည် ဘားမင်းကို ဒီ–တူဘိုကျူရာရင်း ၀.၄၀ မီလီဂရမ် ထိုးပေးလိုက်သည်။ ခေတ်သစ်ဆေးပညာသည် ဤဆေးကို အမေဇုံမြစ်ဝှမ်းနေ တိုင်းရင်းသားများထံမှ ရရှိခဲ့ခြင်းဖြစ်သည်။ ဘားမင်း၏ ကိုယ်ခန္ဓာတွင် ကြွက်သားလှုပ်ရှားမှု အနည်းငယ် ဖြစ်ပေါ်သည်။ ထို့နောက် လုံး၀ငြိမ်သက်သွားသည်။ အသက်ရှုရပ်သွားသည်။ မေ့ဆေးပေးခြင်း လျင်မြန်ထိရောက်လှသည်။ ဒေါက်တာဂွတ်မင်းသည် လူနာ၏ ရင်ဘတ်တစ်ဖက်တစ်ချက်စီကို နားကြပ်ဖြင့်နားထောင်ရင်း လူနာ၏အဆုတ်များကို လေသန့်လှယ်အိတ်ဖြင့် လေရှူရှိုက်ဖောင်းပွစေသည်။ အဆုတ်နှစ်ခုစလုံးပင်

mgyoe.com

mgyoe.com


ညီညာစွာနှင့် ရှုရှိုက်ဖောင်းပွသည်။

လေသွင်းတားဆီးကြိုးကို စည်းနှောင်ပြီးသော အချိန်တွင် ဒေါက်တာစပေါလစ်သည် ခွဲစိတ်ခန်းအတွင်းသို့ ညင်သာသိမ်မွေ့စွာ ဝင်ရောက်လာသည်။ ထို့နောက် ခွဲစိတ်ခြင်း အမှုကို လျင်မြန်စွာ ပြုလုပ်သည်။ သူ၏ခွဲစိတ်မှုက ဟန်ပါလှသည်။ ဓားတစ်ချက် ဆွဲလိုက်ပုံက လှလှပပကလေးပင်ဖြစ်သည်။

ဆရာမကလေး ပင်နီသည် ကမ္ဘာကျော်ပန်းပုဆရာကြီးတစ်ဦး၏ဟန်ဖြင့် ခွဲစိတ်လျက်ရှိသော ဒေါက်တာစပေါလစ်ကို ကြည့်ရင်း မျက်လုံးကလေးများ ကလယ်ကလယ် ဖြစ်နေသည်။ သူမ အပြုံးလဲ့လဲ့ကလေးဖြင့် ဓားခုံးရှည်ကလေးကို ဒေါက်တာထံ ကမ်းပေးလိုက်သည်။

ဒေါက်တာစပေါလစ်က အသွားခုံးခုံးနှင့် ဓားကလေးကို လက်ထောက်ဆရာဝန်ထံသို့ ဆန့်တန့်ပေးလိုက်ပြီး...

"ဆီလိမ်းပါဦး"

လက်ထောက်ဆရာဝန်က ဓားသွားပေါ်သို့ ချောမောသောအရည်များသွန်းလောင်းပေးသည်။

ဒေါက်တာစပေါလစ်သည် ဓားခုံးကလေးကို ခွဲစိတ်ထားသော ဒူးခေါင်းအတွင်းသို့ ထိုးသွင်းလိုက်သည်။ ဒေါက်တာသည် ဒူးကိုမကြည့်ဘဲ မျက်နှာကြက်ဆီသို့မော့ကြည့်ရင်း ဓားကိုထိုးသွင်းလျက် ရှိသည်။ သူက လက်တွင်ထိတွေ့မှုဖြင့် ခွဲစိတ်နေခြင်း ဖြစ်သည်။ ဓားနှင့်ထိတွေ့သည့် အသံသဲ့သဲ့ကလေးများ ကြားနေရသည်။ ထို့နောက် ဆတ်ခနဲ ပြတ်သွားသံကြားရသည်။

"ဟုတ်ပြီ ... တရားခံတွေ့ပြီ"

ဒေါက်တာစပေါလစ်က အံကြိတ်ထားရင်း ပြောလိုက်သည်။

ထို့နောက် ဒေါက်တာစပေါလစ် ခွဲဖြတ်လိုက်သော အရိုးနုကလေးအပြင်သို့ ရောက်ရှိလာသည်။

ဒေါက်တာကိုးလ်ဘတ်သည် အရိုးနုကလေးကို ကြည့်ရာမှ ဆရာမကလေး ပင်နီထံသို့ ကြည့်လိုက်သည်။ သူတို့နှစ်ယောက်စလုံး ပြိုင်တူခေါင်းညိတ်လိုက်ကြသည်။ သည်အရိုးနုကလေးသည် ဒေါက်တာစပေါ

mgyoe.com

mgyoe.com

လစ် မျက်စိဖြင့် မမြင်တွေ့ရဘဲ မှန်းဆပြီး ခွဲစိတ် ထုတ်ယူလိုက်သော အရိုးနု ကလေးမှ ဟုတ်ပါစဟု အံ့ဩနေကြသည်။

ဒေါက်တာစပေါလစ်သည် သူ့ကိုယ်သူ ကျေနပ်ဟန်ဖြင့် ခွဲစိတ်စားပွဲ အနီးတွင် ရှိနေရာမှ နောက်သို့ ဆုတ်လိုက်သည်။ လက်နှစ်ဖက်မှ လက်အိတ်များကို ချွတ်လိုက်သည်။

"ကဲ. . . .ဒေါက်တာကိုးလ်ဘတ်ရေ ခင်ဗျား ချုပ်ဖို့ပဲ ရှိတော့တယ်။ ကျုပ် နားနေခန်းမှာ ရှိနေမယ်"

ဒေါက်တာစပေါလစ် အခန်းထဲမှ ထွက်သွားသည်။

ဒေါက်တာကိုးလ်ဘတ်သည် ခွဲစိတ်ထားသောနေရာကို အတန်ကြာမျှ ဟိုတို့တို့ သည်တို့တို့ လုပ်နေသည်။

"နောက်ထပ် ဘယ်လောက် ကြာဦးမလဲ"

မေ့ဆေးဆရာဝန် ဒေါက်တာဝွတ်မင်းက မေးလိုက်သည်။

ဒေါက်တာကိုးလ်ဘတ် မော့ကြည့်ပြီး...

"ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်ပေါ့"

ထို့နောက် သူသည် ညှပ်ဦးချွန်ဖြင့် ပင်နီထံမှ ကရိုမိယံကြိုးကို ယူလိုက်သည်။ သူက ကြိုးစဖြင့် ထိုးလိုက်သောအခါ ဘားမင်း တွန့်သွားသည်။ တစ်ချိန်တည်းမှာပင် ဘားမင်းကို လေအိတ်ဖြင့် အသက်ရှူပေးနေသော ဒေါက်တာဝွတ်မင်း တစ်စုံတစ်ခု သတိပြုလိုက်မိသည်။ ဘားမင်းသည် သူ့ဘာသာသူ အသက်ရှူရန် ကြိုးပမ်းလျက်ရှိသည်။ တစ်ဆက်တည်းမှာပင် သွေးတိုးနှုန်းသည် ၁၁၀-၈၀ သို့ တက်လာသည်။

"မေ့ဆေးပြယ်စပြုလာပြီ"

ဒေါက်တာကိုးလ်ဘတ်က ကြွက်သားလျှော့ ဆေးချယ်နေရာမှ ပြောလိုက်သည်။

"သူ့ကို ပီယဆေးကလေး နည်းနည်းထပ်ပေးလိုက်မယ်"

အင်နိုဗာ ထည့်ထားသော ဆေးထိုးပိုက်သည် သွေးကြောသွင်းပိုက်တွင် ထိုးစိုက်ထားဆဲပင် ရှိနေသဖြင့် ဒေါက်တာ ဝွတ်မင်းသည် လူနာကို အင်နိုဗာ တစ်စီစီ အပြည့်ထပ်ပြီး သွင်းပေးလိုက်သည်။ အင်နိုဗာ သွင်းပေးပြီးမှ သူမှား သွားပြီဟု ဒေါက်တာဝွတ်မင်း ယူဆလိုက်မိသည်။ ထိုဆေးလောက်သာ
mgyoe.com

mgyoe.com

သုံးဖို့ကောင်းသည်။ သွေးတိုးနှုန်း ချက်ချင်း ပြောင်းလဲသည်။ ၉၀–၆၀ သို့ရောက်သွားသည်။ သွေးခုန်နှုန်း တစ်မိနစ်လျှင် ၈၀ သို့တက်လာပြီး နောက် ၇၂ သို့ ပြန်ကျသွားသည်။

"အခြေအနေ ကောင်းသွားပြီ"

ဒေါက်တာဝွတ်မင်းက ပြောလိုက်သည်။

"ဟုတ်ပြီ၊ ကဲ ... ပင်နီရေ ဒူးဆက်ကို ချုပ်ရအောင် ခရိုမီယံကြိုးတွေ ပေးပေတော့"

ကိုးလ်ဘတ်က ပြောလိုက်သည်။

ထို့နောက် လက်ထောက်ဆရာဝန် ကိုးလ်ဘတ်သည် အဆစ်ကို ချုပ်ဆက်သည်။ အတွင်းကြွက်သားများကို ချုပ်သည်။ မည်သူမျှ စကားမပြောပါ။ ဆရာမ မေရီသည် အခန်းထောင့် တစ်ထောင့်တွင် ထိုင်ပြီး အိတ်ဆောင်ရေဒီယိုကလေးကို ဖွင့်သည်။ အခန်းတွင်းသို့ ရော့ခ်အင်ရိုး တေးသံကလေး တိုးသဲ့သဲ့ ပျံ့လာသည်။

ဒေါက်တာဝွတ်မင်းသည် မေ့ဆေးမှတ်တမ်းလွှာတွင် နောက်ဆုံး ရေးသွင်းချက်များကို စတင် ရေးသွင်းလျက်ရှိသည်။

ဒေါက်တာကိုးလ်ဘတ်သည် လူနာ၏ ဒူးပေါ်တွင် ကုန်းငုံ့နေရာမှ ခါးဆန့်လိုက်ပြီး ပြောလိုက်သည်။

"အရေပြားချုပ်ဖို့ကြိုး"

သူ့လက်တွင်းသို့ အပ်ဘူးထည့်လိုက်သည့်အသံ ထွက်ပေါ်လာသည်။ ဆရာမ မေရီသည် မျက်နှာတွင် စည်းထားသောအဝတ်ကို အောက်မှ လှန်ပြီး ချူးဝမ်းအသစ်လဲပါသည်။

အစပထမတွင်မူ ပြဿနာက အသက်ရှုသံတစ်ချက် တစ်ဝက်တစ်ပျက်တွင် ဆတ်ခနဲ တုံ့ဆိုင်းသွားခြင်းမျှသာ ဖြစ်သည်။ ထို့နောက် ခေတ္တမျှ ရပ်သွားသည်။ ဒေါက်တာဝွတ်မင်း၏ မျက်လုံးများ နှလုံးမှတ်စက်ဆီသို့ ရောက်သွားသည်။ လက်ထောက်ဆရာဝန်က ကြိုးထပ်တောင်းသည်။ ဒေါက်တာဝွတ်မင်းသည် နိုက်ထရပ်အောက်ဆိုဒ်များ ကင်းစင်သွားစေရန် အောက်ဆီဂျင်ပိုလွှတ်သည်။ မူမမှန်သော အသက်ရှုသံနှစ်ချက် ထပ်မံပြီး ပေါ်လာသည်။ နှလုံးခုန်နှုန်း တစ်မိနစ်လျှင် ၉၀ နှုန်းသို့ တက်လာသည်။

mgyoe.com

mgyoe.com

အသက်ရှုသံပြောင်းလဲသွားသည်ကို ဆရာမပင်နီ သတိပြုမိသဖြင့် ဒေါက်တာ ဝွတ်မင်းကို လှမ်းကြည့်သည်။ ဒေါက်တာဝွတ်မင်းလည်း သိရှိကြောင်း တွေ့ရသဖြင့် ပင်နီသည် သူမ၏လုပ်ငန်းကို ဆက်လက် လုပ်ဆောင်သည်။ လက်ထောက်ဆရာဝန်၏ လက်ထဲသို့ အနာချုပ်သည့် ကြိုးများကို တောင်း လာတိုင်း ထည့်ပေးသည်။ ဒေါက်တာ ဝွတ်မင်းသည် အောက်ဆီဂျင်စက်ကို ပိတ်လိုက်သည်။ အောက်ဆီဂျင် များလွန်းလျှင် နှလုံး ကြွက်သားများ ပြဿနာ ဖြစ်တတ်သည်။ သို့သော် အောက်ဆီဂျင် ပိတ်လိုက်ခြင်းမှာလည်း သူ့အမှားပင် ဖြစ်ကြောင်း ဒေါက်တာဝွတ်မင်း နောက်ပိုင်းတွင် ဝန်ခံသည်။ ဘားမင်း၏ အဆုတ်ကို ဖိသိပ်လေဖြင့် လှုပ်ရှားအောင်လုပ်သည်။ သို့တစေ လူနာသည် သူ့ဘာသာသူ အသက်မရှုပါချေ။

ပုံမမှန်သော နှလုံးခုန်ချက်များ ပြလာသည်။ ထိုအခါ ဒေါက်တာ ဝွတ်မင်း၏ နှလုံးသည် ချောက်ချားစွာ ခုန်လာရတော့သည်။ အကြောင်းမှာ ပုံမမှန်သော နှလုံးခုန်မှုများသည် နှလုံးရပ်ခြင်း၏ ရှေ့ပြေးနိမိတ်ဖြစ်တတ် ကြောင်းကို သူ ကောင်းစွာ သိရှိသောကြောင့်ပင် ဖြစ်သည်။ သွေးတိုးနှုန်း တိုင်းသည့် ကိရိယာပိုက်ကို ဆုပ်ညှစ်လျက်ရှိသော သူ့လက်များတုန်နေ သည်မှာ သိသာထင်ရှားလှသည်။ သွေးတိုးနှုန်းမှာ (၈၀–၅၅) ဖြစ်သည်။ အကြောင်းတစ်စုံတစ်ရာ မရှိဘဲနှင့် ကျဆင်းသွားခြင်းဖြစ်သည်။ ပုံမမှန်သော နှလုံးခုန်ချက်များ တက်လာသည်။ နှလုံးမှတ်စက် ကို ဒေါက်တာဝွတ်မင်း ကြည့်သည်။ နှလုံးခုန်သံ မြန်လာသည်ထက် မြန်လာသည်။ ဒေါက်တာ ဝွတ်မင်း၏ ဦးနှောက်ကို အရေးပေါ် အချက်ပေးနေခြင်းပင် ဖြစ်တော့သည်။ သူ့မျက်လုံးများ မေ့ဆေးပေးစက်ဆီသို့ ရောက်သွားသည်။ သူ့ခေါင်းထဲတွင် အဖြေကို အပြေးအလွှား ရှာဖွေနေသည်။ သူ့ရင်ထဲတွင် တလှပ်လှပ် ဖြစ်လာ သည်။ ဒေါက်တာဝွတ်မင်း တုန်လှုပ် ချောက်ချားလျက်ရှိချေပြီ။ တစ်စုံ တစ်ရာ မှားနေပြီ။ ပုံမမှန်သော နှလုံးခုန်ချက်များ ဆတက်ပွားနေသည်။ နှလုံးမှတ်စက်တွင် လျှပ်စစ်လှိုင်းပုံစံ လုံး၀ ပျက်ချေပြီတည်း။

"ဘာတွေ ဖြစ်နေတာလဲ"

ဒေါက်တာကိုးလ်ဘတ်က အနာကို ချုပ်နေရာမှ မော့ကြည့်ရင်း မေး လိုက်သည်။ ဒေါက်တာဝွတ်မင်း မဖြေပါ။ သူ၏တုန်ယင်သောလက်များက

mgyoe.com

mgyoe.com

ဆေးထိုးပိုက်ကို ရှာနေသည်။

"လစ်ဒိုကိန်း"

ဆရာမ မေရီကို သူ လှမ်းအော်သည်။ ဆေးထိုးအပ်ထိပ်တွင် ဖုံးအုပ်ထားသော ပလတ်စတစ်အဖုံးကလေးကို သူဆွဲဖြုတ်သည်။ မပြုတ်ပါ။

သူ အော်လိုက်ပြီး ဆေးထိုးပိုက်ကို နံရံဆီသို့ ဒေါသဖြင့် ပစ်ပေါက်လိုက်သည်။ နောက်ထပ် ဆေးထိုးပိုက်တစ်ခုကို ယူပြီး ဆယ်လိုဖိန်းအပေတ်ကို ခွာလိုက်သည်။ ဒီတစ်ကြိမ်တွင်မူ အပ်ဖုံးကို သူဖြုတ်၍ ရသွားသည်။

ဆရာမ မေရီက လစ်ဒိုကိန်းပုလင်းကို အဆင်သင့် ကိုင်ထားပေးသည်။ သို့သော် သူ့လက်များ တုန်နေသဖြင့် ပုလင်းတွင် အပ်စိုက်၍ မရဘဲရှိနေသည်။ နောက်ဆုံးတွင် ဒေါက်တာဂွတ်မင်းသည် ဆေးပုလင်းကို သူမ၏ လက်မှ ဆွဲယူလိုက်ပြီး အပ်ဖြင့် ထိုးစိုက်လိုက်သည်။

"ဘုရားသခင်၊ ဒီသတ္တဝါ နှလုံးရပ်တော့မယ်"

ဒေါက်တာကိုးလ်ဘတ်က မယုံကြည်နိုင်စွာဖြင့် ပြောလိုက်သည်။ နှလုံးမှတ်စက်ကို သူ ငေးကြည့်နေသည်။ အနာချုပ်သည့်အပ်က သူ၏လက်ယာဘက်လက်တွင် ရှိနေဆဲ ဖြစ်သည်။ သူ၏ လက်ဝဲဘက်လက်တွင် ညှပ်ချွန်ကိုင်ထားသည်။

ဒေါက်တာဂွတ်မင်းသည် ဆေးထိုးပိုက်အတွင်း လစ်ဒိုကိန်းဆေးများ စုပ်ယူလိုက်သည်။ ထို့နောက် ပုလင်းကို လွှတ်ချလိုက်ရာ ကြမ်းပြင်ပေါ်တွင် အစိတ်စိတ်မွှာမွှာ ကွဲသွားသည်။ ဒေါက်တာဂွတ်မင်းသည် ကတုန်ကယင်ဖြင့် ဆေးထိုးအပ်ကို သွေးကြောသွင်းပိုက် အတွင်းသို့ ထိုးသွင်းလိုက်သည်။ အပ်သည် ပိုက်ထဲသို့ မဝင်ဘဲ သူ၏ လက်ညှိုးကို ထိုးမိသည်။ သွေးများ စို့ထွက်လာသည်။ နောက်ဘက်ရှိ ထရန်စစ္စတာရေဒီယိုကလေးမှ ဂလင်းကင်းဘဲ၏အသံ ညိုးညံ့လျက်ရှိသည်။

သွေးကြောသွင်းပိုက်လိုင်း အတွင်းသို့ ဒေါက်တာဂွတ်မင်း လစ်ဒိုကိန်း မထိုးသွင်းရမီမှာပင် နှလုံးမှတ်စက်သည် ရုတ်ခြည်းဆိုသလို ပုံမှန် ပြန်ဖြစ်သွားသည်။ မူလကအတိုင်း နှလုံးခုန်သံ ပေါ်ထွက်လာသည်။ ဒေါက်တာဂွတ်မင်း မယုံကြည်နိုင်စွာဖြင့် ကြည့်လိုက်သောအခါ ပိတ်ကားပေါ်တွင် အီလက်ထရွန်နစ်လှိုင်းများ ပုံမှန် ပုံစံအတိုင်း ပေါ်ထွက်လျက်ရှိသည်ကို

mgyoe.com

mgyoe.com


တွေ့ရသည်။ ထိုအခါ ဒေါက်တာဂွတ်မင်းသည် လေသန့်လှယ်အိတ်ကို ညှစ်လိုက်ပြီး ဘားမင်း၏အဆုတ်များကို လှုပ်ရှားစေသည်။ သွေးတိုးနှုန်း (၁၀–၆၀) ဖြစ်လာသည်။ သွေးခုန်နှုန်း တစ်မိနစ်လျှင် ခုနစ်ဆယ်သို့ကျသွားသည်။ သူ၏နဖူးတွင် ချွေးသီးချွေးပေါက်များ ဖြစ်လာသည်။ နှာခေါင်းဆီသို့စီးကျလာပြီး မေ့ဆေးမှတ်တမ်းပေါ်သို့ ပေါက်ခနဲရောက်သွားသည်။ သူ၏နှလုံးခုန်နှုန်းသည် တစ်မိနစ်လျှင် တစ်ရာ၏ အထက်တွင် ဖြစ်သည်။ ဆေးရုံတွင် မေ့ဆေးပေးရသည့်လုပ်ငန်းသည် ပျင်းရိဖွယ်ရာ တစ်ခုမဟုတ်ကြောင်း ဒေါက်တာဂွတ်မင်း သဘောပေါက် သိရှိရတော့သည်။

"ဒါတွေက ဘယ်လိုဖြစ်တာလဲ"

ဒေါက်တာကိုးလ်ဘတ်က မေးလိုက်သည်။

"ကျုပ်လည်း မပြောတတ်ဘူး။ ကျုပ် သူ့ကို ပြန်ပြီးနိုးချင်တာပဲ"

ဒေါက်တာဂွတ်မင်းက ပြန်ပြောသည်။

"နှလုံးမှတ်စက်က တစ်ခုခု ဖြစ်သလား"

မေရီက အကောင်းဘက်မှ တွေးပြီး ပြောသည်။

ဒေါက်တာကိုးလ်ဘတ်သည် အနာကိုချုပ်၍ ပြီးသွားသည်။ သွေးအတွင်းမပြည့်ရန် စည်းနှောင်ထားသော တားဆီးကြိုးကို လေလျှော့လိုက်သည်။ ထိုအခါ လူနာ၏နှလုံးခုန်နှုန်း အနည်းငယ်တက်လာသည်။ ထို့နောက် ပုံမှန်သို့ ပြန်ရောက်သွားသည်။

ဒေါက်တာကိုးလ်ဘတ်သည် လူနာ၏ ခြေထောက်ကို ကျပ်စည်းလျက်ရှိသည်။ ဒေါက်တာဂွတ်မင်းက အသက်ရှူစက်ကိုကြည့်လျက် လူနာ၏အဆုတ်အတွင်းသို့ လေသွင်းပေးလျက်ရှိသည်။ နှလုံးခုန်နှုန်း ပုံမှန်အတိုင်းရှိနေသည်။ ဒေါက်တာဂွတ်မင်းသည် လူနာကို လေသန့် လှယ်ပေးရင်းနှင့် မေ့ဆေးမှတ်တမ်းတွင် အချက်အလက်များ မှတ်သားရေးသွင်းလျက်ရှိသည်။ ကျပ်စည်း၍ ပြီးသွားချိန်တွင် လူနာ သူ့ဘာသာ သူ အသက်ရှူ မရှူကို ဒေါက်တာဂွတ်မင်း ကြည့်သည်။ လူနာ အသက်မရှူပါ။ ဒေါက်တာဂွတ်မင်း လေသန့်လှယ်အိတ်ကို ညှစ်ပြန်သည်။ နာရီကိုကြည့်သည်။ ၁၂ နာရီ ၄၅ မိနစ်၊ လူနာကို ဖြေဆေးပေးရမလားဟု ဒေါက်တာဂွတ်မင်း စဉ်းစားသည်။ တစ်ချိန်တည်းမှာပင် လူနာကို ဆေးသိပ်မပေးချင်။ ဘားမင်းကိစ္စသည် ပုံမှန်

mgyoe.com

mgyoe.com


ကိစ္စတစ်ခု မဟုတ်ချေ။

ဘားမင်းသည် အသက်မရှူသည့်တိုင် မေ့ဆေးပြယ်သွားချေပြီလောဟု ဒေါက်တာဝွတ်မင်း စဉ်းစားသည်။ မျက်ခွံ၏ တုံ့ပြန်မှုကို စစ်ကြည့်ရန် သူဆုံးဖြတ်သည်။ မျက်ခွံလွှာ မည်သို့မျှ မတုံ့ပြန်ပါ။ ထိုအခါ ဒေါက်တာဝွတ်မင်းသည် မျက်ခွံကို ပွတ်သပ်ကာ ကြည့်မနေတော့ဘဲ မျက်ခွံကို ဖွင့်ကြည့်လိုက်သည်။ ထုံးစံအတိုင်းဆိုလျှင် ပင်တာနယ်သည် အခြား ပြင်းထန်သော မူးယစ်ထုံထိုင်းဆေးများနည်းတူပင် မျက်စိသူငယ်အိမ်ကို သေးငယ်စေသည်။ သို့ရာတွင် ဘားမင်း၏ မျက်ဆန်မှာ ပြူးကျယ်ကျယ် ရှိသည်။ မျက်ကွင်းတစ်ခုလုံး အပြည့်ပင် ဖြစ်သည်။ ဒေါက်တာဝွတ်မင်းသည် လက်နှိပ်ဓာတ်မီးငယ်ကလေးကိုယူပြီး ဘားမင်း၏မျက်စိကိုထိုးကြည့်သည်။ အလင်းရောင် တုံ့ပြန်သည်။ သို့သော် မျက်ဆန် လုံးဝ မလှုပ်ချေ။

ဒေါက်တာဝွတ်မင်းသည် မည်သို့မျှ မယုံကြည်နိုင်ဟန်ဖြင့် ထပ်မံပြီး စမ်းသည်။ ထပ်ဖန်တလဲလဲ စစ်သည်။ နောက်ဆုံးတစ်ကြိမ် စမ်းသပ်ပြီးနောက် ဒေါက်တာဝွတ်မင်း ခေါင်းမော့လိုက်သည်။ သူ့ပါးစပ်မှ စကားလုံးနှစ်လုံး ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

"ဘုရားသခင်"

■

mgyoe.com

mgyoe.com

တနင်္လာ၊ ဖေဖော်ဝါရီ ၂၃၊ နံနက် ၁၂ နာရီ ၃၄ မိနစ်။

ဆူဆန်ပိုးလားနှင့် ဆေးကျောင်းသား လေးယောက်တို့အဖို့ကား ဓာတ်လှေကားဆီသို့ အပြေးအလွှား သွားရသည့်အလုပ်မှာ သူတို့မျှော်လင့်ထားသော ဆေးရုံအတွေ့အကြုံတစ်ခုပင် ဖြစ်တော့သည်။ ယင်းသို့ တစ်ရှိန်ထိုး ပြေးလွှားကြရသည့်အတွက် ချောက်ချောက်ချားချားလည်း ဖြစ်ကြရသည်။

နယူးယောက်ကားမဂ္ဂဇင်း အဟောင်းများကို လှန်လှောရင်း မိမိ တွေ့ရမည့်ဆရာဝန်ကို စောင့်စားလျက်ရှိသော လူနာများသည် တဝုန်းဝုန်း တဒိုင်းဒိုင်း ပြေးသွားသော လူအုပ်ကြီးကြောင့် အထိတ်တလန့် ဖြစ်သွားကြပြီး ခြေထောက်များကို နောက်ဆုတ်ထားကြသည်။ အကျီအိတ်အတွင်းမှ ဖောင်တိန်များ၊ ဖောင်တိန်ဓာတ်မီးများ၊ နားကြပ်များနှင့် အခြား ဗြုတ်စဗျင်းတောင်းများ ထွက်မကျစေရန်အတွက် လက်နှင့်ဖိဆုပ်ပြီး ပြေးလွှားကြသူများကို သူတို့ တအံ့တဩ ငေးမောလျက်ရှိကြသည်။

လူနာတစ်ယောက်သည် မိမိအနီးမှ ဖြတ်သွားသော လူအုပ်ကြီးကို လွန်သွားသည်အထိ စောင်းလှည့်ပြီး လိုက်ကြည့်သည်။ ဆရာဝန်များ အရေးတကြီးကိစ္စရှိသဖြင့် ပြေးလွှားကြကြောင်း နားလည်သည်။ ဒီအတွက်တော့ လူနာများက သဘောကျသည်။ ဒီဆေးရုံက ထိပ်တန်းဆေးရုံကြီးဖြစ်သည်။

mgyoe.com

mgyoe.com


ဓာတ်လှေကားရုံသို့ ရောက်သောအခါ ပြဿနာ ဖြစ်ကြရသည်။ ဘဲလိုးက ခလုတ်ကိုထပ်တလဲလဲနှိပ်သည်။ သို့သော် ဓာတ်လှေကားသည် ထုံးစံအတိုင်းပင် တစ်ထပ်ပြီးမှ တစ်ထပ် တက်ရသည်။ တစ်ထပ်တွင် အေးဆေးစွာပင် လူတင်လူချလုပ်သည်။ အရေးပေါ်ကိစ္စများအတွက် ဖုန်းဆက်နိုင်ရန် ဓာတ်လှေကားအနီးတွင် တယ်လီဖုန်းရှိသည်။ ဘဲလိုးက စကားပြောခွက်ကို ကောက်ယူပြီး ဂဏန်းဒိုင်ခွက်ကို လှည့်သည်။ သို့သော် တစ်ဖက်မှ မထူးပါ။ ဒီဆေးရုံတွင် တယ်လီဖုန်းခေါ်လျှင် အနည်းဆုံး ငါးမိနစ်လောက်ကြာမှရသည်။

"အသုံးမကျတဲ့ ဓာတ်လှေကား"

ဘဲလိုးက ခလုတ်ကို ဆယ်ကြိမ်မြောက် နှိပ်လိုက်သည်။ သူ့မျက်လုံးများသည် ရိုးရိုးလှေကားထိပ်ရှိ အထွက်ဟူသော ဆိုင်းဘုတ်မှသည် ဓာတ်လှေကားရုံရှိ အထပ်ပြ ဇယားဆီသို့ ရောက်သွားသည်။

"လှေကားက ဆင်းကြမယ်"

ဘဲလိုးက အဆုံးအဖြတ် ပြုလိုက်သည်။

တစ်မုဟုတ်ချင်း ဆိုသလိုပင် သူတို့လှေကားဆီသို့ရောက်သွားကြသည်။ ဒသမထပ်မှ ဒုတိယထပ်သို့ တစ်ရှိန်ထိုး ကွေ့ပတ်ကာ ပြေးဆင်းသွားကြသည်။ အဆင်းလမ်းက ရှည်လျားလှသည်။ တစ်ထစ်ကျော် နှစ်ထစ်ကျော် ဆင်းကြသည်။ တစ်လျှောက်လုံး ဘယ်ဘက်ကို ကွေ့ကြရသည်။ တဖြည်းဖြည်းနှင့် အုပ်စုကွဲပြီး လူချင်း ပြတ်သွားသည်။ ဆဋ္ဌမထပ်ကို လွန်ခဲ့ပြီ၊ ပဉ္စမထပ်သို့ ရောက်ပြီ၊ စတုတ္ထထပ်သို့ ရောက်သောအခါ သူတို့အားလုံး နှေးသွားကြသည်။ မီးလုံးတစ်လုံးကျွမ်းပြီး မှောင်နေသော ကြောင့် ဖြစ်သည်။ မီးရောင်ရှိသောနေရာသို့ရောက်သောအခါတွင်မှ ယခင် အရှိန်အတိုင်း ဆင်းနိုင်ကြသည်။ ဖဲယားဝဲသား အရှိန်လျှော့လိုက်သည်။ သူ့ကို ဆူဆန် ဖြတ်ကျော်သည်။

"ငါတို့ ဘာပြုလို့ ဒီလို မျိုးပြေးနေကြရတာလဲ"

ဖြတ်ကျော်သွားသော ဆူဆန်ကို ဖဲယားဝဲသားက ပြောလိုက်သည်။

ဆူဆန်က သူမ၏မျက်နှာပေါ်တွင် ဝဲကျနေသော ဆံပင်များကို သပ်ပြီး လက်ယာဘက် နားရွက်နောက်သို့ ပို့လိုက်သည်။

mgyoe.com

"ဒေါက်တာဘဲလိုး ရှေ့ကနေ ပြေးနေသမျှတော့ ကျွန်မ နောက်ကလိုက်မှာပဲ။ ဘာဖြစ်တယ်ဆိုတာ ကျွန်မ ကြည့်ချင်တယ်။ ဒါပေမဲ့ ရှေ့ဆုံးကတော့ ကျွန်မ ရောက်မသွားချင်ဘူး"

ဖဲယားဝဲသားသည် ခပ်ဖြည်းဖြည်း ခပ်အေးအေးပင် ဆင်းတော့သဖြင့် မကြာခင် အတွင်းမှာပင် နောက်ဘက်တွင် ပြတ်ကျန်ရစ်ခဲ့သည်။ တတိယထပ်သို့ ဆူဆန် ရောက်ချိန်တွင် ဒုတိယထပ် အဆောင်တံခါးကို ဘဲလိုးက ထုရိုက်နေသံကြားရသည်။ သူက တံခါးဖွင့်ပေးရန် အသံကုန်ဟစ်အော်လျက်ရှိသည်။ သူ့အသံသည် လှေကားတစ်လျှောက်သို့ လွင့်တက်လာသည်။ နောက်ဆုံးအကွေ့သို့ ဆူဆန် ရောက်ရှိသွားချိန်တွင် ဒုတိယထပ် တံခါးပွင့်နေသည်ကို တွေ့ရသည်။ နိုင်းက သူမအတွက် တံခါးဖွင့်ပေးထားသဖြင့် ဒုတိယခန်းမဆောင် အတွင်းသို့ ဆူဆန် ရောက်ရှိသွားသည်။ လှေကားတစ်လျှောက်လုံး လက်ဝဲဘက်သို့ချည်း ကွေ့ပြီးဆင်းရသဖြင့် ဆူဆန် မူးနောက်လျက်ရှိသည်။ သို့သော် ရပ်နားခြင်းမပြုဘဲ ရှေ့မှသွားသူ များနောက်သို့ ထက်ကြပ်မကွာ လိုက်သွားသည်။ အထူးဆောင်အတွင်းသို့ ဆူဆန် ပြေးဝင်သွားသည်။

အထူးဆောင်သည် ယခင်အခါများကဲ့သို့ မှိန်လဲ့လဲ့ မဟုတ်တော့ဘဲ မီးရောင်များဖြင့် ထိန်လင်းလျက် ရှိသည်။ ကြမ်းအဖြူကြောင့်လည်း ပို၍လင်းလျက်ရှိနေသည်။ အခန်းထောင့် တစ်နေရာတွင်ကား အထူးဆောင် ဆရာမသုံးယောက်သည် နန်စီဂရင်းလေး၏ ရင်ဘတ်ကို ဖိနှိပ်လျက် ရှိကြသည်။ ဘဲလိုး၊ ကတ်တရိုက်၊ ရောဘတ်ရိတ်နှင့် ဆေးကျောင်းသားများသည် ခုတင်အနီးသို့ ဝိုင်းအုံ ရောက်ရှိသွားကြသည်။

"ဟိုး..."

ဘဲလိုးက နှလုံးမှတ်စက်ကို ကြည့်ရင်း အော်လိုက်သည်။

သွေးကြောများအတွင်း သွေးများ ပျံ့နှံ့စေရန်အတွက် ရင်ဘတ်ရိုးနှင့် ကျောရိုးအကြားရှိ နှလုံးသားကို လက်ဖြင့် ဖိနှိပ်ပေးနေသော ဆရာမသည် လက်ယာဘက် ခုတင်စွန်းတွင် ဒူးထောက်လျက် ရှိသည်။ နှလုံးမှတ်စက်တွင် ဖော်ပြနေသော လျှပ်စစ်လှိုင်းပုံစံသည် လုံးဝ မှားယွင်းလျက်ရှိသည်။

"သူ့ နှလုံးခုန်တာ မမှန်တော့ဘဲ နှလုံးကြွက်သားတွေ လေးမိနစ်လောက်

mgyoe.com

mgyoe.com

ခုန်လာတယ်။ ဒါနဲ့ ကျွန်မတို့ ဆယ်စက္ကန့်အတွင်းမှာ ရင်ဘတ်ကို စနှိပ်ကြတယ်"

ဆရာမ ရှာဝွတ်က နှလုံးမှတ်စက်ကို ကြည့်ရင်း အခြေအနေကို တင်ပြသည်။ ဘဲလိုးသည် ရုတ်ခြည်းဆိုသလိုပင် နန်စီဂရင်းလေး၏ လက်ယာဘက်သို့ ရောက်ရှိသွားသည်။ ထို့နောက် နှလုံးမှတ်စက်ကိုကြည့်လျက် လူနာ၏ ရင်ညွန့်ရိုးကို လက်သီးဆုပ်ဖြင့် ထုသည်။ အွတ်ခနဲ မြည်သံကြောင့် ဆူဆန် တွန့်သွားသည်။ နှလုံးမှတ်စက် ပုံစံပြောင်းလဲခြင်း မရှိပါ။ လူနာ၏ နှလုံးသားကို ဒေါက်တာဘဲလိုး ဖိနှိပ်သည်။

"ကတ်တရိုက်၊ ပေါင်ခြံမှာ သွေးခုန်နှုန်း စမ်းကြည့်စမ်းပါ"

ဘဲလိုးသည် နှလုံးမှတ်စက်ကို ကြည့်နေရာမှ မျက်လုံးလွှဲဖယ်ခြင်းမပြုဘဲ ပြောလိုက်သည်။ ထို့နောက်...

"ဒီဖိဗရီလေးတားကို ဂျူ ၄၀၀ တင်ပါ"

ဒေါက်တာဘဲလိုးက တစ်စုံတစ်ယောက်အား တိတိကျကျ မရည်ရွယ်ဘဲ ပြောလိုက်ခြင်းဖြစ်သည်။ ဆရာမတစ်ယောက်က လိုက်နာဆောင်ရွက်သည်။

ဆူဆန်နှင့်ဆေးကျောင်းသားလေးယောက် နောက်သို့ဆုတ်နေကြသည်။ ဒီပွဲတွင် သူတို့က ပွဲကြည့်သူများသာ ဖြစ်သည်။ သူတို့က တစ်စုံတစ်ရာ ဝင်ရောက်လုပ်ကိုင်လိုသော်လည်း သူတို့ရှေ့မှ အလောသုံးဆယ် ဖြစ်နေသော ကိစ္စတွင် သူတို့ ဘာမှ မလုပ်တတ်ပါ။

"သွေးခုန်နှုန်းကောင်းတယ်"

ဒေါက်တာကတ်တရိုက်က နန်စီဂရင်းလေး၏ ပေါင်ခြံကိုလက်တစ်ဖက်ဖြင့် ဖိထားရာမှ ပြောသည်။

"ဒီဥစ္စာမဖြစ်ခင် ဘာအရိပ်အမြွက် ပြသေးသလဲ၊ ဗြုန်းဆို တစ်ခါတည်း ဖြစ်သွားတာပဲလား"

ဘဲလိုးက လူနာ၏ နှလုံးသားကိုဖိနှိပ်နေရာမှ မေးလိုက်သည်။ ဆရာမ ရှာဝွတ်က...

"အရိပ်အမြွက် ပြတယ်ဆိုရုံကလေးပဲပြတယ်။ အသက်ရှုဖောက်လာပြီး နှလုံးခုန်နှုန်း မြန်လာတယ်။ နှလုံးရဲ့ ဟိုဘက်ခြမ်း ဒီဘက်ခြမ်း ဆက်သွယ်မှု ပျက်သွားတာကို လျှပ်စစ်မှတ်တမ်းမှာ မသိမသာလေး တွေ့ရတယ်"

mgyoe.com

mgyoe.com


ရှာဝွတ်က ဒေါက်တာဘဲလိုးကို နှလုံးလျှပ်စစ်မှတ်တမ်းစာရွက်ကိုပေးသည်။

"အဲဒီနောက်မှာ ဖြုန်းခနဲဆို နှလုံးအကျုံ့မျှားသွားပြီး နှလုံးကြွက်သားတွေ တုန်လာတော့တာပဲ"

"သူ့ကို ဘာပေးထားသေးသလဲ"

"ဘာမှ မပေးဘူး"

ရှာဝွတ် ဖြေသည်။ ဘဲလိုးက...

"ကောင်းပြီ။ သူ့ကို ဘိုင်ကာဗွန်နိတ် တစ်လုံးထိုးပေး၊ နောက်ပြီးတော့ အက်ပီနက်ဖရင် ဆယ်စီစီကို နှလုံးထိုးအပ်နဲ့စုပ်ယူပါ"

ဆရာမ တစ်ယောက်က လူနာကို ဘိုင်ကာဗွန်နိတ်တစ်လုံး ထိုးပေးလိုက်သည်။ နောက်တစ်ယောက်က ဆေးထိုးပိုက်ဖြင့် အက်ပီနက်ဖရင် စုပ်ယူရန် ပြင်ဆင်လျက်ရှိသည်။

"တစ်ယောက်က သွေးစစ်ဖို့ သွေးထုတ်ပါ"

ဘဲလိုးက ယင်းသို့ ပြောလိုက်ပြီးနောက် နှလုံးသားနှိပ်သည့်အလုပ်ကို ရိတ်သို့ လွှဲပေးသည်။ ထို့နောက် လူနာ၏ ပေါင်ခြံတွင် သွေးခုန်နှုန်းစမ်းကြည့်သည်။ ကျေနပ်သည်။

"ဒီလူနာအကြောင်း စောစောက အစည်းအဝေးမှာ ဒေါက်တာဘီးလင်း ပြောတဲ့ စကားအရဆိုရင် လူနာဟာ ခွဲစိတ်ခန်းမှာ ဖြစ်ခဲ့တဲ့အတိုင်း အခုပြန်ဖြစ်နေတာပဲ"

ဘဲလိုးက ဆရာမလက်မှ အက်ပီဖရင် ဆယ်စီစီ ဆေးထိုးပိုက်ကို ယူပြီး ပိုက်ထဲမှ လေများကို ကုန်အောင် ထုတ်နေရင်းမှ ပြောလိုက်သည်။

"တစ်ပုံစံတည်းတော့မဟုတ်ဘူး။ လူနာဟာ ခွဲစိတ်ခန်းမှာတုန်းက နှလုံးမတုန်ဘူး"

ရိတ်က နှိပ်နေရာမှ ပြန်ပြောသည်။

"လူနာ နှလုံးမတုန်ဘူး။ ဒါပေမဲ့ နှလုံးညှစ်အားကျုံ့တယ်။ အဲဒီတုန်းက သူ့နှလုံးဟာ အခုလိုပဲ ကြွနေတာတော့ အမှန်ပဲ။ ဟုတ်ပြီ၊ ဟိုး"

ဘဲလိုးသည် နှလုံးထိုးအပ်ကြီး တပ်ထားသော ဆေးထိုးပိုက်ကို ဝင်ကိုင်လျက် နန်စီဂရင်းလေး၏ လက်ဝဲဘက်သို့ရောက်ရှိသွားသည်။ ရိတ်က

mgyoe.com

နှိပ်နေရာမှ ဖယ်ပေးလိုက်သည်။ ဒေါက်တာဘဲလိုးသည် လူနာ၏ ရင်ရိုးတွင် ရင်ရိုးဆက်နေရာကို ရှာဖွေသည်။ ထိုနေရာကို အညွှန်းပြု၍ စတုတ္ထနံကြားကို ထောက်လိုက်သည်။

ဘဲလိုး၏ ဆေးထိုးပိုက်တွင် တပ်ထားသောအပ်သည် သုံးလက်မခွဲ ရှည်လျားပြီး သံမဏိရောင် တလက်လက် ပြောင်နေသည်။ ဘဲလိုးသည် အပ်ရှည်ကြီးကို လူနာ၏ နံကြားသို့ ဆုံးသည်အထိ ထိုးစိုက်ပြီး သွင်းလိုက်သည်။ ဆေးထိုးပြွန်ပိုက်တံကို နောက်သို့ ဆွဲနုတ်လိုက်သောအခါ အက်ပီနက်ဖရင် ဆေးရည်အတွင်းသို့ နီညိုသောသွေးများ ဝဲလှည့်ပြီး ဝင်လာသည်။

"ဟုတ်ပြီ"

ဘဲလိုးက ယင်းသို့ ပြောပြီး အက်ပီနက်စရင် ဆေးရည်များကို လူနာ၏ နှလုံးအတွင်းသို့ လျင်မြန်စွာ သွင်းထည့်သည်။

ရှည်လျားသော ကတ်ကြေးတစ်ချောင်း နန်စီဂရင်းလေး၏ ရင်တွင်းသို့ ဖောက်ဝင်သွားပြီး တုန်ခါနေသော နှလုံးကြွက်သားများကို ထိုးစိုက်ပုံ စိတ်ထဲတွင် ပြက်ပြက်ထင်ထင် တွေးမြင်မိသောအခါ ဆူဆန်၏ အသားများရှုတတ ဖြစ်သွားသည်။ မိမိ၏ နှလုံးသားအတွင်းသို့ အေးစက်သော အပ်တစ်ချောင်း စိုက်ဝင်ခြင်း ခံရသကဲ့သို့ပင် ဆူဆန် ခံစားရသည်။

"ဆက်ပြီး နှိပ်"

ဘဲလိုးက ရိတ်ကိုပြောပြီး နောက်ဆုတ်ပေးလိုက်သည်။ ရိတ်က ချက်ချင်းပင် လူနာ၏နှလုံးသားကိုဖိနှိပ်သည်။ လူနာ၏ပေါင့်ရင်း သွေးခုန်နှုန်းကောင်းမွန်ကြောင်းကို ကတ်ထရိက်က ခေါင်းညိတ်ပြလိုက်သည်။

"အခု ဖြစ်နေတာတွေကိုသာ သိရင်တော့ စတတ် ဒေါ်ပွမှာပဲ။ ဒီရောဂါမျိုးမှာ အထူးသတိရှိရမယ်လို့ သူပြောပြီးပြီးချင်း အခုလို ဖြစ်တာကိုး၊ တောက် ... ဒီကိစ္စမျိုးနဲ့ ကျုပ်နဲ့ မကိုက်တာတော့ အမှန်ပဲ။ သူသာ ကြွသွားရင်တော့ ပြဿနာပဲ"

ဘဲလိုး၏ စကားများသည် အမှန်အတိုင်း ပြောလိုက်ခြင်း ဖြစ်ကြောင်း သိရှိရသဖြင့် ဆူဆန် စိတ်မကောင်းရှိသည်။ သို့သော် တစ်ချိန်တည်းမှာပင် ဘဲလိုးနှင့် အဖွဲ့သည် နန်စီဂရင်လေးကို လူတစ်ယောက်ကဲ့သို့ သဘောမထားကြကြောင်းကိုလည်း သိမြင်မိသည်။ လူနာသည် သူတို့အဖို့ ရှုပ်ထွေး

mgyoe.com

mgy


သော ပြဿနာတစ်ရပ်၏ အစိတ်အပိုင်းတစ်ခုသာဖြစ်သည်။ ဘောလုံးနှင့် ဘောလုံးကစားနေကြသူများ၏ ဆက်သွယ်မှုမျိုးသာ ဖြစ်သည်။ ဘောလုံးသည် အသင်းတစ်သင်း၏ အကျိုးသက်ရောက်မှုအတွက်သာ အရေးပါ အရာရောက်ခြင်းဖြစ်သည်။ နန့်စီဂရင်းလေးသည် အတတ်ပညာပိုင်းဆိုင်ရာ စိန်ခေါ်မှုတစ်ခုသာ ဖြစ်သည်။ သူတို့ကစားရမည့် ကစားနည်းတစ်ခုသာ ဖြစ်သည်။ နောက်ဆုံး အကျိုးသက်ရောက်မှုက အပြန်အလှန် ကစားရမှု လောက် အရေးမကြီးချေ။

ဆူဆန်သည် လူနာများကို ဆေးကုသပေးနေသော ဆေးရုံလောကကို ဘဝင်မကျ ရှိလာသည်။ စက်ပစ္စည်းများနှင့် အတတ်ပညာတို့ ကြီးစိုးသော လောကတွင် သူမ၏ ဖြစ်ထွန်းစ ပြုလာသော အမျိုးသမီးစိတ်ကလည်း ပြဿနာဖြစ်လာသည်။ သို့ဖြင့် ဆူဆန်သည် စာသင်ခန်းများတွင် သင်ကြား ခဲ့ရသည့်ကာလကို ပြန်လည်တမ်းတနေမိသည်။ လက်တွေ့ဘဝက ပြင်းထန် လှသည်။ မာကျောလှသည်။ ခြားနားလှသည်။

သို့တစေလည်း အခြေခံသိပ္ပံပညာရပ်များကို လေ့လာဆည်းပူးခွင့် ရသဖြင့် တစ်ဖက်တွင်လည်း ဆူဆန် ကျေနပ်နှစ်သက်ရပါသည်။ ဇီဝကမ္မ ဗေဒကို တိရစ္ဆာန်တို့၏နှလုံးများဖြင့် ကျောင်းတွင် သင်ကြားခဲ့ရသော ဆူဆန် သည် နန့်စီဂရင်းလေး၏ တုန်ခါနေသော နှလုံးသားတို့ ပျက်ပြားနေပုံကို သိမြင်နိုင်သည်။

နှလုံးကြွက်သား တုန်ခါမှုကို လျှပ်စစ်ဓာတ်အားဖြင့် တိုက်ရိုက်ကုသ သော ဒီဖီဗရီလေတာစက်၏ တက်ပြားများကို အဝတ်အလွှာ ကင်းမဲ့သော နန့်စီဂရင်းလေး၏ ရင်ပေါ်တွင် ဒေါက်တာဘဲလိုးက တပ်ဆင်နေသည်ကို ဆူဆန် အာရုံပြုပြီး ကြည့်နေမိသည်။ တက်ပြားတစ်ခုကို ရင်ရိုး၏ အထက် တည့်တည့်တွင် တပ်ဆင်ပြီး အခြားတစ်ခုကို လက်ဝဲဘက် နံစောင်းတွင် တပ်ဆင်သည်။ ဖြူရော်သော လက်ဝဲဘက် ရင်သားကို ပိပိကလေး ဖိကပ် နေသည်။

"အားလုံး နောက်ဆုတ်ကြ"

ဘဲလိုးက အမိန့်ပေးလိုက်သည်။ ထို့နောက် ခလုတ်ကို လက်မဖြင့် နှိပ်လိုက်သည်။ နန့်စီဂရင်းလေး၏ ရင်အုံကို အင်အားကြီးမားသော လျှပ်စစ်

mgyoe.com

စတင်လှိုင်းများ ရိုက်ခတ်တော့သည်။ နန်စီ၏ ကိုယ်ခန္ဓာအပေါ်သို့ မြောက်တက်သည်။ သူမ၏ လက်များ တွန့်လိမ်သည်။ ပိတ်ကားပေါ်တွင် လျှပ်စစ်လှိုင်းများပျောက်ကွယ်သွားသည်။ ထို့နောက် ပြန်ပေါ်လာသည်။ ပုံမှန်ပုံစံအတိုင်းဖြစ်သည်။

"သွေးခုန်နှုန်းကောင်းတယ်"

ရိုတ်သည် နှလုံးသားနှိပ်ခြင်းကို ရပ်ထားလိုက်သည်။ နှလုံးခုန်နှုန်း အတန်ကြာအောင် မှန်နေသည်။ ထို့နောက် တစ်ချက်တုံ့ဆိုင်းသည်။ တစ်ဖန်ပြန်ပြီးမှန်သည်။ နောက်တစ်ဖန် တုံ့ဆိုင်းခြင်း သုံးခါ ဖြစ်သည်။

"သူ့နှလုံးက တုန်ချင်တုန်းပဲ၊ တစ်ခုခု မှားနေတာ အမှန်ပဲ"

ရှာဝွတ်က ပြောလိုက်သည်။ ဘဲလိုးက...

"ဘာမှားတယ်တယ်ဆိုတာ သိရင် ကျုပ်တို့ကို ဖုံးမထားပါနဲ့၊ အခု လောလောဆယ်တော့ လစ်ဒိုကိန်း ပေးစမ်းပါ ၅၀ စီစီ"

ဆရာမတစ်ယောက် ဘဲလိုးကို လစ်ဒိုကိန်း ပေးသည်။ ဘဲလိုးက သွေးကြောသွင်းပိုက်လိုင်း အတွင်းသို့ လစ်ဒိုကိန်း ထိုးသွင်းလိုက်သည်။ ဆူဆန်က နှလုံးမှတ်စက် ပိတ်ကားပြင်ကို ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ရန် နေရာရွှေ့ပြီး ကြည့်သည်။

လစ်ဒိုကိန်း ထိုးလိုက်သည့်တိုင် နှလုံးခုန်နှုန်း ဖောက်လာပြန်သည်။ ဘဲလိုး ကျိန်ဆဲလိုက်သည်။ ရိုတ်က ပြန်နှိပ်သည်။ ဆရာမတစ်ယောက်က ဒီဖီဗရီလေတာကို ထပ်ဖွင့်သည်။

"ဘယ်လိုဟာတွေများ ဖြစ်နေတာလဲ"

ဘဲလိုးက စူးစမ်းလိုက်သည်။ ဘိုင်ကာဗွန်နိတ် နောက်တစ်လုံး ထပ်ပေးရန် လက်ရိပ်ပြလိုက်သည်။ သူ့အမေးကို တစ်စုံတစ်ယောက်က ဖြေရန် သူမမျှော်လင့်ပါ။ သူက အမေးသက်သက်ကိုသာ မေးလိုက်ခြင်း ဖြစ်သည်။

အက်ပီနက်ဖရင် ထပ်ထိုးသည်။ ဒုတိယအကြိမ် ဆက်နှိပ်သည်။ နှလုံးခုန်နှုန်း မှန်သလိုလိုရှိလာသည်။ သို့သော် ပုံမမှန်ခြင်းများ ပြန်လည်ဖြစ်ပေါ်လာသည်။ လစ်ဒိုကိန်း ထပ်ထိုး၍လည်း အကျိုးမထူးချေ။

"ခွဲစိတ်ခန်းမှာ ဖြစ်ခဲ့တဲ့ ပြဿနာအတိုင်းပဲ"

ဘဲလိုးက ပုံမမှန်သော နှလုံးခုန်ချက်များ တိုးပွားလာသည်ကို ကြည့်ရင်း

mgyoe.com

m.gyoe.com


ပြောသည်။ နောက်ဆုံးတွင် နှလုံးသည် မခုန်နိုင်တော့ဘဲ တုန်ခါခြင်း ဖြစ်လာတော့သည်။

"ရိတ်ရေ လုပ်ပေဦးတော့။ ကဲ ယောကျ်ားဘသား"

နေ့လယ် တစ်နာရီဆယ့်ငါးမိနစ် အချိန်တွင် နန်စီဂရင်းလေးသည် နှစ်ဆယ့်တစ်ကြိမ်တိတိ ဓာတ်နှိပ်ပြီးချေပြီ။ ဓာတ်တစ်ခါ နှိပ်ပြီးလျှင် နှလုံးခုန်နှုန်း တစ်ကြိမ်မှန်လာသည်။ ထို့နောက် တစ်ခါပြန်ပြီး ဖောက်သွားသည်။

နေ့လယ် တစ်နာရီ ဆယ့်ခြောက်မိနစ်တွင် အထူးဆောင် တယ်လီဖုန်းမြည်သည်။ အဆောင်စာရေးက နားထောင်သည်။ တစ်ဖက်မှပေးသောသတင်းကို မှတ်သားသည်။ ဓာတ်ခွဲခန်းမှ ဆက်ခြင်း ဖြစ်သည်။ ပိုတက်ဆီယမ်အဆင့်မှလွဲ၍ အားလုံးကောင်းမွန်သည်။ ပိုတက်ဆီယမ် အလွန်အမင်း နည်းနေသည်။ တစ်လစ်တာတွင် ၂ ဒသမ ၈ မီလီအီကွီဗလင့်သာ ရှိသည်။

အဆောင်စာရေးက ယင်းသတင်းကို ဆရာမတစ်ယောက်သို့ပေးသည်။ ဆရာမက ဘဲလိုးကိုပြသည်။

"ဘုရား ... ဘုရား ...၂ ဒသမ ၈ ၊ ဒါ ဘယ်လို ဖြစ်တာလဲ။ အဖြေတော့ ကျုပ်တို့ သိရမယ်၊ ကောင်းပြီ၊ သူ့ကို ပိုတက်ဆီယမ် သွင်းပေးကြရအောင်၊ သွေးကြောသွင်းပုလင်းထဲကို ၈၀ မီလီအီကွီဗလင့် ထည့်ပါ။ တစ်နာရီကို ၂၀၀ စီစီနှုန်း သွင်းပေးပါ"

နန်စီဂရင်းလေး ၂၂ ကြိမ်မြောက် နှလုံးတုန်ခြင်း ဖြစ်လာသည်။ ရိတ်က ချက်ချင်းပင် နှိပ်သည်။ ဘဲလိုးက လျှပ်စစ်တက်ပြားများတပ်ရန် ပြင်ဆင်သည်။ သွေးကြောသွင်း ပုလင်းထဲသို့ ပိုတက်ဆီယမ်ထည့်သည်။

မိမိရှေ့တွင် မြင်တွေ့နေရသည်များကို ဆူဆန် အထူးပင် စိတ်ဝင်စားလျက်ရှိသည်။ သူသည် အဘယ်မျှလောက် အာရုံစူးစိုက်နေမိသည်မသိ၊ ဗဟိုစားပွဲအနီးရှိ အသံချဲ့စက်မှ သူမ၏အမည်ထွက်ပေါ်လာသည်ကို ရုတ်တရက် မကြားမိပါ။ နန်စီဂရင်းလေး နှလုံးရပ်ခြင်း ကာလတစ်လျှောက်လုံးတွင် အသံချဲ့စက်မှနေ၍ ဆရာဝန်များ၏အမည်များကို မကြာခဏဆိုသလို လိုင်းခွဲ ဖုန်းနံပါတ်များနှင့်အတူ အကြောင်းကြား ခေါ်ယူလျက်ရှိသည်။ သို့သော် အသံချဲ့စက်မှအသံသည် အခြားအသံများနှင့် ရောထွေး

m.gyoe.com

mgyoe.com


လျက်ရှိသဖြင့် ဆူဆန်ကောင်းစွာ သတိမပြုမိပါ။ နောက်ဆုံးတွင်မှ သူမ၏ အမည်ကို လိုင်းခွဲနံပါတ် ၃၈၁ နှင့်အတူ ထွက်ပေါ်လာသည်ကိုကြားရသည်။

ဆူဆန်သည် နံရံအနီးတွင် ရပ်နေရာမှ အနည်းငယ် တုံ့ဆိုင်းစွာဖြင့် လျှောက်သွားပြီး ဗဟိုစားပွဲရှိ တယ်လီဖုန်းကို ကောက်ယူ အသုံးပြုလိုက်သည်။ လိုင်းခွဲ ၃၈ သည် နာလန်ထဆောင်ဖုန်း ဖြစ်သည်။ မိမိကို နာလန်ထဆောင်က ခေါ်သည် ဆိုသဖြင့် ဆူဆန် အလွန့်အလွန့်ပင် အံ့သြနေမိသည်။ ဆူဆန်က သူမကိုယ် သူမ "ဆူဆန်ဝှီးလားပါ"ဟု ပြောလိုက်သည်။ ဒေါက်တာဝှီးလားဟု မပြောပါ။ အဆောင်စာရေးက တယ်လီဖုန်းကို ခေတ္တကိုင်ထားရန် ပြောသည်။ ထို့နောက် ချက်ချင်း ဆိုသလိုပင် အကျိုးအကြောင်းကို ပြောသည်။

"ဒီအဆောင်မှာရှိတဲ့ လူနာတစ်ယောက်ကို လွှတ်သွေးခာတ်ငွေ့ထုတ်ယူရမယ်"

"သွေးခာတ်ငွေ့ဟုတ်လား"

"ဟုတ်တယ်၊ အောက်ဆီဂျင်၊ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ ပြီးတော့ အက်စစ်၊ ချက်ချင်း လုပ်ရမယ်"

"ကျွန်မ နာမည် ဘယ်က ရသလဲ"

ဆူဆန်က တယ်လီဖုန်းကြိုးကို လိမ်ရင်း မေးလိုက်သည်။ သူ့ကို မှာပြီး ခေါ်တာ ဖြစ်ပါစေဟု ဆုတောင်းနေမိသည်။

"ဒေါက်တာရဲ့နာမည်က စာရင်းမှာ ရှိနေတယ်။ အခု ချက်ချင်း လုပ်ရမယ်"

အသံတိတ်သွားသည်။ ဆူဆန် တစ်စုံတစ်ရာ ပြန်မပြောရမီတွင် စာရေးက ဖုန်းချသွားသည်။ ဆူဆန် စကားပြောခွက်ကို ချထားပြီးနောက် နန်စီဂရင်းလေး၏ ခုတင်ဆီသို့ ပြန်လျှောက်သွားသည်။ ဘဲလိုးသည် ဓာတ်နိုပ်သည့်တက်ပြားများကို တစ်ကြိမ် တပ်ဆင်လျက် ရှိပြန်သည်။ လူနာ၏ ကိုယ်တွင်းသို့ လျှပ်စစ်ဓာတ်များ စီးဝင်သည်။ လူနာ၏လက်များ တွန့်လိမ်သည်။ ကြည့်လို့လည်း ကောင်းသည်။ သနားစရာလည်း ကောင်းသည်။ နှလုံးမှတ်စက်တွင် ပုံမှန် ပြလာသည်။

"သွေးခုန်နှုန်းကောင်းတယ်"

mgyoe.com

mgyee.com


ကတ်တရိုက်က လူနာ၏ ပေါင်ရင်းဆီမှ ပြောသည်။

"သူ့ကိုယ်ထဲကို ပိုတက်ဆီယမ် ရောက်သွားတော့ နှလုံးခုန်နှုန်းကောင်းလာတယ်"

ဘဲလိုးက ပြောသည်။ သူ့မျက်လုံးများကား နှလုံးမှတ်စက်မှ မခွာချေ။

"ဒေါက်တာ ဘဲလိုး နာလန်ထဆောင်က လူနာတစ်ယောက်ကို လွှတ်သွေးစာတ်ငွေ့ထုတ်ဖို့ ကျွန်မကို ခေါ်နေတယ်"

ဆူဆန်က ပြောလိုက်သည်။

"သွားပေါ့"

ဘဲလိုးက ပြန်ပြောသည်။

"မဟုတ်ဘူး ဆရာ၊ ကျွန်မ တစ်ခါမှ လွှတ်သွေးစာတ်ငွေ့မထုတ်ဖူးဘူး။ ထုတ်တာလည်း တစ်ခါမှ မမြင်ဖူးဘူး"

ဘဲလိုးက နှလုံးမှတ်စက်ကို ကြည့်နေရာမှ ဆူဆန်ဘက်သို့ လှည့်လိုက်ပြီး–

"ဒီပြဿနာကလည်း တစ်မျိုးပါလား။ မင်းလုပ်ရမယ့်အလုပ်က သွေးပြန်ကြော ဖောက်တဲ့အတိုင်းပဲ သွေးလွှတ်ကြောတစ်ခုထဲကနေ သွေးထုတ်ယူဖို့ပဲ။ နေပါဦး ဆေးကျောင်းမှာ နှစ်နှစ်လုံးလုံး ဘာတွေ သင်ခဲ့သလဲ"

ဆူဆန်၏ မျက်နှာ နီရဲသွားသည်။

"မဖြေပါနဲ့"

ဘဲလိုးက လျင်မြန်စွာ ပြောလိုက်သည်။

"ကတ်တရိုက် ဆူဆန်နဲ့လိုက်သွားပြီး..."

"ကျွန်တော့်ကို ဒေါက်တာဂျက်ဆော့နဲ့အတူ သိုင်းရွိုက်ထုတ်ဖို့ ဒေါက်တာ တာဝန်ပေးထားတယ်လေ၊ နောက် ငါးမိနစ်ဆိုရင် သွားရမယ်"

ကတ်တရိုက်က သူ့လက်မှ နာရီကိုကြည့်ရင်း ဖြတ်ပြောသည်။

"ဝိုး"

ဘဲလိုး ညည်းလိုက်သည်။

"ကောင်းပြီ ဒေါက်တာဝိုးလား၊ ခင်ဗျားနဲ့ ကျုပ်လိုက်ခဲ့မယ်။ နှလုံးပြန်သွေး ဘယ်လိုထုတ်ရတယ်ဆိုတာ ပြမယ်။ ဒီက အခြေအနေကလေး နည်းနည်းကောင်းသွားအောင် ခဏစောင့်ဦး၊ အခြေအနေက အတော့်

mgyee.com